www.burmeseclassic.com

ငါ့အလင်းတံခါးမှာ

# ဖယောင်းတိုင်

ထွန်းထားတယ်

# သိုးဆောင်း

BURMESE CLASSIC

လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com



ပုံနှိပ်မှတ်တမ်း

၂၀၁၇ ခုနှစ်၊ (ဩဂုတ်လ)၊ အုပ်ရေ(၅၀၀)၊ ပထမအကြိမ်။

ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက် (မြို -၀၀၀၇၇)၊ အမှတ်(၁၄၅)၊ နှင်းဆီမြူလမ်း၊ သုဝဏ္ဏ။

အောင်မြင်စာပေ (မြို -၀၀၂၇၆)၊ အမှတ်(၇) သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

ငါ့အလင်းတံခါးမှာ

# ဖယောင်းတိုင်


ထွန်းထားတယ်

# သီးဆောင်း



www.burmeseclassic.com

www.burmeseclassic.com



# ငါ့အလင်းတံခါးမှာ
# ဖယောင်းတိုင်
# ထွန်းထားတယ်

www.burmeseclassic.com

www.burmeseclassic.com





လောကမှာ တချို့အရာတွေက ဘယ်လိုကြောင့်ဖြစ်ဖြစ် ခွဲထားလို့မရဘူး။

အောက်ချင်းငှက်စုံတွဲကို ခွဲထားလို့မရဘူး။

သက်တံ့နဲ့ မိုးတိမ်ကို ခွဲထားလို့မရဘူး။

ရော့ခ်ဂီတနဲ့ ဂစ်တာကို ခွဲထားလို့မရဘူး။

ကိန္နရီ,ကိန္နရာကို ခွဲထားလို့မရဘူး။

အဲ့ဒီလိုပဲ အာဒံရဲ့ လက်သူကြွယ်က လက်စွပ်နဲ့ ဧဝရဲ့ လက်သူကြွယ်က လက်စွပ်လေးကိုလည်း ခွဲထားလို့မရပါဘူး။

ခွဲလို့မရတာတွေကို ခွဲခြားလိုက်တဲ့အခါ. . .

ပျက်စီးတတ်တယ်၊ သေဆုံးတတ်တယ်. . .။

ဒါ နတ်ဘုံနတ်နန်းက ချမှတ်ထားတဲ့ စည်းကမ်းတွေပါပဲ။

ဒါပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဝေးပြေး ကားဝင်းကြီးတစ်ခုအတွင်းမှာ လူတွေ ရှုပ်ထွေး သွားလာနေကြသည်။ နယ်ကားဂိတ်ဝင်းတစ်ခု ဖြစ်ပါသည်။

ထိုအထဲမှ ကားဂိတ်လေးတစ်ခုတွင် ကောင်မလေးတစ်ယောက် နားကြပ်ဖြူလေးကို နားတွင်တပ်ပြီး တေးသွား၏အာရုံတွင် နစ်မျောလျက် ရှိနေပါသည်။ ပေါ့ပါးဖြူစင်သော ပုံစံရှိသည့် ကောင်မလေးတစ်ဦးဖြစ်သည်။

ခဏကြာတော့ ထိုကောင်မလေးနားသို့ ကားဂိတ်မှ ဝန်ထမ်းကောင်လေးတစ်ယောက် ရောက်လာပြီး. . .

"လူစုံပြီးအစ်မ. . ကားပေါ်တက်ချင် တက်လို့ရပြီ၊ အထုပ်ကို ကားအောက်ထဲ ထည့်ပေးရမလားခင်ဗျ"

သူမလည်း ခဏဟု လက်ကာပြကာ ဖုန်းကိုထုတ်၍ တစ်စုံတစ်ဦးထံသို့ ဆက်လိုက်၏။ ဖုန်းခေါ်ရင်း. . လက်သူကြွယ်မှာ စွပ်ထားသည့် လက်စွပ်ကိုကြည့်ပြီး ပြုံးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပဲ ခေါ်နေသောဖုန်းက တစ်ဖက်သို့ အခက်အခဲမရှိ ဝင်သွား၏။ 'ဟယ်လို'ဆိုသော အိပ်မှုန်စုတ်ဖွားဖြင့် ထူးသံတစ်ခုကိုပါ ကြားလိုက်ရသည်။

"Hello. . ဖိုး. . . လား"

"အင်း. . ရှယ်. . ပြော"

"ဖိုးရေ. . လက်စွပ်လေး လာပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



# I

ဇိုး ကားကိုရပ်ပြီး နံဘေးက ရည်ရွယ်ကို ကြည့်လိုက်သည်။ ရည်ရွယ်ကလည်း ပြုံးပြီး ပြန်ကြည့်သည်။ ရည်ရွယ် ပါလာသော ခရီးဆောင်အိတ်ကို လှမ်းဆွဲရင်း. . .

"ကဲ. . လက်စွပ်လေး ဆင်းတော့. . ရောက်ပြီ"

"အား. . မိုက်တယ်ကွာ၊ ဇိုးအိမ်ကို တကယ်လိုက်လည်ရပြီ"

ကားပေါ်ကဆင်းတော့ ဇိုး ရည်ရွယ့်လက်ကိုတွဲကာလျှောက်သည်။ ကြည်နူးပျော်ရွှင်နေကြသည်မို့ နှစ်ဦးစလုံး၏ မျက်နှာပေါ်မှာ အပျော်တွေ အရောင်တောက်နေသည်။

"ရွယ် ဖုန်းဆက်တော့ ဇိုး ဘာလုပ်နေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိပ်နေတယ်လေ"

"ထင်သားပဲ . .၊ အဲဒါကြောင့်မလို့ ကားပေါ်မတက်ခင် တည်းက လှမ်းဆက်ထားတာ၊ တော်ကြာ အိပ်ပုတ်ကြီးပြီး မထနိုင်ရင် တစ်ယောက်တည်း ကားဂိတ်မှာ ယောင်တောင်တောင်ဖြစ်နေမှာ စိုးလို့"

"အန်တီတို့ ဘာပြောသေးလဲ"

"မေမေလား . .၊ ဟီး . . ယောက္ခမလောင်းတွေနဲ့ တည့် အောင်နေဖို့ မှာလိုက်တယ်လေ"

"ဟင် . ."

ဇိုး ကြောင်သွားတော့ ရည်ရွယ်ပြုံးပြီး ခေါင်းယမ်းပြသည်။ ပြီးမှ အသံတိုးတိုးဖြင့် . . .

"မေမေတို့က ဇိုးတစ်ယောက်တည်းနေတာ မသိသေးဘူး"

"ဩော် . ."

ဇိုး သဘောပေါက်သွားသည်။ တစ်ယောက်တည်းနေမှန်း သိရင် ရည်ရွယ်အမေတို့ကလည်း ဇိုးရှိရာသို့ လွှတ်ချင်မှလွှတ်မည်။

ထို့အတွက် ချစ်သူဇိုးတစ်ယောက် မိသားစုနဲ့နေကြောင်း ပြောကာ ရန်ကုန်သို့ ရည်ရွယ် ထွက်လာခဲ့ခြင်းဖြစ်၏။ အကြောင်း ရှိပါသည်။ သူမတို့နှစ်ဦးအတွက် နှစ်ပတ်လည်နေ့သည် မကြာခင် ရောက်ရှိလာတော့မည် မဟုတ်ပါလား။

အထူးသဖြင့် အခုကျရောက်မည့် ဒုတိယနှစ်ပတ်လည်နေ့ က ပိုအရေးကြီးသည်။

ခါတ်လှေကား ပွင့်လာတော့ သူတို့အထဲဝင်ကြသည်။ ဓါတ် လှေခါးမှထွက်ပြီး အခန်းထဲရောက်ရောက်ချင်းမှာပဲ ရည်ရွယ်အံ့ဩ



www.burmeseclassic.com

www.burmeseclassic.com



ရတော့၏။ နံရံ၊ မျက်နှာကြက်၊ ပရိဘောဂနှင့် ချိတ်ထားသောအဝတ်အစားများက ယောကျ်ားလေးတစ်ဦး၏အခန်းနှင့် မလိုက်ဖက်စွာ သပ်ရပ်တောက်ပနေသည်။

"ဒါ. . ဖိုးအခန်း"

"ဟုတ်တယ်လေ ဘာဖြစ်လို့လဲ"

ပြတင်းတံခါးများကို လိုက်ဖွင့်ရင်း ဖိုးကပြန်ပြောသည်။ အခန်းထဲ နေရောင်တွေဝင်လာပြီး နေရောင်ကြားမှာ ရပ်နေသော ချည်ရွှယ်ကိုမြင်တော့. . သူ့ရင်မှာ အချစ်ကြောင့် အခုန်မြန်လာရသည်။

"ဖိုးတစ်ယောက်တည်းနေတာရော ဟုတ်ရဲ့လား၊ အခန်းက တစ်ယောက်ယောက် ရှင်းပေးထားသလို သန့်နေလို့"

"အဟင်း. . သန့်မှာပေါ့၊ ရွှယ်မလာခင် ၃-ရက်လောက်ကတည်းက ကြိုရှင်းထားတဲ့ဉစ္စာ"

"ဘာလို့ ရှင်းထားတာလဲ"

ရွှယ့်ကို ဖိုး သိုင်းဖက်လိုက်ရင်း. . .

"ရွှယ်ကို မလုပ်စေချင်လို့ပေါ့ကွာ"

ရွှယ်လည်း နောက်လှည့်ပြီး ပြန်ဖက်လိုက်သည်။ နှစ်ဦးစလုံး၏ရင်ထဲ၌ ကြည်နူးလှိုက်ဖိုမှုများ တစ်လှည့်စီ ဖြစ်ထွန်းနေ၏။

ဖိုး နံရံမှနာရီကို လှမ်းကြည့်ကာ. . .

"ကဲ. . ရွှယ် ခဏနားလိုက်ဦး၊ ညနေစာအတွက် စီစဉ်လိုက်ဦးမယ်. . ရွှယ် ဘာစားချင်လဲ"

ရွှယ် တစ်ချက်စဉ်းစားလိုက်ပြီး. . .

"ပီဇာ. . ."



www.burmeseclassic.com

www.burmeseclassic.com



ဇိုး ဖုံးဆက်ကာ ပီဇာလှမ်းမှာသည်။ ရွှယ် ဆိုဖာပေါ် ထိုင်ပြီး သီချင်းစာရွက်များကို ဖတ်ကြည့်နေသည်။

"ဒါ . . ဇိုး ရေးထားတာတွေလား"

"အင်း . ."

"နှစ်ပတ်လည် ညကျရင်ကော ဘာသီချင်း ဆိုပြမှာလဲ"

"ဘာသီချင်းမှ မဆိုပြဘူး"

"ဟင် . ."

ရည်ရွှယ် ဆူပုပ်ဆူပုပ် ဖြစ်သွားတော့ ဇိုး သူ့ကိုကြည့်ပြီး ရယ်သည်။ ပြီးမှ ခေါင်းကို လက်သီးဆုပ်နှင့်ထုပြီး . .

"တကယ်ပြောတာ၊ သီချင်းမဆိုပြဘူး . . ကဗျာရွတ်ပြမှာ"

"ဟင် . . တကယ်လား၊ အဆိုတော်က ကဗျာရွတ်ပြမယ် ဟုတ်လား"

"ဟုတ်တယ် . . သံစဉ်လေးနဲ့တွဲပြီး ကဗျာရွတ်ပြမယ်၊ နှစ်ပတ်လည် ညသန်းခေါင်ရဲ့ ကိတ်မုန့်လေးဘေးမှာ ရွတ်ပြမယ်"

"ဟေး . ."

ရွှယ် ဝမ်းသာအားရ လက်ခုပ်လက်ဝါးတီးသည်။ သူ့ရင်ထဲက ရွှယ်ကိုကြည့်ရင်း ကြေကွဲမှု၊ ပျော်ရွှင်မှု ရောထွေးနေတာကိုကော ဘယ်သူသိမှာလဲ။

"ခရီးပန်းလာတယ်မို့လား၊ လန်းသွားအောင် ရေချိုးလိုက်ပါလား"

"အင်း . . ရွှယ်လည်း အဲဒါပြောမလို့ ဘယ်မှာရေချိုးရမှာလဲ"

"ကိုယ့်အခန်းထဲမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ. ."

"မကြောက်ပါနဲ့ ဘာမှမလုပ်ပါဘူး၊ အခန်းထဲမှာ ရေချိုးခန်း အိမ်သာ တွဲလျက်ရှိတယ်လို့ ပြောတာပါ"

ရွှယ် မျက်စောင်းလှမ်းထိုးရင်း. . .

"ကြပ်ကြပ်သတိထားနော်၊ ဥပဒေတွေက ရှုပ်ထွေးနေတာ၊ ထောင်လှလှကျသွားမယ်"

"မလုပ်ပါနဲ့ဗျာ အိမ်ထောင်တောင် မကျသေးတာကို. . . အိမ်ထောင်ချပြီးမှ တခြားထောင် ချချင်ချပါ"

ရည်ရွှယ်က လက်သီးနှင့်ထုတော့ ဖိုးထွက်ပြေးရသည်။

အခန်းလေးထဲ သူတို့အားလုံးမေ့ကာ ပျော်ရွှင်နေကြသည်။ ထိုအချိန်လေးကို သူတို့ ဘာနဲ့မှမလဲနိုင်ပါ။ ထိုအချိန်အတွင်း သူတို့ ဘဝ၊ သူတို့ကမ္ဘာမှာ သူတို့ပဲ ရှိနေချင်သည်။ သို့သော် ရည်ရွှယ်ကို ရေချိုးခန်း လိုက်ပြစဉ်မှာပဲ တံခါးဘဲလ်မြည်လာ၍ ဖိုး တံခါးဖွင့်ရန် အပြင်ပြန်ထွက်လိုက်ရသည်။ အခြေအနေအကဲခတ်ပြီးမှ တံခါးကို ဖြည်းဖြည်းချင်းဖွင့်သည်။

"ပီဇာလာပို့တာပါ"

သူတို့တိုက်ခန်းအိမ်ရာ၏ လုံခြုံရေးဝန်ထမ်း။

"မြန်သားပဲ"

"ဒီနေ့ ၂-ပွဲတောင်ပါလား၊ ညီ့သည်ရောက်နေလို့လား. . . အစ်ကို"

"အေး. . ငါ့ကောင်မလေး ရောက်နေလို့"

"ဟုတ်လား. . ဟီး. . ဟီး၊ အဲဒါဆိုလည်း continue ပါဗျာ continue ပါ. . . အောင်မြင်ပါစေ"



www.burmeseclassic.com

www.burmeseclassic.com


"ဟာ. . . ဒီကောင်တော့"

ဇိုး ပြုံးပြုံးနှင့် တံခါးပြန်ပိတ်လိုက်သည်။ ပီဇာကို ထမင်းစားပွဲပေါ်တင်စဉ်မှာပဲ ဖုန်းသံမြည်လာသည်။ screen မှာ ပေါ်လာသည့် နံမည်တစ်ခုကိုမြင်တော့ သူ စိတ်ခါတ်အကျကြီး ကျသွားတော့၏။ ဖုန်းကိုချပစ်တော့. . မကြာခင်မှာပဲ နောက်တစ်ကြိမ် ထပ်မြည်လာသည်။ မကိုင်လည်း ရမည်မဟုတ်သည်မို့ စိတ်မပါစွာ ဖွင့်နားထောင်လိုက်တော့. . .

"ဇိုး. . နင် ဘယ်တွေပျောက်နေလဲ၊ ဘာတွေလုပ်နေတာလဲ"

ရတီ. . လောလောဆယ်အခြေအနေမှာ သူ လုံးဝဖုန်းမပြောချင်ဆုံးတစ်ယောက်. . .။

စိတ်ရှုပ်ရှုပ်နှင့်ပဲ. . .

"မပျောက်ပါဘူး၊ အိမ်မှာပါပဲ"

"အပိုတွေ မပြောပါနဲ့. . ဖုန်းဆက်တော့လည်း မကိုင်ဘူး၊ အိမ်လာကြည့်တော့လည်း သော့ပိတ်ထားတယ်၊ အခုရော ဘယ်မှာလဲ"

"အိမ်မှာလေ"

"သေချာတယ်နော်၊ ဒါဆို ငါတက်လာခဲ့မယ်၊ အခု အောက်ရောက်နေပြီ"

"ဟာ. . ရတီ. . ရတီ"

ဇိုး ပျာယာခတ်သွားသည်။ ဇွတ်တရွတ်မက ဖုန်းကိုချသွားပြီ။

ပီဇာထုပ်ကို အသည်းအသန် အခန်းထဲ ပြေးဝှက်လိုက်


www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးတော့ ရေချိုးခန်းထဲမှ အတွင်းခံဘောင်းဘီတစ်ထည်ကိုယူကာ သူ့အခန်းတံခါးလော့ချ်ပေါ်မှာ တင်လိုက်သည်။ မှန်တင်ခုံရှေ့တွင် ရေချိုးဖို့ပြင်နေသော ရည်ရွယ်က မျက်မှောက်ကျုံ့လျက်. . .

"ဘာဖြစ်"

"ရှူး. . . ရတီ လာနေပြီ ရွယ်"

ပြောတုန်းဆိုတုန်းပဲ တံခါးမှ ဘဲလ်မြည်လာပြီ။ အခန်းတံခါးကို မြန်မြန်ပြန်ပိတ်၍ ရုပ်ကိုတည်ကာ ရှေ့ကိုထွက်သွားလိုက်သည်။ ပြီး. . တံခါးကို ဟန်ရုံလောက်ဖွင့်ကာ ကြည့်လိုက်ရင်း. . .

"ရတီ. . ဘာလဲဟာ. . နင်ကလည်း အရေးတကြီးနဲ့"

"နင်. . ဘာလုပ်နေလဲ လာကြည့်တာ"

"ဘာမှမလုပ်ဘူး အခန်းပိတ်ပြီး သီချင်းရေးနေတယ်. . မြန်တော့"

ဖိုး တံခါးပိတ်ဟန်ပြင်လိုက်သည်။

"ဖိုး. . အူကြောင်ကြောင် မလုပ်နဲ့. . တံခါးဖွင့်"

"ဘာလုပ်မှာလဲ. . အခန်းထဲမှာ ငါပဲရှိတဲ့ဥစ္စာ၊ ယောက်ျားလေးတစ်ယောက်ထဲ ရှိတဲ့အခန်းထဲ နင်က ဘာဝင်လုပ်ဦးမလို့လဲ၊ မိုးလည်းချုပ်တော့မယ်"

"ဖိုး. . နင်နော်၊ ငါစိတ်တိုအောင် မလုပ်နဲ့၊ ဖွင့်မလား. . မဖွင့်ဘူးလား၊ ငါ နင့်အမေနဲ့ သွားတိုင်လိုက်ရမလား၊ နင် တစ်ခုခု မဟုတ်တာ လုပ်နေတယ်ဆိုပြီး"

တင်းသွားမိတာတော့ သေချာ၏။ ဒါပေမယ့် အခြေအနေအရ တည့်အောင်ပေါင်းရမည့်သဘောတွင် ရှိနေရာ. . .

"ဟဲဟဲ. . နောက်တာ. . နောက်တာ. . ဝင်"



www.burmeseclassic.com

ww.burmeseclassic.com



ဝင်ခွင့်ပေးတော့လည်း ရတီက ဖွတ်ဝင်သည်။ တစ်ခန်းလုံးကို ဟိုဟိုသည်သည် မသင်္ကာသလို လိုက်ကြည့်ရင်း. . .

"ပြီးခဲ့တဲ့ရက်တွေက ဘယ်ပျောက်နေတာလဲ"

"မပျောက်ပါဘူး. . . အိမ်မှာပဲရှိတယ်"

"မရှိပါဘူး၊ ဖုန်းဆက်တာလည်း မကိုင်ဘူး. . အိမ်လာကြည့်တော့လည်း သော့ပိတ်ထားတယ်၊ နင်ဘယ်ပျောက်နေတာလဲ ဖိုး"

"ကျွတ်. . ရှိပါတယ်ဆိုမှဟာ"

"ဖိုး. ."

ရတီကအော်တော့ သူ မချိုမချဉ်ရယ်ဖြစ်သည်။

မဖြစ်ချေတော့။ ဒီမယ်မင်းကြီးမကို လိမ်လို့ရမည်မဟုတ်မှန်း သိလာချေပြီလေ။

"နင်ကတော့ တကယ်ပဲ. . ငါ ဘာလုပ်လုပ်ကို သိနေတော့တာပဲ၊ ဟုတ်တယ်. . . ရန်ကုန်မှာနေရတာ မွန်းလို့ နယ်ထွက်ပြီး သီချင်းရေးနေတာ"

"တစ်ယောက်တည်းလား. . ဘယ်သူပါသေးလဲ"

"မပါဘူး၊ ဖိုးသဲတို့ တေဇာတို့တောင် မခေါ်သွားဘူး၊ မယုံရင် ငါတည်းခဲ့တဲ့ ဟိုတယ်ကိုသာ ဖုန်းဆက်မေးကြည့်တော့"

"ပြီးရော. . ."

မယ်မင်းကြီးမက ဘာမဆိုင်ညာမဆိုင် စိတ်အေးသွားသလို သက်ပြင်းချပြီး. . .

"ကဲ. . နင်သီချင်တာ သိရပြီမလား. . ပြန်တော့၊ ငါ ရေချိုး မလို့"

"ချိုးလေ ငါစောင့်နေမယ်၊ သုံးလေးရက်လောက် အဆက်



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ထားတာဆိုတော့ ရေချိုးပြီးရင် ငါ့ကို မုန့်လိုက်ဝယ်ကျွေးရမယ်”

“မနက်ဖြန် ဝယ်ကျွေးမယ်. . ဒီနေ့ ငါ တော်တော်ပင်ပန်းနေလို့ပါဟာ. . နော်၊ ငါ တောင်းပန်ပါတယ်ရတီရယ်. . နင် ငါ့ကို မသနားဘူးလားဟင်. . ”

ဇိုး အသံချွဲချွဲနှင့် အသနားခံလိုက်သည်။ ဇိုး သရုပ်ဆောင်တာ ကောင်းသွားပုံရသည်။ ရတီက သနားသွားသလို မျက်စောင်းတစ်ချက်ထိုးပြီး. . .

“ပြီးရော အဲလိုဆိုလည်း နားလိုက်. . ၊ မနက် ငါ ဖုန်းဆက်မယ်”

ရတီ ပြန်ရန်ပြင်၍ မတ်တပ်ရပ်ပြီးကာမှ. .

“နေဦး. . ငါ အမွှေးနံ့တစ်ခုရတယ်၊ နင့်အိမ်ကို တစ်ယောက်ယောက် ရောက်နေတာလား”

“ဟာ. . မရောက်ပါဘူးဟာ နင်ကလည်း၊ ငါ စွတ်ထားတဲ့ ရေမွှေးနံ့ပါ”

“မဖြစ်နိုင်ဘူး၊ ဒါ မိန်းကလေးရေမွှေးအနံ့လို့မျိုး”

ရတီ သံသယတွေ တကြော့ပြန်လာပြီး ဟိုဟိုဒီဒီ လိုက်ရှာကြည့်တော့သည်။ ဇိုး စိတ်ညစ်သွားသည်. . ။ ရတီနောက် တောက်လျှောက်လိုက်ရပြီ။

နောက်ဖေးဝင်ကြည့်သည်။ အိမ်သာရေချိုးခန်းတံခါးတွေ ဖွင့်ကြည့်သည်။ နောက်ဆုံး သူ့အိပ်ခန်းတံခါးကိုပင် ဖွင့်ကြည့်ဖို့လုပ်တော့ ဇိုး အမြန်ပြေးတားလိုက်ရ၏။ အထဲမှာ ရည်ရွယ်ရှိသည် မဟုတ်လား. . ။

သို့သော် ရတီဆိုသော မိန်းကလေးကတော့ သူ့တားမြစ်မှု



www.burmeseclassic.com

www.burmeseclassic.com



ကို ဂရုမစိုက်ခဲ့ပါ။ ပိတ်ထားသော တံခါးလက်ကိုင်အား ဖွင့်ကာ ကြည့်ဖို့ပြင်သည်။

"ရတီ. . တံခါးလက်ကိုင်ကဟာက ငါ့အတွင်းခံဘောင်းဘီကြီးနော်"

"ဟင်. ."

ရတီကြောင်သွားသည်။ သူဖွင့်မည့် တံခါးလက်ကိုင်ကို ငုံ့ကြည့်တော့ ဟုတ်နေသည်။

ရတီ ရှက်ရှက်ဖြင့် လက်တွန့်သွားစဉ်. .

"နင်သိပါတယ် ရတီရယ်၊ ငါက ရေချိုးဘယ်လောက် ဖျင်းလည်းဆိုတာ ခရီးထွက်ထားတဲ့ သုံးရက်လုံးလုံး ဝတ်ထားတဲ့ ဘောင်းဘီကလည်း တအားညစ်ပတ်နေပြီ၊ အဲ့ဒီဘောင်းဘီကြီးကို ကိုင်ရမှာ နင် မရွံဘူးလား၊ မရွံရင်တော့ နင် နှာဘူးကျလို့ပဲ ဖြစ်ရမယ်"

"ဖိုး. . နင်. . နင်. ."

ရတီ ဘာမှထပ်မပြောနိုင်တော့၊ ဖိုးကတော့ ပြုံးပြုံးကြီးပင်၊ နောက်ဆုံး ဒေါသထွက်ထွက်နှင့် ရတီ ခြေဆောင့်ပြီး ထွက်သွားသည်။

ဖိုး မြန်မြန်တံခါးလိုက်ဖွင့်ပေးပြီး. . .

"ကောင်းကောင်းပြန်ပါ. . မမရတီ"

ဟုပင် နောက်လိုက်သေးသည်။ ရတီ့မျက်နှာမှာ နီရဲလို့. .။

ဖိုး တံခါးကို ကျကျနနလော့ချပြီး ပိတ်လိုက်၏။

ထိုစဉ်မှာပဲ အလွန်တရာ သာယာနာပျော်ဖွယ်ကောင်းသော အသံလေးတစ်ခု နောက်မှထွက်လာသည်။

"ဖိုး. ."



www.burmeseclassic.com

ww.burmeseclassic.com



လှည့်ကြည့်တော့ အဖြူရောင်ဂါဝန်လေးဖြင့် မထိရက်မကိုင်ရက်အောင် လှနေသည့်. . ရွှယ်။

အလိုလိုဖြစ်တည်လာသော နှလုံးသား၏ တောင်းဆိုမှုအရ လွတ်ထွက်သွားမှာ စိုးသည့်အလား ထွေးပွေ့မိလိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



# II

အိပ်ခန်းကို ရောင်စုံတောက်ပအောင် အလှဆင်ထားသည်။ မျက်နှာကြက်မှ ဖဲကြိုးနှင့် ပူဖောင်းများက လှုပ်လှုပ်ရှားရှားလေး တွဲလောင်းကျနေသည်။ အခန်းနံရံမှာ နှစ်ပတ်လည် စတေကာလေးများ ကပ်ထား၏။ အမွှေးရနံ့လေးများ ဖြန်းပက်ထားတာ ပန်းပွင့်လေးများ ခြွေချထားသည်။ အခန်းထောင့်မှာ မီးအိမ်လှလှလေး တစ်လုံးနှင့် အိပ်ယာထက်မှာတော့ စာအုပ်လေး တစ်အုပ် . .

"ဟေး . ."

"ဟေး . ."

အိပ်ယာပေါ်သို့ ဖိုးနှင့်ရည်ရွယ် အပြေးတက်ကြကာ စာ



www.burmeseclassic.com

www.burmeseclassic.com



အုပ်လေးကို လှူကြသည်။ စာအုပ်မှာ သူ့လက်တွင်းရောက်လိုက် ကိုယ့်လက်တွင်းရောက်လိုက်နှင့် ကြာတော့ ကိုယ်တွေဆက်လုနိုင်သေးပေမယ့် စာအုပ်က အလုမခံနိုင်တော့သည့်ဖြစ်ရာ. . .

"ရွှယ်. . မလုနဲ့တော့၊ ကိုယ်ဖတ်ပြမယ်"

"ပြီးရော. . အဲ့လိုဆိုဖတ်ပြ"

ဒိုင်ယာရီစာအုပ်လေးပါ။ နှစ်ပတ်လည်မှာ သူတို့ ဒိုင်ယာရီလေးကို အတူတူဖတ်သော အလေ့အထလေး ဖန်တီးထားကြပါသည်။ အခု ဒီအလေ့အထလေး အသက်ဝင်ခဲ့တာ ဒုတိယအကြိမ်ပေါ့။ ရွှယ်က ဇိုးကို ရွှန်းရွှန်းစားစားကြည့်ရင်း. . .

"အသံကျယ်ကျယ်လေး ဖတ်ပြနော်"

"အင်းပါ. .၊ အဆိုတော်ပါ အသံကောင်းပြီးသားပါ၊ ကဲ. . စဖတ်ပြီနော်"

ဇိုး ဒိုင်ယာယီလေးကိုလှန်၍ စဖတ်လိုက်ပါသည်။

"ကျွန်တော် သူ့ကို စတွေ့ခဲ့တဲ့နေ့ကို ဘယ်မေ့မလဲ၊ ကျွန်တော့်ဘဝရဲ့ အမှတ်တရနှစ်ခု ဆုံတဲ့နေ့ပေါ့၊ တစ်ခုက ကျွန်တော့်ရဲ့ ပထမဆုံးတေးစီးရီး Album ထွက်တဲ့နေ့. . .၊

နောက်တစ်ခုက. . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .



www.burmeseclassic.com

ww.burmeseclassic.com



III

အဆိုတော်ဗိုး၏ သီချင်းများသည် online ပေါ်မှာတတည်းက လူသိများ ထင်ရှားပြီးသားဖြစ်သည်။ အခုလို Album အဖြစ် တရားဝင်ထွက်လာတော့လည်း ထင်ထားသည်ထက် အောင်မြင်မှု ပိုရနေလေသည်။ ဗိုးတို့ ထိုသီချင်းခွေသစ် မိတ်ဆက်ပွဲအတွက် ပဲခူးရှိ အခွေဆိုင်ကြီးတစ်ဆိုင်တွင် လက်မှတ်ထိုးပေးကြရာ. . ဝယ်ယူသူများဖြင့် တိုးမပေါက်အောင် စည်ကားနေတော့၏။ လူအုပ်အလယ်တွင် ဗိုး ချွေးပျံအောင် လက်မှတ်ထိုးပေးနေရသည်။

ဗိုး ရေဘူးဖွင့်သောက်လို့မှ ရေမမျိုရသေး လက်မှတ်ထိုးရန် သူ့ပိုစတာတစ်ချပ်ကို ရှေ့ထိုးပေးလာသည်။ မော့ကြည့်တော့ ဖြူဖြူ

www.burmeseclassic.com



ဖွေးဖွေး ကောင်မလေးတစ်ယောက်. . .

ချွေးတစ်ချက် သုတ်လိုက်ပြီးမှ. . .

"နာမည်လေး တစ်ချက်လောက်ဗျ"

"ရည်ရွယ်"

ဇိုး ခေါင်းကိုငုံ့ပြီး အခွေကာဘာ၌ လက်မှတ်ထိုးဖို့ ပြင်တော့. . ကောင်မလေးထံမှ နောက်ထပ်စကားသံ ထွက်လာသည်။

"ရကောက်ရေး ညသတ်ရည်နော် ရကောက်ရေး လုံးကြီးတင်ရီ မဟုတ်ဘူး၊ မှားရေးမိနေမှာစိုးလို့"

"ဟုတ်ကဲ့ဗျ"

ပြီးတော့ ထိုကောင်မလေးက သူ့ကို ဖျတ်ခနဲ ဓာတ်ပုံရိုက်လိုက်သည်။

လက်မှတ်ရပြီးတော့ ရည်ရွယ်လူအုပ်ကြားမှတိုးကာ အပြင်ထွက်လာခဲ့သည်။ သို့သော် မပြန်သေး။ လူအားလုံးရှင်းသည်အထိစောင့်နေသေးသည်။ အားလုံးရှင်းသွားမှ ဇိုး ခြေလက်အညောင်းဆန့်ပြီး စားပွဲမှထစဉ် ရည်ရွယ် ဇိုးရှေ့ထပ်ရောက်လာသည်။

"လက်မှတ်လေးတစ်ချက်လောက် ထိုးပေးပါဦး"

"ဟင်. . "

ဇိုး ထိုကောင်မလေးကို မှတ်မိနေပါသည်။

"ခုနကပဲ ထိုးပေးထားတာလေ"

"နှစ်ခုလိုချင်လို့ပါ"

ကောင်မလေးက ဖြူဖြူရှင်းရှင်း ချစ်စရာလေး. . ။

ဇိုး ဖောင်တိန်ကိုထုတ်ကာ လက်မှတ်ကြီးကြီး ထပ်ထိုးပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရပြီလား"

ခေါင်းကိုညိတ်ရင်း အပြုံးတစ်ခုကိုပြုကာ သူ့ရှေ့မှထွက်သွား၏။ သူကတော့ ပင်ပန်းနေပြီဖြစ်၍ ဟိုတယ်ပြန်နားရန်သာ စိတ်စောနေတော့ သည်။

ရည်ရွယ် အိမ်မပြန်ဖြစ်သေး၊ ခတ်လှမ်းလှမ်းတွင် ဆိုင်ကယ်ကိုရပ်ပြီး ဖိုးတို့အုပ်စုကို ခိုးကြောင်ခိုးဝှက် စောင့်ကြည့်နေသည်။

သူမတွင် တာဝန်တစ်ခုရှိနေ၏။

ထိုအရာက ဖိုးသွားရာနောက်ကို ထပ်ကြပ်မကွာ လိုက်ရန် ဖြစ်သည်။



www.burmeseclassic.com

ww.burmeseclassic.com



# IV

တေဇာ မအီမသာမျက်နှာဖြင့် ဖုန်းပြောနေသည်။ ဘယ် အီသာပါ့မလဲ. . သူပြောနေရတာ သူ့ရည်းစားမှ မဟုတ်တာ။ ဒါဆို ဘယ်သူ့ရည်းစားလဲ၊ ဘယ်သူ့ရည်းစားမှလည်း မဟုတ်သေးပါ။ ဒါပေမယ့် ရည်းစားမကအောင် ပိုင်စိုးပိုင်နက် ဝင်ဝင်ရှုပ်ချင်နေသည့် တစ်ယောက်. . ။

"အေးပါ. . ရတီရာ စိတ်ချစမ်းပါ၊ ဒီမှာ အားလုံးအဆင်ပြေ ပါတယ်၊ နင့်ကောင် ဖိုးက ရေချိုးခန်းထဲမှာ အဲဒါကြောင့်မို့လို့"

". . . . . . . . . . . . . ."

"နင့်ဖုန်းကိုမကြားတာ. . မကိုင်တာမဟုတ်ဘူး၊ နင်က

www.burmeseclassic.com



လည်း ကွိုင်ပဲ. . ကလေးပျောက်တာ ကျနေတာပဲ"

". . . . . . . . . . . . . . ."

"မစားရသေးဘူး. . နင့်ကော့င်ပြီးတာနဲ့ ထွက်စားမှာ၊ အင်းအိပ်မှာ. . ဒီမှာပဲ အိပ်မှာ၊ မနက်ဖြန်မနက် မရောက်ဖူးတဲ့နေရာတွေလျှောက်လည်မယ်၊ ပြီးရင် ပြန်လာမယ်"

ဗိုး ရေချိုးခန်းထဲမှ ထွက်လာသည်။ တေဇာ ကျောပေးထားရာမှ အသံကြားပြီး လှည့်ကြည့်တော့ ဗိုးကိုတွေ့သည်။ တေဇာက မျက်နှာမဲ့ပြီး ဖုန်းကို နားမှခဏခွာကာ လက်ညှိုးထိုးပြ၏။

"ဘယ်သူလဲ"

ဟု နှုတ်ခမ်းလှုပ်ရုံ အသံတိတ်ဖြင့် ဗိုးလှမ်းမေးတော့ တေဇာက ဖုန်းကို လက်နှင့်အုပ်ကာ ရတီဟု တီးတိုးဖြေသည်။ ရတီဟူသည့် နာမည်ကြားသည်နှင့် ဗိုးလည်း မျက်နှာမဲ့သွားသည်။

'မင်းကြည့်ရှင်းလိုက်. . ' ဆိုသည့်သဘောနှင့် တေဇာကို လက်ကာပြသည်။ ကျန်သည့် ဖိုးသဲနှင့် အောင်ကျော်လည်း သူတို့နှစ်ကောင်ကိုကြည့်ပြီး ခေါင်းကုတ်၊ နားရွက်ကုတ် စိတ်ရှုပ်ကုန်ကြသည်။ တေဇာက အဆုံးသတ်စကား မြန်မြန်ပြောကာ ဖုန်းမြန်မြန်ချပစ်လိုက်တော့သည်။

". . . . . . . . . . . . . . ."

"ဘာမှမဖြစ်ဘူး၊ ဗိုးထွက်လာတာနဲ့ ပြန်ဆက်ခိုင်းလိုက်မယ်နော်၊ ဒါပဲ. . ဒါပဲ"

ဖုန်းချပြီးသည်နှင့် ဗိုးကို လှည့်ကောတော့သည်။

"မင်းကလည်း ဘာကောင်မှန်းမသိဘူး၊ မကြိုက်ရင်လည်း အရင်တည်းက စေ့စေ့စီးစီး ရှင်းထားတာမဟုတ်ဘူး၊ ငါ့လာပြီး



www.burmeseclassic.com

www.burmeseclassic.com



ပုလိပ်စစ်သလို လာစစ်နေတယ်”

ဖိုး ခပ်ဟဟရယ်ရင်း. . .

“ရှင်းမရလို့ပေါ့ကွာ၊ မားသားကြီးက ငါ ဘာတွေလုပ်နေလဲ သိရအောင် သူ့ကို in-check ထည့်ထားတာ၊ သူ့ကို ရှင်းလိုက်ရင် တစ်ယောက်တည်း ပေးနေထားတဲ့ အခွင့်အရေးလေး ပြန်ရုပ်သိမ်းသွားလိမ့်မယ်၊ မချစ်သော်လည်း အောင့်ကာနမ်းရတဲ့ သဘောပါ တေဇာကြီးရာ”

“ဒါဆိုလည်း ကိုယ့်ဘာသာကိုယ်နမ်းကွာ၊ ငါ့လာမနမ်းခိုင်းနဲ့. . ငါက လူပျိုလေး၊ နမ်းတတ်ဘူး. . ဟိ. . ဟိ”

အောင်ကျော်ကလည်း ‘ဆဲဘီလေ’ဆိုသည့် အသံမျိုးဖြင့် ဝင်ပြောသည်။

“သောက်ပိုတွေ. . မင်းလား မနမ်းမဲ့ကောင် ဟိုတစ်နေ့က အိပ်မက်ယောင်ပြီးတောင် ဂစ်တာကြီး ကောက်နမ်းနေတာ နှုတ်ခမ်းတောင် ဂစ်တာကြိုး ရှသေးတယ်လေ”

“အီး. . .”

အားလုံး တဟားဟား ဝိုင်းရယ်ပစ်ကြတော့ တေဇာရှက်ပြီး နှုတ်ခမ်းကြီး တွန့်လိမ်သွားသည်။ သေချာသည် ထိုနှုတ်ခမ်းကိုတော့ ရှုံလို့ ဘယ်သူမှ နမ်းမည်မဟုတ်။

“ကဲ. . ကဲ. . ကြာတယ်၊ စားဖို့သောက်ဖို့ အောက်ဆင်းရအောင်”



www.burmeseclassic.com

www.burmeseclassic.com



# V

ဗိုးတို့ ဟိုတယ်အောက်ဆင်း၍ ထမင်းစားရန် ခြေလှမ်းပြင်ကြစဉ်ပဲ ဖုန်းသံတစ်ခုက ထပ်ဝင်လာပြန်သည်။ ဒီတစ်ခါတော့ ဟိုတယ်ကြိုးဖုန်းမှ အသံမြည်လာခြင်းပါ။ ဘယ်သူ့ဖုန်းကိုင်မလဲဟု ဗိုးကြည့်လိုက်တော့ အားလုံးက ငါတို့တော့ မကိုင်ဘူးဟူသည့် ဒီဇိုင်းများနှင့် ဟိုဘက်လှည့်သွားကြသည်။ ထို့ကြောင့် ဗိုးလည်း (ဖုန်းက ကိုယ်နှင့် နီးတာကြောင့်ကော) ကိုင်လိုက်ရသည်။

ကိုင်ကိုင်ချင်းပင်

"ဗိုးလား"

"ဗျာ.."

ဗိုး ကြောင်သွားသည်။ သူ ဖုန်းကိုင်ကိုင်ချင်း ထွက်ပေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



သည့် တစ်ဖက်က မိန်းကလေးတစ်ယောက်၏ အသံနုနုလေး။

"ဖိုး. . လားဟင်"

"ဟုတ်. . ဟုတ်ပါတယ်ဗျ၊ ဘယ်သူလဲ မသိဘူး"

"ဘာလို့ လမ်းပြောင်းပြန်မောင်းတာလဲ၊ ပြီးတော့ အကွေ့ကို အချက်ပြမီး မပြဘူးနော်၊ အဲလို မလုပ်ရဘူးဟာကို နိုင်ငံကြီးသားဆိုတာ ဥပဒေကို လိုက်နာရတယ်"

ကောင်မလေးက သူ ဘယ်သူလဲ မဖြေဘဲ ပြောချင်တာကို ဆက်တိုက်ကြီး ပြောချနေသည်။

"ဗျာ. . ဘာတွေပြောနေတာလဲ မသိဘူး"

"နားထောင်. . . ကားမောင်းရင်း ဖုန်းပြောတယ်ဆိုတာ ကိုယ့်ကိုယ်ကို တန်ဖိုးမထားတာနဲ့ အတူတူပဲ၊ အဲဒီအတွက် ကိုယ့်မှာ အကျိုးသုံးပါး ထိခိုက်တယ်၊ တစ်အချက် အချိန်မရွေး အက်ဆီးဒင့်ဖြစ်သွားနိုင်တယ်၊ နှစ်အချက် ဖုန်းပြောနေတဲ့ တစ်ဖက်လူကို မလေးစားရာရောက်တယ်၊ သုံးအချက် ကားမောင်းတဲ့အပေါ်မှာ အာရုံအပြည့် မထားနိုင်တဲ့အတွက် ပတ်ဝန်းကျင်နဲ့ ယဉ်စည်းကမ်း လမ်းစည်းကမ်းကိုလည်း မလေးစားရာရောက်တယ်၊ နောက်တစ်ခါဆို ဆင်ခြင်ပါနော်"

ဖိုး မျက်မှောင်ကျုံ့သွားသည်။ သူ့ကို ဘလိုင်းကြီး ဆုံးမနေသော သူမက ဘယ်သူလဲ၊ သူ ပြန်ပြောမည့်အချိန်မှာ ဟိုဘက်ကပဲ ဆက်ပြောလာသည်။

"အဓိကအချက်ကတော့ ဆေးလိပ်သောက်တာပဲ၊ အချိန်နဲ့ ဆယ့်ငါးမိနစ်လောက်အတွင်းမှာ သုံးလိပ်ကုန်အောင် သောက်တယ်ဆိုတော့ မများလွန်းဘူးလား ဖိုးရယ်၊ ဆေးလိပ်ကြောင့် ဖြစ်လာမယ့်



www.burmeseclassic.com

www.burmeseclassic.com



ရောဂါတွေက မနည်းဘူးနော်၊ ကမ္ဘာမှာ ဆေးလိပ်ကြောင့် နှစ်စဉ် လူသန်းနဲ့ချီပြီး သေနေရတယ်၊ အဲဒါကိုသိလား"

"အင်း . . သိတယ်၊ ဆေးလိပ်မကောင်းတာ သိတယ် . . အခု မသိတာက ခင်ဗျားက ဘယ်သူလဲဆိုတာပဲ၊ ပြီးတော့ ကျွန်တော့ကို ဘာတွေလာပြောနေတာလဲ"

သူပြောတာကို ဟိုက ဂရုမစိုက်ပါ။ သူမပြောချင်တာကိုသာ ဆက်ပြောလာသည်။

"ပြီးတော့ ကားပေါ်က ဘီယာဘူးခွံ ပစ်ချတဲ့ကိစ္စ၊ ဒါ . . လုံးဝမကောင်းတဲ့ လက္ခဏာပဲ"

"ဒီမှာ ညီမ . . မင်းဘယ်သူလဲ ငါမသိဘူး၊ မင်းပြောနေတာတွေကိုလည်း ငါ နားမလည်ဘူး၊ ဒီတော့ . . ငါ ဖုန်းချလိုက်တော့မယ်"

ဇိုး လာစားနေသည့် ကောင်မလေးကို ယဉ်ယဉ်ကျေးကျေး ပဲပြောကာ ဖုန်းချရန်ပြင်စဉ် ဟိုဘက်က စိုးရိမ်စွာ အချိန်မီခေါ်လိုက်သော အသံလေးကို ကြားလိုက်ရသည်။

"ဇိုး . ."

". . . . . . ."

"ကောင်မလေးတစ်ယောက် လက်မှတ်ထိုးတဲ့နေရာကနေ အခု ဇိုးတို့ရှိနေတဲ့ဟိုတယ်ထိ ဇိုးတို့သွားတဲ့နောက် တကောက်ကောက် လိုက်လာတယ်ဆိုရင်ရော ခုနပြောတဲ့စကားတွေကို နားလည်ပေးနိုင်မလား"

"ဗျာ . ."

"ဇိုး . . မသိဘူးမလား၊ မြို့ထဲက ဘုရားရှေ့မှာတော့ ဇိုးတို့



www.burmeseclassic.com

www.burmeseclassic.com


ကား ခဏရပ်သွားလို့ ဝမ်းသာသွားတာ၊ ဘုရားဆင်းဖူးမယ် ထင်လို့လေ၊ ဒါပေမယ့် ဘယ်သူမှလည်း ဆင်းမလာဘူး"

ဇိုး နေ့လည်က သူတို့ ဟိုဟိုဒီဒီသွားခဲ့သည့် နေရာများကို ပြန်မြင်ယောင်လိုက်မိသည်။ သူတို့နောက်တွင် ကောင်မလေးတစ်ယောက် တကောက်ကောက်ပါခဲ့မှန်း သူ မသိခဲ့ရိုးတော့ အမှန်ပါ။

"မင်း ဘယ်သူလဲ"

"လက်မှတ်ကို နှစ်ခါထိုးခိုင်းခဲ့တဲ့ ကောင်မလေးတစ်ယောက် ဆိုရင် မှတ်မိမလား၊ လက်မှတ်တစ်ခုက အခွေကာဗာရဲ့ရင်ဘတ်မှာ နောက်တစ်ခုက ပိုစတာရဲ့လက်မှာ"

"ဩော်. ."

ဇိုး ပြန်တွေးကြည့်ပြီး မှတ်မိသွားသည်။

"ရည်ရွှယ်. . ဆိုလား. . ."

"ခစ်. . ခစ်. . အခုမှ မှတ်မိသွားတာလား၊ ရွှယ်တော့ FBI ထဲဝင်ပြီး စုံထောက်လုပ်လို့ ရပြီထင်တယ်၊ ပြီးတော့ ရွှယ် တစ်နေ့လုံးလည်း ကိုယ့်ကိုယ်ကို ဂုဏ်ယူနေတာ၊ ဇိုးတို့ကားနောက်မှာ ရွှယ် ဆိုင်ကယ်ကလွဲပြီး တခြားဘယ်ကောင်မလေးဆိုင်ကယ်မှ ပါမလာဘူးလေ"

ဇိုး သဘောတကျ အသံထွက်ရယ်မိသွားသည်။

"အဲ. . ရယ်တယ်တော့၊ ဇိုး အခု ဘာလုပ်နေလဲဟင်"

"ဖုန်းပြောနေတယ်လေ"

"ရှင်. ."

"အူကြောင်ကြောင် မိန်းကလေးတစ်ယောက်နဲ့ ဖုန်းပြောနေတယ်လို့"


www.burmeseclassic.com

ww.burmeseclassic.com


"အမ်. ."

တစ်ဖက်က ကောင်မလေး နည်းနည်းပြန်ကြောင်သွားရသည်။ ဇိုးဘက်ကလည်း တစ်ခုတော့ ပြန်ကလိနိုင်သွားသည်။ ဇိုးကို သူ့ကောင်တွေက 'ဘာလဲ. . ဘယ်သူလဲ'ဟု မေးသောအကြည့်များဖြင့် ပြန်ဝိုင်းကြည့်လာကြပြန်သည်။

"မဟုတ်ဘူးလေ၊ ဖုန်းမပြောခင်အချိန်ကကို မေးတာ"

"ဩော်. . အပြင်ထွက်ပြီး တစ်ခုခုစားမလို့ လုပ်နေတာ"

"ဟုတ်လား ဘယ်ဆိုင်လဲ"

"မသိသေးဘူး. . ဒီလိုပဲ လျှောက်ကြည့်ရမှာ"

"အပြင်မှာ တစ်ခါမှ ထမင်းမစားဘူးတော့ ဘယ်ဆိုင်ကောင်းတယ်လို့ ညွှန်မပေးတတ်ဘူးကွ၊ ဒါနဲ့ ဇိုးတို့ ဘယ်တော့ပြန်မှာလဲဟင်. ."

"မနက်ဖြန်ညနေ"

"အယ်. . ဒါဆို မနက်ပိုင်း အားလား၊ ဇိုးတို့အဖွဲ့ကို ပဲခူးက ဘုရားတွေ လိုက်ပို့ပေးချင်လို့"

ဘာပြန်ဖြေရမှန်း မသိစဉ်မှာပဲ ဘေးကကောင်တွေ အော်လာတော့သည်။

"ဟေ့ကောင် မပြီးသေးဘူးလားကွာ၊ ဗိုက်ဆာလို့ သေတော့မယ်"

"ပြီးပြီဟေ့ကောင်. . ငါတို့ အကုန်ပြီးပြီ၊ ဇိုးတစ်ကောင်ပဲ ဖုန်းပြောရင်း ဗိုက်ပြည့်နေတာ"

ဇိုး သူငယ်ချင်းများကို အသံတိတ် လှည့်ဆဲရသေးသည်။

"ဇိုး ဖြေဦးလေ၊ ဇိုးတို့ကို ဘုရားဖူး လိုက်ပို့ပေးချင်လို့"


www.burmeseclassic.com

ww.burmeseclassic.com



"ဟော့ကောင်. . ဇိုး၊ မင်း အာဟာရပြည့်ဖို့ကိစ္စက ဖုန်းထဲမှာရှိရင်တော့ နေခဲ့လိုက်တော့ ယောက်ဖရေ၊ ငါတို့ သွားတော့မယ်"

တေဇာစကားကို ဖိုးသဲက ထပ်ဖြည့်သည်။

"အေးကွာ အဆိုတော်မျက်နှာများ ကြီးလိုက်တာ၊ ငါတို့ အတီးသမားတွေကျ ဖုန်းဆက်ဖို့မပြောနဲ့ အဖက်တောင် မလုပ်ဘူး"

"ဟော့ကောင်. . "

ဖုန်းထဲက ငရှုပ်မလေးနှင့် ဖုန်းအပြင်က ချီးထုပ်ကောင်တွေ အကြား ဇိုး ဘယ်စကား နားထောင်ရမလဲ မသိတော့။

"ဟ. . ဒီကောင် ဖုန်းမချသေးဘူးလား"

"ဇိုး ဘယ်လိုလဲ မနက်ဖြန်၊ ရွှယ် လာခဲ့ရမလား"

"အင်း. . အင်း. . လာခဲ့လိုက်လေ"

ဇိုး စကားဖြတ်ချင်လို့ ပြီးပြီးရောပြောပြီး ဖုန်းချလိုက်ပါတော့သည်။ ဟိုကောင်တွေက ဇွတ်လောပြနေပြီ မဟုတ်လား. . ။ ဒါပေမယ့် တစ်ဖက်က ကောင်မလေးက သိပ်ပျော်သွားသည်။

"ဟယ်. . တကယ်"

ဇိုး ဖုန်းချလိုက်သည်။ ပြီးတော့ ခုနကတည်းက အောင်ကျော့်ကို ပြန်ခွပ်ချင်နေသော စကားကို အခုမှ ပြောရလေတော့သည်။

"အဖက်လုပ်မလားကွာ မင်းက ချစ်စမ်းမောင်မှ မဟုတ်တာ၊ ချစ်စမ်းပြောင် ဖြစ်နေတာကိုး"

"ဘယ်နားက ပြောင်တာလဲ၊ ဟော့ကောင် ဘယ်နေရာမှ မပြောင်ဘူး"

နဖူးကို ဆံပင်တွေ သပ်ချပြီး အောင်ကျော်က ပြန်ပြော



www.burmeseclassic.com

www.burmeseclassic.com



တော့ ဇိုးက သူ့ဖင်ကိုလှမ်းကန်ပြီး. . .

"နဖူးမဟုတ်ဘူး၊ ဖင်ပြောင်တာ"

"ဟာ. . ဒီကောင်တော့ မွေးရာပါပစ္စည်းကို စော်ကားပြီ၊ ရော့ကွာ. . ."

အနီးရှိ ခေါင်းအုံးဖြင့် ကောက်ပေါက်သည်။ တစ်ကောင်က တော့ ဆွမ်းကြီးဝင်လောင်းလာသည်။ တဝုန်းဝုန်းနှင့် ကလေးကလား လက်သီးထိုးတမ်း ထချပြီးမှ. . .

"ကဲ. . လုပ်. . လုပ်. . ဟော့ကောင် ဇိုး. . သွားမယ် စားမယ်၊ ကြာရင် မင်းကို ငါတို့သုံးကောင် ဝိုင်းစားမိတော့မယ်"

"အေးပါကွာ. . သွားမယ်"

ဇိုး အဝတ်လဲရင်း ဖုန်းကို အမှတ်မထင် ကြည့်မိ၏။

ပြီးတော့ ခေါင်းယမ်းမိသည်။



www.burmeseclassic.com

www.burmeseclassic.com






အချစ်ဆိုတာ တစ်ခါတစ်ရံ
ဖုန်းပြောခြင်းမှ စတတ်ကြောင်း
ယနေ့ခေတ် လူအပေါင်း
ကောင်းကောင်းသိကြမည်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



# VI

"အဆိုတော်ဖိုးကို ရည်ရွှယ်ရောက်နေပြီလို့ ပြောပေးပါ. . မောင်လေး"

ကောင်တာရှေ့မှ ဝတ်ရုံဖြူနှင့်ကောင်မလေးက ကောင်တာမှ ဝန်ထမ်းကောင်လေးကို ပြောလိုက်ခြင်းပါ။ ဝန်ထမ်းက. . .

"ကိုဖိုးတို့ ခုနကတင် ထွက်သွားကြပြီဗျ"

"ဟင်. . . ဘယ်ကိုသွားတာလဲ"

ရည်ရွှယ် မျက်လုံးဝိုင်းသွားရပြီလေ။ မနေ့ကပဲ သေသေချာ ချိန်းထားတာကို. . .

"အဲဒါတော့မသိဘူးဗျ။ သူတို့တစ်ဖွဲ့လုံး ကားနဲ့ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



တာပဲ"

"Check out လုပ်သွားတာလား"

"Check out တော့ မလုပ်သေးဘူး"

ရည်ရွှယ် ဝမ်းသာသွားပြန်သည်။

"အဲလိုဆိုရင်တော့ ပြန်လာမှာပါ၊ ဒီမှာ စောင့်လို့ရတယ်မလား"

"ဟုတ်ကဲ့ ရပါတယ်အစ်မ၊ ညှော်တွေ့စားပွဲမှာ စောင့်လို့ရပါတယ်"

ရည်ရွှယ် သွားထိုင်စောင့်သည်။ သေချာပြောခဲ့ပေမယ့် သူဘာလို့မစောင့်တာလဲ၊ သူပြီးပြီးရော ဆက်ဆံခဲ့တာလား။ ကိုယ့်ဘက်က အတည်ယူလွန်းသွားတာလား။ ကိုယ့်ကို ခပ်ရှုပ်ရှုပ် ကောင်မလေးအဖြစ် အထင်သေးသွားတာလား၊ ရည်ရွှယ် အတွေးမျိုးစုံဝင်ရင်း ဝမ်းနည်းလာမိသည်။

ထပြန်လိုက်ချင်ပေမယ့်လည်း စိတ်တွေက မပြတ်သားနိုင်၊ နံရံမှာ အချိန်တွေက အရည်ပျော်နေပြီ။ ဝန်ထမ်းများက ရည်ရွှယ်ကို အားနာသလို ခိုးခိုးကြည့်ကြပြီး ရည်ရွှယ်ကလည်း ဝန်ထမ်းများကို အားနာသလို ပြန်ပြန်ခိုးကြည့်မိသည်နှင့် အကြည့်ဆုံဆုံသွားတတ်သည်။ ရည်ရွှယ် ရှက်လာသည်။ ကိုယ် အနေအထိုင်မတတ် ဖြစ်နေပြီလား။

ဟိုတယ်တစ်ခုမှာ ကောင်မလေးတစ်ယောက်က နာမည်ကြီး အဆိုတော်တစ်ယောက်ကို မသေချာမရေရာစွာ ထိုင်စောင့်နေခြင်းက အများအမြင်မှာ ဘယ်လိုလဲ၊ ရည်ရွှယ် ရှက်ရွံ့စွာ ပြုံးပြတော့ ဝန်ထမ်းများကလည်း အားနာစွာ ပြန်ပြုံးပြကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်တော့။ ရည်ရွှယ် ဟိုတယ်အပြင် ထွက်စောင့်ပြန်သည်။ ထိုင်နေသော ရည်ရွှယ်အရိပ်သာ တဖြည်းဖြည်းရှည်လာသည်။ နေစောင်းလာသည်။ ဖုန်းကို့ထုတ်ပြီး Record ခလုတ်ကို နှိပ်လိုက်တော့ မနေ့က သူနှင့်ပြောခဲ့သောစကားများကို ပြန်ကြားရသည်။

သူမ နားထောင်ရင်း. .

အဆိုတော်ဖိုးမှ အဆိုတော်ဖိုးအသံ. .

*"အင်း. . အင်း. . လာခဲ့လိုက်လေ"*

မျက်ရည်ကျမှန်းမသိ ကျလာသည်။ ဝန်ထမ်းများအချင်းချင်း လက်တို့ပြီး ကွက်ကြည့်ကွက်ကြည့် လုပ်ဖန်များလာတော့. . ရည်ရွှယ် သက်ပြင်းချပြီး ဟိုတယ်တွင်းသို့ ပြန်ဝင်ခဲ့တော့သည်။

"ဖိုး ပြန်လာရင် ရည်ရွှယ်တစ်နေ့လုံး လာစောင့်သွားတယ်လို့ ပြောပေးပါနော်"

"ဩော်. . ဟုတ်. . ဟုတ်ကဲ့ခင်ဗျ"

ရည်ရွှယ် ဆိုင်ကယ်မောင်းကာ ဟိုတယ်တွင်းမှ ထွက်ခဲ့လိုက်ပါသည်။

နေတော်တော်စောင်းမှ ဖိုးတို့အုပ်စု လည်ပတ်ရာမှ ပြန်လာခဲ့ကြသည်။ ဟိုတယ်ကောင်တာရှိ ဝန်ထမ်းများထံ Check out လုပ်ဖို့သွားတော့. .

"အစ်ကို. . ရည်ရွှယ်ဆိုတဲ့ ကောင်မလေး အစ်ကိုကို့ ဒီမှာ တစ်နေကုန် လာစောင့်သွားတယ်"

"ဘယ်သူ. . "

"ရည်ရွှယ်. . "



www.burmeseclassic.com

www.burmeseclassic.com



"ရည်ရွယ်. ."

သူပါ သံယောင်လိုက် ရေရွတ်မိသွားသည်။

"ညက ကောင်မလေးလား"

တေဇာက သတိတရ လှမ်းမေးသည်။

"အေး. . ဟုတ်တယ်. . သူ အခု. ."

"မရှိတော့ဘူး. . အစ်ကို၊ ငိုပြီး ပြန်သွားပြီ"

"ဟင်. ."

ငိုသွားသည်ဆိုသောစကားက သူ့ကို စိတ်မကောင်း ဖြစ်သွားစေသည်။

တေဇာက ငေါင်သွားသောသူ့လက်ကို လှုပ်ကာ. . .

"ဟာ. . ဟေ့ကောင်. ."

"ဖိုး. ."

တစ်ဆက်တည်းပင် ခေါ်သံနုနုလေးတစ်ခု ဖိုးနောက်မှ ထွက်လာခဲ့တော့၏။

ဖိုးကြောင်သွားသည်။ အနောက်မှာ ကောင်မလေးက ရောက်နေလေပြီ။ တေဇာက ဖိုးကို တွန်းလွှတ်သည်။

"ဟေ့ကောင်. . သွား. . သွား၊ ညီလေး Check out လုပ်မယ်"

ဖိုး စိတ်မကောင်းစွာနှင့်ဘဲ ငိုထား၍ နီမြန်းနေသော ကောင်မလေး၏မျက်ဝန်းများကို လှမ်းကြည့်လိုက်သည်။

ဟိုတယ်ဧည့်ခန်းအတွင်းတွင်ပဲ သူတို့ မျက်နှာချင်းဆိုင် ဖြစ်ကြသည်။

"ကျွန်တော် တောင်းပန်ပါတယ်ဗျာ၊ မနက်က. ."



www.burmeseclassic.com

www.burmeseclassic.com



"ရည်ရွှယ်ကို တမင်ရှောင်နေတာ မဟုတ်ဘူးမို့လား"

ရည်ရွှယ်ခေါင်းငုံ့ထားလျက်နှင့် စကားကို ဖြတ်ပြောလိုက်ပါသည်။

"မဟုတ်ပါဘူး၊ ဟိုကောင် အောင်ကျော်က ပဲခူးကို အနှံ့ရောက်ဖူးတယ်လေ၊ အဲဒါနဲ့. . "

"တမင်ရှောင်တာမဟုတ်ရင် ရပါပြီ. . . ဖိုးရယ်"

ဒီတစ်ခါဖြတ်ပြောသော သူမ၏ အားနွဲ့သံ စကားလေးကတော့ သူ့ကိုအပြစ်ရှိစေသည်။

ရည်ရွှယ်က ဝမ်းနည်းလာ၍ မျက်ရည်မကျအောင် ထိန်းထားနေရသည်။

"ဒါဆို ဖိုးတို့ အခုပြန်တော့မှာပေါ့နော်"

တေဇာတို့ အထုပ်အပိုးတွေ ကားပေါ်တင်နေတာကို လှမ်းကြည့်ပြီး ရည်ရွှယ်ပြောလိုက်ခြင်းပါ၊ ဖိုးခေါင်းညိတ်ပြသည်။

"ရည်ရွှယ့်ကို အထင်သေးနေပြီလားဟင်၊ ရည်ရွှယ် ဘယ်အဆိုတော်၊ ဘယ်မင်းသားကိုမှ ဒါမျိုးမတောင်းဆိုဖူးပါဘူး ဖိုးရယ်၊ သူတို့နဲ့ တွဲချင်လို့လည်း မဟုတ်ပါဘူး၊ ရည်ရွှယ် ဖိုးရဲ့အနုပညာကို တကယ်အားပေးလို့ပါ"

"ယုံပါတယ်ဗျာ ကျေးဇူးလည်းတင်ပါတယ်၊ တကယ်အထင်သေးရမှာက ကျွန်တော့်ကိုယ်ကျွန်တော်ပါ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်ပြောပြီးသားစကား တည်ရမှာပေါ့၊ မတည်နိုင်ရင် ကျွန်တော် မပြောသင့်ဘူးလေ၊ ကိုယ့်ပရိသတ်ရဲ့ တန်ဖိုးထားမှုကို ကျွန်တော် စော်ကားမိပြီ ထင်ပါတယ်"

"တကယ် အဲလိုစိတ်မျိုး ထားတာလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပါ"

"ပွမ်. . . ပွမ်"

အပြင်မှ တေဇာတို့၏ ကားဟွန်းတီးသံကို ကြားရသည်။

ကောင်မလေးကလည်း ကားဟွန်းသံ ကြားရာဘက် ဆူပုတ်ပုတ်လေး တစ်ချက်လှည့်ကြည့်ပြီးမှ. . .

"တကယ်သာ အဲလိုစိတ်မျိုး ထားတယ်ဆိုရင် ရွှယ် တစ်ခုလောက် တောင်းဆိုကြည့်ချင်တယ်၊ လိုက်လျောပေးနိုင်မလား"

"ပြောကြည့်လေ"

"ဇိုး လိပ်စာလေး လိုချင်တယ်၊ ဖုန်းနံပါတ်လေးပဲ ဖြစ်ဖြစ်ပေါ့"

ပြောတုန်းက ပြောပြီးမှ အထင်သေးသွားပြန်ဦးမလား ရွှယ် စိုးထိတ်မိပြန်သည်။

ဇိုး ရွှယ်ကို အကဲခတ်သလိုကြည့်တော့. . .

"ဇိုး အလုပ်ပျက်အောင် ဖုန်းတွေ ခဏခဏမဆက်ပါဘူး၊ ရွှယ် ကတိပေးပါတယ်"

ဇိုး ရယ်ချင်သွားသည်။

"ရပါတယ် ကိစ္စမရှိပါဘူး၊ မိုးရွာတဲ့အချိန်တော့ မဆက်နဲ့ပေါ့၊ တကယ် မိုးကြိုးပစ်နေဦးမယ်"

လိပ်စာကဒ် ထုတ်ပေးလိုက်သည်။ ကားဟွန်းတီးသံကို စိတ်ညစ်စရာကြီး လှမ်းကြားရပြန်သည်။

ရည်ရွှယ် စားပွဲပေါ် တင်ပေးသော လိပ်စာကဒ်ကို ကောက်ယူပြီး ရင်ကြားဝှက်ကာ သူ့ရှေ့မှာတင် ပျော်မိသွားသည်။

"သွားတော့မယ်ဗျ၊ ရန်ကုန်ထိ ပြန်ရမှာမလို့"



www.burmeseclassic.com

www.burmeseclassic.com



ကားရှိရာသို့ ဖိုး ထွက်လာခဲ့သည်။ စက်နှိုးထားနှင့်သော တားပေါ်သို့တက်တော့ နောက်မှ အပြေးလိုက်လာသည့် သူမက. .

"ဖိုး. ."

သူကော သူငယ်ချင်းတွေကော ဝိုင်းကြည့်လိုက်မိတော့. .

"ဖိုး. . ဒါ ဖိုးလိပ်စာ အမှန်တော့ ဟုတ်ပါတယ်နော်"

"အင်း. . အတုလုပ်ဖို့ အချိန်မှမရလိုက်တာ၊ သွားပြီနော်. . တာ့တာ. . ."

ဝူးခနဲ မောင်းထွက်သွားသော ဖိုးတို့ကားကိုကြည့်ပြီး သူမ ရင်ထဲမှာ အမည်ဖော်ရန်ခက်ခဲသော ဝေဒနာတစ်ခုက ရုတ်ချည်း ဝင်ရောက်လာ၏။

လေးပင်သွားသော စိတ်အလျင်တစ်ခုကြောင့် သူမကိုယ် တိုင်ပင် ဝေခွဲရခက်သွားသည်။



www.burmeseclassic.com

ww.burmeseclassic.com



# VII

လမ်းမှာ ဟိုဝင်သည်ဝင်နှင့်မို့ ရန်ကုန်သို့ မိုးစုန်းစုန်းချုပ်မှ ရောက်သည်။ အချုပ်အနှောင်တွေနှင့် ကင်းဝေးရာ၊ ဂီတနှင့် ထုံးကူးရာသို့ သူငယ်ချင်းများနှင့် ခရီးထွက်ရသည်က အတော်စိတ်အပန်းပြေလေသည်။ ယခု ရန်ကုန်ပြန်ရောက်ပြီဆိုတော့ မွန်းကြပ် အလုပ်ရှုပ်မှုများက ခေါင်းထဲပြန်ဝင်လာပါတော့သည်။

အဆင့်မြင့်လှသော တိုက်ခန်းအိမ်ယာဝင်းထဲသို့ ဗိုးတို့ကားကလေး တလိမ့်လိမ့် တိုးဝင်လာပါသည်။ ထိုအချိန် ဖုန်းသံတစ်ခုကလည်း တုန်ခါမြည်တမ်းလာပါသည်။ ဗိုး ဖုန်းကို ဘောင်းဘီအိတ်ထဲက ထုတ်ကြည့်တော့ မရင်းနှီးသော နံပါတ်အစိမ်းတစ်ခု. . .။



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ရနိုး . . မကိုင်ရနိုး . . ဖြစ်နေစဉ် ရှေ့ခပ်လှမ်းလှမ်းမှ ကားပါကင်တွင် ရတီ့ကို တွေ့လိုက်ရသည်။ ရတီက သူ့ကားသူ မှီထားလျက် ဝင်လာသောဖိုးတို့ကားကို စိုက်ကြည့်နေသည်။

စိတ်ညစ်လိုက်တာ . .။' ရတီနှင့်စကားပြောရမှာစိုးသည် ကြောင့် ဝင်လာသောဖုန်းကိုကိုင်ကာ အလုပ်ရှုပ်ဟန်ဆောင်လိုက် ၏။

"ဟဲလို . . "

တစ်ဖက်မှ သူမှတ်မိဖို့ သိပ်မခက်သော အသံနုနုလေး ထွက်လာသည်။

"ရောက်ပြီလား . . ဖိုး"

"ဩော် . . ဟုတ် . . ဟုတ် . . အခုပဲ ရောက်တာဗျ"

သူ့ဘာကြောင့် စကားထစ်သလိုလို ဖြစ်သွားမှန်းမသိ၊ အောင်ကျော်က ကားပါကင်လွတ်ရှာရင်း အရှိန်လျော့ကာ 'ဘယ်သူ လဲ'ဟု မေးငေါ့ကာလာမေးတော့ . . .

"ပဲခူးက ဟိုကောင်မလေး"

ဟု ဖုန်းကို လက်ဖြင့်အုပ်ကာ ဖြေတော့၊ တေဇအသံက လည်း နောက်ခန်းမှ ထွက်လာသည်။

"အေး . . ဟိုမှာလည်း ရန်ကုန်က ကောင်မကြီးလာနေပြီ"

ရတီ ဖိုး၏ကားဆီ လျှောက်လာသည်ကို ပြောလိုက်ခြင်းပါ။ ရတီက ဖိုးကောင်မလေးတစ်ယောက်နှင့် ဖုန်းပြောနေမှန်း မသိ . .။

ထို့ကြောင့် . . .

"ကွန်ကရက်ကျူလေးရှင်း ဖိုး၊ အောင်မြင်မှုအတွက် ဂုဏ် ယူပါတယ်၊ စထွက်ထွက်ချင်းရက်မှာတင် အချပ်ရေအများကြီး ကုန်



www.burmeseclassic.com

www.burmeseclassic.com



သွားလို့ ထပ်ကူးရတဲ့အတွက်"

"တော်သေးတာပေါ့၊ စိတ်တွေလေးနေလို့ လမ်းမှာတစ်ခုခု ဖြစ်မှာ စိုးရိမ်နေတာ. ."

အပြင်မှာ ရတီ့အသံလည်း ကြားသည်။ ဖုန်းထဲမှ ရည်ရွယ်၏အသံကိုလည်း ကြားရသည်။ သို့သော် သူ ဘယ်သူ့ကို စကား ပြောဖို့ ရွေးချယ်ရမလဲသိပါသည်။

"ဗျာ. . ."

ရတီ့မျက်နှာပေါ်၌ အလိုမကျဟန်တို့ ချက်ချင်းပေါ်သွား၏။ သူမပြောနေတာကို ပြန်မပြောပဲ ဖုန်းထဲမှ အခြားသူကို ပြန်ပြော လိုက်ခြင်းကြောင့် မျက်နှာက စူးရှသွားသည်။

"ဖိုး. . နင် ဘယ်သူနဲ့ ပြောနေတာလဲ"

"ဒီကောင့်ကို မြင်မြင်ချင်း ကြွေသွားတဲ့ ကောင်မလေးပေါ့ ဟာ၊ ပဲခူးက. . ပဲခူးက"

ဖိုးသဲက အထူအပါးမသိ၊ ဝင်အာတော့ ရတီ့မျက်နှာ ချက် ချင်းတင်းမာခက်ထန်သွားတော့၏။ ဆတ်ခနဲ ဖုန်းကိုဆွဲယူကာ. .

"ဟဲ. . နင်ဘယ်သူလဲ၊ ဘာကိစ္စ ဖိုးဖုန်းကို ဆက်တာလဲ"

"ရှင်. . ."

ရတီ၏ ခပ်ရင့်ရင့်အသံက တစ်ဖက်သူကို ကြောင်သွားစေ သည်။ ရည်ရွယ် ဖုန်းကို နားမှခွာပြီး ပြန်ကြည့်မိသည်။ ဖိုးနှင့် ပြော နေရာက ဘယ်လိုကြောင့် မိန်းမအသံက ဝင်ပါလာပါလိမ့်။

"နင် ဘယ်သူလဲတော့ ငါမသိဘူး၊ ဒါပေမယ့် ငါ ဘယ်သူ လဲတော့ ရှင်သိအောင် ပြောပြလိုက်မယ်၊ ငါ ဖိုးရဲ့ချစ်သူပဲ"

"ရှင်. ."



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းထဲမှ ကြားလိုက်ရသောအသံကြောင့် နားတစ်လျှောက် ပူဆင်းသွားသလို ကိုင်ထားသောလက်ပင် ကျင်ခနဲ ဖြစ်သွားသည်။ ထပ်ကြားလိုက်ရသည်က အလျင်စလို ဖြစ်သွားသော 'ဇိုး' ရဲ့အသံ။

"ဟာ. . ရ. . ရတီ"

ဇိုး ကားပေါ်မှ အမြန်ဆင်းကာ ဖုန်းကိုဆွဲယူသည်။

"ရတီ. . နင် ဘာပေါက်ကရတွေ လျှောက်ပြောနေတာလဲ"

"အေး. . ငါလျှောက်ပြောတာ နင့်အတွက်၊ ဒီကောင်မ တွေ အားအားရှိ နင့်ကိုဖုန်းဆက်ပြီး ဒုက္ခပေးမှာ၊ နင့်တက်လမ်းကို ပိတ်မှာ၊ အလကား အလုပ်မရှိ အကိုင်မရှိ ဖုန်းတစ်လုံးနဲ့ အလုပ် ရှုပ်နေတဲ့ ကောင်မတွေ၊ အထင်ကိုမကြီးဘူး"

"ကျွတ်. . ဟာ. . ပေးစမ်းပါဟာ"

ဖုန်းကိုဆွဲယူပြီးကြည့်တော့ ဖုန်းက ကျနေပြီ။

ဇိုး သက်ပြင်းပါ ချမိပါသည်။

ရန်ကုန်မှ ဇိုး သက်ပြင်းချချိန်၊ ပဲခူးမှ ရည်ရွှယ်ကတော့ ပါးပြင်ပေါ်သို့ မျက်ရည်တွေ တစ်စက်ပြီးတစ်စက် ကျလာခဲ့သည်။ ရည်ရွှယ် ဖုန်းကလေးကိုကိုင်ပြီး ဝမ်းနည်းသွားပါသည်။ ရှက်လည်း ရှက်မိသည်။ နှုတ်ခမ်းကို ကိုက်လိုက်မိပေမယ့် ရင်ထဲက ပိုနာသည်။ သူ့ကြောင့် ကိုယ့်မာနလေးတွေ တစ်စတစ်စ ပွန်းပဲ့လာခဲ့တာများပြီး ဘယ်သူမှမမြင်အောင် မျက်ရည်သုတ်လိုက်မိသော်လည်း သူမရဲ့ အချစ်တော်ကြောင်ကလေးက မျက်လုံးလေး ပေကလပ်ပေကလပ် ဖြင့် သခင်ဖြစ်သူကို သနားစဖွယ် မော့ကြည့်လို့. . .

ဖုန်းကိုင်လျက်မှ ဇိုး ရတီ့ကို ခပ်ဆတ်ဆတ်ကြည့်ပြီး. . .

"အဲဒါကြောင့် နင်နဲ့အမေ့အနားမှာ ငါ မနေချင်တာပဲ ရတီ၊



www.burmeseclassic.com

www.burmeseclassic.com



နင် လိုက်မလာနဲ့ ငါအိပ်တော့မယ်၊ မင်းတို့လည်း ပြန်တော့"

"ဖိုး. . ."

ရတီလှမ်းခေါ်ပေမယ့် အလကားပင်. . .။

ဖိုးက တိုက်ခန်းလှေခါးဆီ ခြေလှမ်းကျဲကျဲဖြင့် ထွက်သွားခဲ့ပြီ။



www.burmeseclassic.com

ww.burmeseclassic.com



# VIII

မနက်ခင်းက အလင်း ခြေသံဖွဖွဖြင့် ရောက်ရှိလာသည်။ ဖိုး ခုတင်ပေါ်၌ အိပ်ပျော်နေဆဲပါ။ ညက သီချင်းတစ်ပုဒ် လက်စသတ်ရေးရာမှ ဈာန်ဝင်သွားပြီး အချိန်ကုန်မှန်းမသိကုန်ကာ ညဉ့်နက်သွားခဲ့သည် မဟုတ်ပါလား။

"တင်းန်. . တောင်"

နှိုးစက်မြည်သံမဟုတ်၊ တံခါးမှ ဘဲလ်မြည်သံ။

"တင်းန်တောင်. . တင်းန်တောင်. . တင်းန်တောင်. . "

အသံက သုံးလေးခါ ဆင့်မြည်လာတော့. . ဖိုး အိပ်ယာမှ နိုးလာရတော့သည်။ ဒယီးဒယိုင်ထကာ တံခါးသွားဖွင့်ပေးတော့

www.burmeseclassic.com

ww.burmeseclassic.com



လုံခြုံရေးဝန်ထမ်းကို တွေ့လိုက်ရသည်။

"အစ်ကို့နာမည်နဲ့ ပါဆယ်ရောက်လာလို့ လာပို့တာပါ"

"ဟင်. . ဘယ်ကပါလိမ့်"

သူ အိပ်ချင်မူးတူးဖြစ်နေရာမှ မျက်လုံးတောင် နည်းနည်း ကျယ်သလို ဖြစ်သွားသည်။ တံခါးကြားမှ လှမ်းယူလိုက်သည်။ ဝန်ထမ်းပြန်ထွက်သွားမှ တံခါးကို ပိတ်လိုက်သည်။

ပါဆယ်ဘူးက ပြားချပ်ချပ်ကလေးပါ. . ဘာပါလိမ့်။

ဧည့်ခန်းစားပွဲမှာ ကျကျနနထိုင်ပြီးမှ သေချာကြည့်လိုက်သည်။

ဘူးဖုံးတွင် ကောင်မလေးတစ်ယောက်၏ ဓာတ်ပုံပိုစတာလေး ကပ်ထား၏။ အနီးကပ်ကြည့်တော့မှ ဒီကောင်မလေးကို ဘယ်သူမှန်း သိတော့သည်။ ပဲခူးက ရည်ရွယ်ဆိုသည့် ကောင်မလေး။

သူမမှန်းသိတော့ နှုတ်ခမ်းက နည်းနည်းပြုံးသွားသည်။ စိတ်မပါ့တပါဖြင့်ပဲ ပါဆယ်ကို ဖွင့်ကြည့်လိုက်၏။ ထိုအခါ သူတွေ့ရသည်က စက္ကူအပိုင်းအစနှစ်ခု၊ ထိုစက္ကူပေါ်မှာမှ ခဲဖြင့်ခြစ်ထားသော ကောက်ကြောင်းများ. . .။

ပန်းချီအပိုင်းအစလေးနှစ်ခု ဖြစ်မည်။ သူ ဖင်တစ်ပြန် ခေါင်းတစ်ပြန်ကြည့်သည်။ ဘာကြီးလဲ. . မော်ဒန်ပန်းချီလား။ ဘာမှန်းမသိ၊ စာနှစ်ရွက်ကိုကြည့်ပြီး လူပင် ကြောင်တောင်တောင် ဖြစ်သွားရ၏။

"ဟူး. ."

သက်ပြင်းချကာ ခေါင်းယမ်းမိလိုက်သည်။ စိတ်နည်းနည်း ရှုပ်သွားသဖြင့် အနီးမှ ဂစ်တာကိုယူကာ ခပ်ကြမ်းကြမ်း တီးပစ်



www.burmeseclassic.com

ww.burmeseclassic.com



လိုက်သည်။

သံစဉ်သေချာမရှိသော ဂစ်တာသံကြမ်းကြမ်းက သူ့စိတ်နှင့် အတူ အခန်းတွင်းမှာ ဆူညံသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



# IX

“ဟေ့ကောင်. . ဒါကြီး ဘာကြီးလဲ”

ဂစ်တာကြိုးထုပ် သွားယူရင်း ဖိုး အခန်းထဲမှ လှမ်းအော်လိုက်သည့် တေဇာ့အသံကြားတော့ ဖိုးသဲနှင့် အောင်ကျော်ကပါ မျက်ခွက်ပြောင်ပြီး အော်ကြသည်။

“ဒါကြီး. . ဘာကြီးလဲဟေ့. . ဒါကြီး. . ဘာကြီးလဲ”

“ဒါကြီး. . ဘာကြီးလဲဟေ့. . ဒါကြီး. . ဘာကြီးလဲ”

ဖိုးက. .

“ဘာကိုပြောနေတာလဲ အပြင်ယူခဲ့လေ”

တေဇာ အပြင်ကို ယူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထင်သည့်အတိုင်းပါပဲ၊ ပဲခူးက ဟိုကောင်မလေး ပို့လိုက်သည့် စက္ကူနှစ်ရွက်ပါ။

ဖိုးသဲနှင့် အောင်ကျော် ယူကြည့်ကြသည်။ စက္ကူကို ဖင်လှန်ခေါင်းလှန်ကြည့်ပြီး ခုနကစကားပဲ ပြိုင်တူပြန်ပြောဖြစ်ကြသည်။

"ဒါကြီး . . ဘာကြီးလဲ"

"ဟိုကောင်မလေး ဟာလား"

"အေး . . "

အားလုံး မျက်လုံးအပြိုင်ပြူးပြီး 'ဟင် . . 'သွားကြတော့ ဇိုးလည်း မျက်လုံးနည်းနည်းလိုက်ပြူးရင်း . . .

"ဟိုကောင်မလေးဟာဆိုတာ ဟိုကောင်မလေးပို့လိုက်တဲ့ဟာလို့ပြောတာ"

"သြော် . . . "

"ပါဆယ်ဘူးအဖုံးမှာ ပဲခူးလိပ်စာနဲ့၊ အဖုံးမှာ သူ့ပုံစတေကာလေးလည်း ကပ်ထားတယ်"

"ဘာပုံကြီးလဲ မသိဘူး"

"အေး . . ငါလည်းမသိဘူး"

"မင်းမှာသူ့ဖုံးနံပါတ် ရှိတာပဲ၊ လှမ်းမေးလိုက်ပါလား"

"နေပါကွာ၊ မသိရလည်း ဘာမှမဖြစ်ပါဘူး"

ဇိုး ပေါ့ပျက်ပျက်ပြောပြီး ဂစ်တာဆီ လက်လှမ်းသည်။

ဂစ်တာကို မကိုင်ဖြစ်ဘဲ ဖုန်းလာ၍ ဖုန်းကို ကောက်ကိုင်လိုက်ရသည်။

"ဇိုး . . "

အသံက သာမန်ထက် နူးနူးပါးပါးလေးမို့ ဟိုကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



(ပဲခူး)မှန်း သိလိုက်သည်။ သူက ဖုန်းဆက်မှတော့ ကြုံတုန်း ပါဆယ် ဘူးနဲ့ စက္ကူအပိုင်းအစအကြောင်း မေးလိုက်မည်ကြံစဉ် သူမဘက် က စပြောလာပြန်သည်။

“လက်ကို သေချာဂရုစိုက်ပါ. . . ဖိုး”

“ဗျာ. . ”

ဖုန်းချသွားသည်။ သူ ကြောင်တောင်တောင် ကျန်ခဲ့ရာ. . ။

“ဟေ့ကောင်. . ဘယ်သူလဲ၊ ဘာလဲ”

“ဘာတုံးဟ”

သူ ကြောင်တောင်တောင်ဖြစ်သွားသော မျက်နှာကြောင့် သူငယ်ချင်းတွေက ဝိုင်းမေးကြသည်။

ဖိုး သူ့လက်ကိုငုံ့ကြည့်ရင်း. . .

“ရည်ရွယ်”

“ဩော်. . ”

“အေး. . သူ ဘာပြောလို့လဲ”

“သူပြောတာက. . . ”

ဖိုး စကားလုံးတွေက လေးနေတော့ သူငယ်ချင်းတွေ ခေါင်း ရှေ့တိုးပြီး နားထောင်လိုက်ရသည်။

“လက်. . ကို. . သေ. . ချာ. . ဂ. . ရု. . စိုက်. . တဲ့”

“ဘာလဲဟ”

“ဘာကြီးလဲ”

အားလုံး ဖိုး၏ လက်တွေကို ငုံ့ကြည့်ဖြစ်သွားကြသည်။



www.burmeseclassic.com

ww.burmeseclassic.com



# X

ဖိုး အစားအသောက် မမက်ပါ၊ အိပ်တာလေးတော့ မက်သည်။ ကိုယ်က အဆိုတော်လည်း အဆိုတော်ဆိုတော့ အိပ်ရေးဝမှ အတွင်းအားကောင်းမည်။ အတွင်းအားကောင်းမှ သိုင်းကျင့်နိုင်မည် မဟုတ်ပါ. . လိုချင်သည့် အသံအနိမ့်အမြင့် ပြင်းအားကို ထုတ်ယူနိုင်မည်။

ယခု ဘဲလ်သံက ဆက်တိုက်မြည်နေသောအခါ ပြင်းအား မထုတ်ရခင် ပျင်းအားထုတ်ရတော့မည်။ မထချင်ထချင်နှင့်ထကာ မဖွင့်ချင်ဖွင့်ချင်ဖြစ်နေသော မျက်လုံးနှင့် တံခါးဆီသို့သွားကာ မဖွင့်ချင်ဖွင့်ချင် ဖွင့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို. . ပါဆယ်ထပ်ရောက်လာလို့"

အိမ်ယာလုံခြုံရေးဝန်ထမ်းက ပါဆယ်ဗူး လာပေးခြင်း ဖြစ်သည်။

သူ ခပ်သွက်သွက် လှမ်းယူလိုက်သည်။ ပြီးတော့ အခန်းထဲသွားကာ ဖွင့်ကြည့်သည်။

စက္ကူအပိုင်းအစ နောက်နှစ်ရွက်ဖြစ်နေသည်။ ဟိုတစ်နေ့ကလည်း နှစ်ရွက်ဆိုတော့. . အခု လေးရွက်။ သူ စဉ်းစားရပြီ။

အိပ်ချင်တော့ နည်းနည်းပြေလာသလိုလို စာရွက်လေးရွက်ကို စိုက်ကြည့်၊ နံရံတွင် တိပ်နဲ့ ကပျာကယာ ကပ်ကြည့်၊ တစ်ခုနှင့် တစ်ခု အထားအသိုပြောင်းကြည့်၊ ဘာကြီးမှန်းမသိ။

ပဲခူးသူလေး သူ့ကို အဝေးထိန်းခလုတ်နှင့် လှမ်းစားနေချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



# XI

ရည်ရွှယ် စက္ကူအပိုင်းအစလေးတွေကို ပါဆယ်ဘူး လှလှလေးထဲ ထည့်နေသည်။ ဇိုးတော့ သူပို့သည့်အရာတွေကို အမှိုက်တောင်းထဲ လွှင့်မပစ်လောက်ဘူး ထင်ပါသည်။ ဖုန်းဆက်လည်း မမေးရဲ။ ဖုန်းခဏခဏ မဆက်ပါဟု ကတိပေးထားသည် မဟုတ်လား။ ပြီးတော့ ဖုန်းဆက်လျှင် ဟိုတစ်ခါလို မိန်းမစွာတစ်ယောက်နှင့် တွေ့မှာလည်း ရည်ရွှယ်စိုးရိမ်သည်။ ထိုမိန်းမအကြောင်း တွေးမိတော့ ရည်ရွှယ် နှုတ်ခမ်းဆူပုတ်မိသည်။

"အံမယ် . . မိန်းမ ငါတို့မသိအောင် ဘာတွေကြိတ်လုပ်နေတာလဲ ဆူပုတ်ဆူပုတ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးဖြိုးနှင့် ခိုင်ဝေဇင် သူမ အခန်းဝရောက်နေရာက သူမကို ပြောလိုက်ခြင်းဖြစ်သည်။ သူငယ်ချင်းတွေကိုမြင်မှ ရည်ရွှယ် မျက်နှာ မဆူပုတ်တော့ပဲ. . .

"ဘာမှလည်း ကြိတ်မလုပ်ဘူး၊ ဘာမှလည်း မဆူပုတ်ဘူး"

"ဝါး. . ဒီပါဆယ်ဘူးလှလှလေးက. . ."

ရည်ရွှယ်ပြုံး၍. . .

"ရန်ကုန်ပို့မလို့"

"ဖိုးဆီကိုလား. . ."

ခိုင်ဝေဇင့် တအံ့တသြအမေးကို ရည်ရွှယ် ပျော်ပျော်ကြီး ခေါင်းညိတ်ဖြေလိုက်သည်။

"လက်ဖျားခါတာပဲ၊ ငါတို့တော့ လုံးဝ လိုက်မမီတော့ဘူး၊ တစ်ခန်းလုံးလည်း ဖိုးဆော်နံ့နေပြီ"

ဖြိုးဖြိုးက နံရံတွေပေါ်က ဖိုး ပိုစတာတွေကို ရည်ရွှယ်ပြီး ပြောသည့်စကားပါ။

"အပိုတွေ မလုပ်ပါနဲ့၊ အဲဒါ အရင်ကတည်းက"

"ဒါပေမယ့်. . အရင်နဲ့ အခုက မတူတော့ဘူး ထင်ပါတယ် နော်"

ရည်ရွှယ် မချိုမချဉ် ရယ်သည်။

"ကဲပါ. . ညည်းတို့ ကျုပ်ဆီ ဘာလာလုပ်ကြတာလဲ"

"အပြင်သွားမယ်လေဟယ်၊ အိမ်တွင်းပုန်းရတာ ကြွက်နဲ့တူလာပြီ၊ နင်ပါလိုက်ခဲ့"

"လိုက်မယ်၊ ငါလည်း ဒါကို အခုပဲသွားပို့မလို့၊ အတော်ပဲ တော်ရေ့"



www.burmeseclassic.com

www.burmeseclassic.com



ရည်ရွှယ် ပါဆယ်ဗူးလှလှလေးကို ကောက်ယူလိုက်ပါသည်။

ရည်ရွှယ်တို့ အပြင်မှာ မုန့်စားကြသည်။ ကားဂိတ်လည်း သွားကာ ပါဆယ်ပို့သည်။ အပြန်တွင် အခွေဆိုင်ဝင်သည်။

"ဒီအခွေလေး စမ်းပေးပါ အစ်ကို"

ဆိုင်ဝန်ထမ်းက အခွေကို စက်ထဲထည့်ကာ စမ်းပေးသည်။

မိုက်ကယ်လန်း၏ (Blue Night) သီချင်းသံက ထွက်ပေါ်လာ၏။ ရည်ရွှယ်မျက်နှာတွင် အပြုံးလေးတွေ ကွဲတက်လာပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# XII

ဗိုး ဂစ်တာကြိုး ညှိနေသည်။ ငယ်ငယ်က ဂစ်တာဟောင်းကြီးတစ်လုံးကို ဖုန်သုတ်၊ ကြိုးပြန်တပ်ပြီး ညှိနေခြင်း ဖြစ်သည်။ အသံစမ်းလိုက် ညှိလိုက်နှင့်၊ ကြိုးညှိသည့် ကိရိယာမတပ်ပဲ နားဖြင့် နားထောင်၍သာ ညှိနေခြင်းဖြစ်သည်။ နံရံမှာ အမေနှင့်အဖေ ဓာတ်ပုံရှိနေသည်။

အဖေနှင့်အမေက အတူတူမနေတော့တာ ကြာပြီ။ အဖေက အမေရှိလျှက်နှင့် နောက်တစ်ယောက် အပျော်ရှာထားသည်။ သူတို့ကသာ အပျော်ဟုသမုတ်သော်လည်း အဖေက ဒါကို အချစ်ဟု ပြန်ပြောခဲ့သည်။ အခုမှ အချစ်ကိုတွေ့ရှိတာဟူသော ဖောက်ပြန်မှု



www.burmeseclassic.com

www.burmeseclassic.com



ကို ကာကွယ်သည့်စကားက ကိုးရိုးယားဆန်လွန်းလှသည်။

အမေကလည်း ငွေကိုသာ လူထင်သည်။ လူကိုတော့ ငွေမထင်။ သူ့လောက် ငွေမရှာနိုင်သော ဝန်ထမ်းဖြစ်သူ အဖေ့ကို အမြဲနှိမ်ခဲ့သည်။ သူတင်ကျွေးထားရသလို ဆက်ဆံခဲ့သည်။ အဖေ နောက်တစ်ယောက်နဲ့ ရှုပ်နေတယ်ကြားတော့ အမေက ရင်နာပေမယ့် ငွေစကားနှင့်သာ ချေပခဲ့သည် မဟုတ်လား။

"ရှင် ထွက်သွားပါ၊ ရှင့်နောက်မိန်းမကတော့ ကျွန်မလို ငွေရှာနိုင်မှာ မဟုတ်တော့တဲ့အတွက် ရှင် ဒုက္ခကောင်းကောင်း ရောက်လိမ့်မယ်၊ အဲ့ဒီအခါကျမှ ကျွန်မဆီပြန်လာရင် တစ်ပြားတစ်ချပ်မှ ရမယ်စိတ်မကူးနဲ့"

အမေ့၏ အဖေနှင့်ပတ်သက်သည့် ကွာရှင်းစကားကလည်း အလုပ်သမားတစ်ယောက် အလုပ်ထုတ်လိုက်သလို စကားမျိုးနှင့် ဘာမှမကွာခဲ့ပေ။ အဖေထွက်သွားတော့ သူ အမေနှင့် နေခဲ့သည်။ အမေက သူ့ကို အလိုလိုက်သော်လည်း ငွေစကားပြောလွန်းပြီး မာန်နှင့် ရင်အမြဲကော့နေတတ်သော အမေ့နား သူ မနေတတ်ခဲ့ပါ။

ထို့ကြောင့် တစ်ယောက်တည်း ခွဲထွက်နေခဲ့သည်။ ချစ်လို့ယူထားသည်ဆိုသော သူ့မိဘနှစ်ပါးပင် နောက်အချစ် ထပ်တွေ့သောအခါ၊ ပိုက်ဆံကိုသာ ချစ်စရာဟု ထင်သောအခါ ဘယ်လို ဇာတ်သိမ်းခဲ့ပါသလဲ။ အချစ်စောင့် နတ်မင်းကြီးရှိရင် မေးချင်ပါသေးသည်။ အချစ်ဆိုတာ ဘာလဲ။ ယုံရမှာလား. . ရယ်ရမှာလား။

သူကတော့ စိတ်အချဉ်ပေါက်ကာ ရယ်မိတော့သည်။

"ထောင်နှ်. ."

"အ. ."



www.burmeseclassic.com

www.burmeseclassic.com



ပြုတ်တောက်သွားသော ဂစ်တာစတီးလ်ကြိုးလေးက သူ့လက်ချောင်းကို ပြင်းပြင်းထန်ထန် လာစင်သည်။ သူ မိဘတွေအကြောင်း တွေးရင်း စိတ်နာရာမှ ဂစ်တာကြိုးကို ပြင်းပြင်းရစ်မိရာ ကြိုးတင်းလွန်းပြီး ပြုတ်သွားခြင်းဖြစ်သည်။ ထိခိုက်မိသွားသော သူ့လက်ညှိုးကို လက်မနှင့် ဖိကြည့်တော့ သွေးများ စိမ့်ထွက်လာသည်။

မိဘတွေကို စော်စော်ကားကားတွေးမိလို့ ဒဏ်ထိတာများလား၊ သူ ပိုရယ်ချင်လာမိသည်။ သို့သော် သူမရယ်ပါ၊ မရယ်တဲ့အပြင် မျက်နှာတောင် တဖြည်းဖြည်း ပြန်တည်လာသေးသည်။ ပြီးတော့ နံရံကို မော့ကြည့်သည်။ မိဘဓါတ်ပုံကို ကြည့်ခြင်းမဟုတ်၊ နံရံမှာကပ်ထားသော စက္ကူအပိုင်းအစလေးရွက်ကို ဖြစ်သည်။

"လက်ကို သေချာဂရုစိုက်ပါ. . . ဇိုး"

ဆိုသည့် အသံနုနုလေးက သူ့အာရုံထဲကြားယောင်လာသည်။ သူ ငြိမ်သွားသည်။

ဘာတွေလဲ. . ၊ တိုက်ဆိုင်တာလား။

သူ ဖုန်းဆက်သင့်လား. . မဆက်သင့်ဘူးလား. . စဉ်းစားနေမိသည်။

တော်ပါကွာ. . တိုက်ဆိုင်တာပဲ။

သူ မေ့ပစ်လိုက်သည်။ လုပ်စရာရှိတာလုပ်သည်။ စတူဒီယိုသွားရန် ချိန်းထားသည့်ဆိုင်သို့ သွားရန်ပြင်သည်။ တိုက်ခန်းအောက်ဆင်း၊ ကားပေါ်တက်၊ သီချင်းဖွင့် မောင်းထွက်သည်။ လမ်းမှာ ဖုန်းတစ်ခုဝင်လာ၍ သီချင်းအသံတိုးပြီး ဖုန်းထုတ်ပြောသည်။ တေဇာ့ဖုန်းပါ။ မြန်မြန်လာဖို့ မှာခြင်းဖြစ်သည်။ ဖုန်းဆက်ရင်း သူ့



www.burmeseclassic.com

www.burmeseclassic.com



လက်မှ အနာကပ်ပလာစတာကိုမြင်တော့ ပဲခူးဆီ ဖုန်းဆက်ရန် စိတ်က ပြန်ပေါ်လာသည်။ မထူးဘူး. . ဆက်ကွာ။

သူ ဖုန်းခေါ်လိုက်သည်။ ဖုန်းဝင်သည်နှင့် အသံတစ်ချက်ဘဲ မြည်ရသေး. . ဟိုဘက်က ရည်ရွယ်မှ ဖုန်းကိုင်လိုက်သည်။

"ဟာ. . ဖိုးပါလား၊ ရည်ရွယ်တောင် အခု ကြောင်ကလေး အိုအိုကို အစာကျွေးပြီးတာနဲ့ ဖိုးဆီ ဖုန်းဆက်ရကောင်းမလား မကောင်းဘူးလား စဉ်းစားနေတာ"

"မင်း. . ဘာလို့ လက်ကိုဂရုစိုက်ပါလို့ သတိပေးတာလဲ သိချင်လို့၊ အပန်းမကြီးရင် ပြောပြပေးပါလား"

ဖိုး ဖြတ်ပြောလိုက်သည်။ တစ်ဖက်က ရည်ရွယ် အသံ တော်တော်နှင့် ထွက်မလာ။ ပြီးမှ. .

"မသိဘူး၊ စိတ်ထဲမှာ အလိုလိုထင်လာတာ၊ ပြီးတော့ ရည်ရွယ့်လက်လည်း ခါးထိထားတယ်လေ"

"မင်းလက် ခါးထိတာနဲ့ ငါ့လက်ကို ဂရုစိုက်ဖို့နဲ့က သိပ်မဆိုင်ဘူး ထင်တယ်နော်"

"ဆိုင်တော့ မဆိုင်ပါဘူး၊ ဒါပေမယ့် ရည်ရွယ် စိတ်ထဲမှာ အဲလိုထင်နေလို့ပါ၊ အနှောက်အယှက်ဖြစ်သွားရင် တောင်းပန်ပါတယ်နော်"

"အဟင်း. . အခုရော ဘာလုပ်နေလဲ"

"အခုက ကြောင်ကလေးအိုအိုကို အစာကျွေးရင်းနဲ့ အပြင် ထဝယ်လာတဲ့သီချင်းခွေကို အကျယ်ကြီးဖွင့်ပြီး နားထောင်နေတယ်"

"ဘာသီချင်းလဲ"

"မိုက်ကယ်လန်းရဲ့ Blue Night"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . ."

ဇိုး အံ့ဩစွာ ပါးစပ်ဟောင်းလောင်းပွင့်သွား၏။ ကားထဲမှ အဆုံးထိတိုးထားသော သီချင်းကို အဆုံးထိ အသံကျယ်ပစ်လိုက်သည်။

"Blue Night"

"ဟယ်. . ဇိုးလည်း အဲ့ဒီသီချင်း နားထောင်နေတာလား"

သူ့ကားထဲမှ သီချင်းကို ရည်ရွယ်ပါ ကြားသွားသည်။ သူ သီချင်းကိုပိတ်ကာ ဖုန်းကို ချပစ်လိုက်သည်။

တိုက်ဆိုင်တာလား. . .။

ဒါကရော တိုက်ဆိုင်တာပဲလား. . .။



www.burmeseclassic.com

www.burmeseclassic.com



# XIII

ကော်ဖီဆိုင်အတွင်း မှန်တံခါးဆွဲဖွင့်ပြီး ဇိုး ဝင်လာသည်။ ဆိုင်ထဲမှ စားပွဲတစ်ခုမှာ ရတီ၊ တေဇာ၊ အောင်ကျော်နှင့် ဖိုးသဲတို့ စောင့်နေကြသည်။ သုန်မှုန်သောမျက်နှာနှင့် လျှောက်လာသော ဇိုးကို သူတို့ လှမ်းကြိုမြင်နေကြသည်။

"အမယ်လေး. . ကိုယ်တော်ချောရယ် စောင့်လိုက်ရတာ၊ ကျွန်မ အလုပ်ရှိပါတယ်ဆိုမှ"

ဇိုး ခုံမှာဝင်ထိုင်ကာ ရတီ့ကိုမကြည့်ဘဲ. . .

"အလုပ်ရှိလည်း သွားပေါ့ဟာ၊ ဘာလို့စောင့်နေတာလဲ"

"ကိုယ်တော့်မျက်နှာလေးကို မြင်ချင်လို့ပေါ့"

ဟုရတီက ပြန်ပြောတော့ ဇိုး ပိုစိတ်ညစ်သွားသည်။ ဖိုးသဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ပြောင်သည်။

"နင့်ကိုယ်တော့်မျက်နှာကိုလည်း ကြည့်ဦး၊ မှုန်ကုပ်မှုန်ကုပ် ဇီးကွက်ရုပ် ဖြစ်နေတယ်ဟဲ့"

ရတီက ဇိုးကို ပိုမိုသတိထားကာ ကြည့်သည်။

"ဇိုး. . နေမကောင်းဘူးလား"

"ကောင်းပါတယ်၊ ဘာဖြစ်လို့လဲ"

"နေကောင်းပေမယ့် မျက်နှာမကောင်းလို့"

ဇိုး လက်ထိပ်မှ ဂစ်တာကြိုးရှထား၍ ကပ်ထားသည့် အနာကပ် ပလာစတာလေးကို တစ်ချက်ငုံ့ကြည့်ပြီး. .

"စိတ်နည်းနည်း ထွေနေလို့ပါ"

"အဲဒါဆို သံပုရာရည်သောက်မလား၊ မှာပေးမယ်လေ"

"အေး. . ကျေးဇူးပဲ"

ဇိုး ဒီတစ်ခါတော့ ရတီ့စကားကို ခေါင်းညိတ်မိသည်။

"မောင်လေး Lime(1)"

ရတီ ဝိတ်တာကောင်လေးကို လှမ်းမှာပြီးမှ ဇိုးကို မဝံ့မရဲ ကြည့်ကာ. . .

"ဇိုး ဟိုနေ့ကအတွက် ငါ တောင်းပန်ပါတယ်ဟာ. . နော်၊ အခုခေတ် မိန်းကလေးတွေက အနုပညာထက် လူကို ပိုအားပေးတတ်ကြတော့ နင့်အတွက် စိုးရိမ်သွားလို့ပါ၊ ပြီးတော့ သူတို့ အားပေးရုံတင်ဆိုရင် တော်သေး၊ အားပါလာရင် နင့်အတွက် အနှောက်အယှက်တွေ ဝင်လာမှာ"

ရတီပြောတာလည်း မှန်သင့်သလောက်မှန်မှန်း သိပါသည်။ အခုကို ကောင်မလေးက သူ့ကို ထူးဆန်းစွာ နှောက်ယှက်နေပြီ



www.burmeseclassic.com

www.burmeseclassic.com


မဟုတ်လား။ ရတီ ဖိုးသဲတို့ကို တစ်ချက်ကြည့်ကာ. .

"ငါ သူတို့ကိုလည်း တောင်းပန်ပြီးသွားပါပြီ"

တေဇာက. .

"ဘယ်လိုပဲဖြစ်ဖြစ်လေ၊ ဘာ့ကိုပဲအားပေးပေး. . ပရိသတ် ဆိုတာ ငါတို့တွေအတွက် အမြဲတမ်းမှန်တယ်၊ ဒါဟာ ဇိုး တစ်ယောက် တည်းမဟုတ်ဘူး၊ ငါတို့ တစ်ဖွဲ့လုံးရဲ့ ပရိသတ်"

"အေးပါဟာ နောက်မဖြစ်စေရပါဘူး. . စိတ်မဆိုးနဲ့နော်၊ အခုရော နင့်ဆီ ဖုန်းလာသေးလား"

ဇိုး ခေါင်းယမ်းပြပြီး အလွယ်တကူ လိမ်ညာလိုက်သည်။

ရတီသိရင် မီးမွှေးလိမ့်မည်။

ရတီ ဇိုးဆီ တခြားကောင်မလေးတွေ ဖုန်းမဆက်တော့ဘူး ဆို၍ ပျော်သွားသည်။ ထိုအချိန်ဘဲ သူ့ဆီ ဖုန်းတစ်ခုဝင်လာသည်။ ကုမ္ပဏီကဖုန်းပါ။

"မရတော့ဘူး ငါသွားမှရတော့မယ်၊ Meeting က အရေး ကြီးနေပြီ"

ဖုန်းကိုအုပ်ပြီး ဇိုးကိုပြောတာပါ။ ရတီက သူဘာလုပ်လုပ် ဇိုးကိုပြောတတ်ပြီး ဇိုးကတော့ သူဘာလုပ်လုပ် ရတီမသိလေ ကောင်းလေဖြစ်သည်။

"လာပြီ. . လာပြီ အခုထွက်လာပြီ၊ အားလုံး ပြင်ဆင်ထား နှင့်ကြ"

ရတီ ဖုန်းချကာ ဇိုးကို အလောတကြီး နှုတ်ဆက်သည်။

"ဇိုး ငါသွားတော့မယ်"

ဇိုး ခေါင်းညိတ်ပြတော့ သူမ သွက်သွက်ထွက်သွားသည်။


www.burmeseclassic.com

www.burmeseclassic.com



သံပုရာရည်လာချတော့ မကြည်မလင်ဖြစ်နေသည့် ဖိုးဖန်ခွက်ကိုလှမ်းယူကာ ပိုက်ကို စုပ်လိုက်သည်။ အောင်ကျော်က သူ့လက်ကို မြင်သွားသည်။

“မင်းလက်က ဘာဖြစ်တာလဲ”

“ဒါလား. .”

“အေး. .”

“ဂစ်တာကြိုး ထိတာပါကွာ၊ အနာက သေးသေးလေးပါ၊ ဒါပေမယ့် အနာထဲမှာ ပဲခူးနည်းနည်းပါနေတယ်”

“ဟင်. .”

“ဘာလဲဟ”

သူတို့ကြောင်သွားတော့ သူ ‘အဟင်း. . ’ဆိုပြီး ရယ်သည်။

“ဟိုတစ်နေ့က ကောင်မလေး ငါ့ဆီဖုန်းဆက်တော့ လက်ကို ဂရုစိုက်ခိုင်းတာ မင်းတို့ မှတ်မိသေးလား”

“ဪ. .”

သူတို့ အခုမှ သတိရပြီး ငြိမ်သွားသည်။ ပြီးတော့ ခုန Blue Night သီချင်းပါ အတူတူနားထောင်နေမိသည့် အကြောင်းလည်း ပြောပြလိုက်သည်။ ထိုအခါ သူတို့ ပိုငြိမ်သွားသည်။

ပြီးတော့. . တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ. .

“ဘယ်လိုနားလည်ရမှန်းတောင် မသိတော့ဘူး၊ အဲဒီကောင်မလေး အကြားအမြင်များ ရနေတာလား”

“လျှော့တွက်လို့တော့ မရဘူးနော်၊ ဒါ Final Distination အတွက်၊ စတန့်ထွင်တာမဟုတ်ရင် မင်းတို့နှစ်ယောက်တော့ နာမည်ကြီးပြီ”



www.burmeseclassic.com

www.burmeseclassic.com



ဖိုးသဲက အောင်ကျော်ကို လှမ်းဟန့်ရင်း. . .

"မင်းတို့တွေကလည်း ထင်တာတွေ လျှောက်မပြောကြပါနဲ့ ကွာ. . ဒါတိုက်ဆိုင်တာပဲ နေမှာပါ"

"အဲဒါပဲဖြစ်လိမ့်မယ်၊ သူဖြစ်တာနဲ့ ငါ လိုက်ဖြစ်မယ်ဆိုတာ ကြီးက အဓိပ္ပါယ်မရှိဘူး. . "

တေဇာ ငြိမ်နေရာမှ. . .

"ဟော့ကောင် အဲလိုဆို သူ့ကို အခု ဖုန်းဆက်ကြည့်ပါလား၊ ဘာလုပ်နေလဲ သိရအောင်"

ဖိုးသဲနှင့် အောင်ကျော်လည်း ထောက်ခံသည်။

"အေး. . ဟုတ်တယ်"

"ဟော့ကောင် ဆက်ကြည့်ပါလား"

ဖိုး စဉ်းစားသည်။ မကြာသေးခင်ကပဲ ဆက်ပြီးတော့ သူ ရုတ်တရက် ဖုန်းချလိုက်သည် မဟုတ်လား၊ အခု ထပ်ဆက်ရဦးမှာလား။

ဘာဖြစ်လဲ. . ဖုန်းလေးဆက်တာပဲ။ သူ ဖုန်းခလုတ်ကို နှိပ်လိုက်သည်။ မကြာခင် လေလှိုင်းထဲမှတစ်ဆင့် အသံနုနုလေးကို ကြားရတော့မည်။ ဖုန်းဝင်သွားတော့ သူ့ဖုန်းမှန်းသိတာကြောင့် ဟို ဘက်က ချက်ချင်းကိုင်သည်။

"ဟယ်. . ဖိုး၊ ရည်ရွယ် ထိတွေများ ဆယ်မိနစ်တစ်ခါ ပေါက်နေတာလား"

"မင်းက ငါ့ကို စိတ်ဝင်စားစရာတွေဖြစ်အောင် လုပ်ပြတော့ ငါကလည်း မင်းကို အံ့ဩစရာတွေဖြစ်အောင် လုပ်ပြတာပေါ့ ကွဲ. . ဆိုစမ်းပါဦး၊ မင်းခန္ဓာကိုယ်က ဘယ်အစိတ်အပိုင်းတွေများ



www.burmeseclassic.com

www.burmeseclassic.com



မားထပ်ထိထားသေးလဲ”

“ဟယ်. . ဖိုး ထင်သလိုမဟုတ်ဘူးနော်၊ ရည်ရွယ် တမင်လုပ်နေတာမဟုတ်ဘူး၊ စိတ်ထဲမှာ အလိုလိုထင်လာလို့ သတိပေးတာပါ၊ ရည်ရွယ်ပြောသလို တကယ်များ ဖြစ်နေလို့လားဟင်”

“အဟင်း. . ဖြစ်မလားကွာ၊ မင်းဖြစ်သလို ငါလိုက်ဖြစ်ရအောင် မင်းနဲ့ငါက ရင်ချင်းဆက်အမြွှာမှ မဟုတ်တာ၊ ဆိုစမ်းပါဦး ဘာမှမဖြစ်ရင် အခုရော ဘာလုပ်နေလဲ”

“ခေါင်းနောက်လို့ သံပုရာရည် သောက်နေတယ်”

“ဟင်. .”

ဖိုး. . တုန်သွားပြီ။

“ဟေ့ကောင် ဘာဖြစ်တာလဲ”

“ဘာတဲ့လဲ၊ ဘာပြောလို့လဲ. .”

သူငယ်ချင်းတွေ ဝိုင်းမေးကြသည်။ သူ ချက်ချင်းမဖြေနိုင်၊ ရှေ့က သံပုရာရည်ခွက်ကိုကြည့်ပြီး ကြောင်သွားသည်။

“ဖိုး. . ဖိုး”

တစ်ဘက်မှ ရည်ရွယ်ကလည်း လှမ်းခေါ်နေသည်။ ဖိုး သူငယ်ချင်းတွေကို ဖြည်းဖြည်းချင်း ပြောချလိုက်သည်။

“သူ ခေါင်းနောက်လို့ သံပုရာရည် သောက်နေတယ်တဲ့”

ဖိုးကို ဝိုင်းကြည့်ကုန်ကြသည်။ သောက်လက်စ သံပုရာရည်ခွက်ကိုလည်း နားမလည်စရာ ပစ္စည်းတစ်ခုလို အကြည့်တွေ ရောက်ကုန်တော့သည်။

ဖိုး စကားမပြောနိုင်ဘဲ ကြာသွားသည်။ ပြီးမှ ဖိုးစိတ်တာကိုခေါ်ကာ ပိုက်ဆံရှင်းလိုက်သည်။



www.burmeseclassic.com

ww.burmeseclassic.com



"ငါ သွားတော့မယ်၊ မင်းတို့ Studio သာလိုက်ခဲ့တော့"

အလျင်စလိုထွက်သွားသော ဇိုး၏နောက်ကျောကိုကြည့်ကာ တေဇာတို့သုံးဦး ဘာကိုမှ နားမလည်နိုင်ခဲ့။

Studio ခန်းအတွင်း တံခါးတွန်းဖွင့်ဝင်ကာ လွယ်လာသည့် ဂစ်တာအိတ်ကို ပစ်ချလိုက်သည်။

"ကျွတ်. . ဘာလဲကွာ"

ဇိုး အခန်းတွင်း ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း စဉ်းစားနေသည်။ သက်ပြင်းချသည်။ ခုံတွင်ဝင်ထိုင်တော့ Keyboard ကို လက်နဲ့ထောက်မိသည်။ ထိတ်လန့်ဖွယ်ကောင်းစွာ Blue Night သီချင်းက ထထွက်လာသည်။

"ဟာ. ."

သူ လန့်ဖျပ်ပြီး ပိတ်ပစ်လိုက်ရ၏။



www.burmeseclassic.com

ww.burmeseclassic.com



# XIV

တစ်ညလုံး သီချင်း ကြိုးစားရေးကြည့်သည်။ သံစဉ်သစ် ရမလာ၊ စာသားသစ် ထွက်မလာ။ ပိုအားထုတ်လေ ပိုနောက်ကျိလာလေ ဖြစ်နေသည်။ နောက်ဆုံးတော့ စိတ်ညစ်ညစ်ဖြင့် ဂစ်တာကို ဘေးချကာ ကြမ်းပေါ် လှဲအိပ်လိုက်သည်။ စိတ်ပင်ပန်းလို့လားမသိ ခဏချင်းပင် အိပ်ပျော်သွား၏။

ဒါပေမယ့် ဖြစ်သလိုအိပ်မိသောဒဏ်ကို မနက်လင်းလာချိန်မှာ ခံစားလိုက်ရသည်။

မှောင်နေသော အခန်းတွင်းသို့ ပြတင်းတံခါးမှ နေရောင် ဝင်လာသည်။ ထို့အတူ ဖိုး၏ ဖုန်းထဲကိုလည်း အလင်းလေးတွေ

www.burmeseclassic.com

www.burmeseclassic.com



ဝင်လာသည်။ ဖိုး အိပ်ယာမှ မျက်လုံးပွတ်သပ်ပြီး ထသည်။ မနေ့ညကအိပ်တာ လည်ပင်းအောက်မှာ သီချင်းခွေတစ်ခွေခံပြီး အနေအထားမကျဖြစ်ကာ သူ့ဇက်ပိုးတွေ နာနေသည်။

ဇက်ကနာ ဖုန်းကလာသဖြင့် အချိန်မီ မကိုင်လိုက်နိုင်။ ဖုန်းနောက်တစ်ခါ ထပ်ဝင်လာမှ ကိုင်မိသည်။

ထင်သည့်အတိုင်း ရည်ရွယ်. .

"ဖိုး. . ရည်ရွယ် ဘယ်လိုဖြစ်တယ်မသိဘူး၊ ဆိုင်ကယ်စီးရင်း ဇက်နာလာလို့"

"ဟင်. ."

"ဖိုးကို စိတ်ညစ်အောင် တမင်လုပ်တာတော့ မဟုတ်ဘူးနော်. .၊ ရည်ရွယ် လည်ပင်းတကယ်နာလာလို့ ဖိုးကိုလှမ်းသတိပေးတာပါ"

ဖိုး ကိုယ်ဇက်ပိုးကိုယ် ဘယ်လက်နှင့်စမ်းရင်း. . .

"ဖြစ်တာ ဘယ်လား. . ညာလား"

"ဘယ်. ."

"ဟာ. ."

ဖိုး ဆိုဖာပေါ် ဖင်ထိုင်ကျသွားသည်။ ဘယ်လိသံမြည်လာသည်။ ဒီလိုမနက်ခင်းဆို မြည်တတ်တဲ့ဘဲလ်သံက ပါဆယ်ဘူးလာပို့သည့် လုံခြုံရေးဝန်ထမ်း၏ အသံမှန်း ဖိုး အလိုလိုသိနေပြီ။

တံခါးဖွင့်ကာကြည့်တော့ ထင်သည့်အတိုင်း ပါဆယ်လာပို့ခြင်း။

အမြန်ယူကာ ဘူးကိုဖွင့်တော့ နောက်ထပ် စက္ကူအပိုင်းအစနှစ်ခု ထပ်ထွက်လာသည်။ နံရံမှ သူ့အရင် စက္ကူအပိုင်းအစများကို



www.burmeseclassic.com

www.burmeseclassic.com



ယူကာ အခု စက္ကူအပိုင်းအစ အသစ်များနှင့် ဆက်စပ်ကြည့်သည်။ သုံးလေးခါ ဆက်စပ်ကြည့်ပြီးသည့်နောက်မှာတော့. . .

"ဪ. ."

ပုံတူလေးတစ်ခု. .။

အခြားမဟုတ်. .။

သူ့ပုံ။ သူ ပဲခူးမှာလက်မှတ်ထိုးရင်း ရည်ရွယ်ကို မော့ကြည့်စဉ် ဖုန်းဖြင့်ဓာတ်ပုံရိုက်လိုက်သည်ကို သတိရသည်။ အခု ထိုပုံကိုပင် ပုံတူပန်းချီဆွဲကာ အပိုင်းပိုင်းဖြတ်ရင်း သူ့ကို လှမ်းပို့ပေးနေခြင်းဖြစ်၏။ စိတ်ကူးကောင်းသလို လက်ရာကလည်း ကောင်းလှသည်။

ပန်းချီပညာရှင် မဟုတ်ပေမယ့် ရည်ရွယ်လက်ရာမှာ တော်တော်ကောင်းမှန်း သတိထားမိသည်။

ကောင်မလေးဟာ သူ့အတွက် သီချင်း ဖြစ်မဖြစ်တော့မသိ၊ သူကတော့ ကောင်မလေးအတွက် ပန်းချီတစ်ချပ် ဖြစ်ခဲ့ရပြီ။

သူ့ရင်ထဲမှာ ကျေနပ်လာမိသလိုလို. . .။



www.burmeseclassic.com

www.burmeseclassic.com



# XV

ကန်ရေပြင်စပ်က သစ်ပင်အောက်မှာ ရတီနှင့်ဇိုး နှစ်ယောက်တည်း ရပ်နေမိသည်။

အခန်းအောင်းနေရာမှ လူက တဖြည်းဖြည်းငေါင်လာသဖြင့် အပြင်ထွက်ဖို့ကြိုးစားစဉ် တိုက်တိုက်ဆိုင်ဆိုင် ရတီရောက်လာခဲ့၏။ မေမေပေးလိုက်သော တစ်လစာအသုံးစရိတ် လာပေးခြင်းဖြစ်သော်လည်း တော်တော်နှင့်မပြန်။ နောက်ဆုံးတော့. . အခုနေရာသို့တိုင် ခေါ်လာခဲ့ခြင်းဖြစ်တော့၏။

"နင် အခုတလော ဘာဖြစ်နေတာလဲဇိုး"

"ဘာဖြစ်လို့ဖြစ်မှန်းတောင် မသိပါဘူးဟာ၊ စိတ်တွေ ထွေ



www.burmeseclassic.com

www.burmeseclassic.com



နေတယ်"

"ဘာစိတ်ညစ်စရာတွေရှိလို့လဲ ငါ့ကိုပြောပြလေ၊ ငါလည်း မျှဝေခံစားပေးမှာပေ့ါ"

ခေါင်းယမ်းပြလိုက်သည်။

"မဖြစ်ပါဘူး. .၊ ငါကိုယ်တိုင်တောင် ဘာဖြစ်လို့ဖြစ်မှန်း မသိတာ၊ နင့်ကို ဘယ်လိုပြောပြရမှာလဲ"

"နင့်မိဘအကြောင်းတွေ ပြန်တွေးမိလို့လား"

"မဟုတ်ပါဘူး၊ အဲ့ဒါတွေကို ငါမတွေးဖြစ်အောင် လေ့ကျင့် ခဲ့ပြီးပါပြီ"

"သီချင်းရေးမရလို့လား"

"အဲတာတော့ တစ်စိတ်တစ်ပိုင်း ဟုတ်တယ်၊ ဒါပေမယ့် အဲဒါလည်း အဖြေမဟုတ်ဘူး"

"ဘာတွေလဲ"

ရတီ အူကြောင်ကြောင်ပုံစံ ဖြစ်သွား၏။

"နင် နားလည်မှာ မဟုတ်ပါဘူးဟာ"

ဇိုး ကန်ရေပြင်ကို ခဲလုံးလေးတစ်လုံး ပစ်ပေါက်လိုက်သည်။ ခဲလုံးလေးက ရေပေါ် နှစ်ချက်သုံးချက် လျှပ်တိုက်ပြေးကာ နောက် ဆုံး မြုပ်သွား၏။

"ရတီ. . နင့်ကိုငါ တစ်ခုမေးချင်တယ်၊ အချစ်ဆိုတာကို နင် ဘယ်လိုမြင်လဲ"

ရတီ နည်းနည်းရှက်သလို ခေါင်းငုံ့သွားသည်။ သို့သော် သူ ပြန်ခေါင်းမော့လိုက်တော့ ဇိုးက သူ မျှော်လင့်ထားသလို သူ့ကို ရွှန်းရွှန်းစားစား ကြည့်မနေဘဲ အဝေးကိုသာ သုန်သုန်မှုန်မှုန် ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။

"ဘာလို့မေးတာလဲ၊ နင့်မှာ အချစ်နဲ့ပတ်သက်လို့"

ဇိုး လက်ကာပြကာ. . .

"မဟုတ်ဘူး၊ အချစ်နဲ့ပတ်သက်ပြီး တိကျတဲ့အဖြေတစ်ခုကို နောက်စီးရီးမှာ သုံးချင်လို့၊ နောက်တစ်ခုက ငါကိုယ်တိုင်လည်း အချစ်ကို သေချာနားလည်ချင်လို့ဟာ. . ."

"အချစ်အကြောင်းကို အဲ့ဒီလို မေးခွန်းထုတ်ရုံနဲ့ နားလည်လိမ့်မယ်လို့ နင့်ကိုဘယ်သူပြောလဲ"

"ဖြေမှာသာဖြေပါ. . . ရတီရယ်"

ရတီ စူးစမ်းသလို သူ့ကိုကြည့်သည်။ တစ်ချက်ပြုံးပြီးမှ. . .

"အချစ်ဆိုတာ ငါထင်တဲ့အတိုင်း ပြောရရင် ချစ်ချင်လို့ ချစ်တာပေါ့ဟာ၊ အချစ်မှာ အကြောင်းပြချက် မရှိဘူး၊ ပြီးတော့ အချစ်ကို ဘယ်လိုမြင်တယ်လို့ ပြောလို့မရဘူးလေ၊ အချစ်မှာ မျက်စိမှမရှိတာ၊ ပြီးတော့. . ငါ ဆိုရင်လည်း တစ်စုံတစ်ယောက်ကို ချစ်နေမိတဲ့အခါ. ."

ပြီးမှ ရှက်အမ်းအမ်းနဲ့ အကြည့်လွှဲပြီး. . .

"သူဘာဖြစ်ဖြစ် ချစ်နေမိမှာပဲ"

"ဒီလောက်လေးပဲလား၊ အချစ်ဆိုတာ အဲဒီလောက်လေး တော့ မဟုတ်ဘူးထင်တယ်နော်"

"ဒါဆိုဘာလဲ၊ နင်က အချစ်ကို ဘယ်လိုမြင်ထားလို့လဲ"

ဇိုး သက်ပြင်းချသည်။ သူ ခဲတစ်လုံးကောက်ကာ အဝေးဆုံး ရောက်အောင်သာ အားထည့်ပစ်လိုက်၏။ ငြိမ်သက်နေသည့်ကန် ရေပြင် လှုပ်ခတ်သွားတာလည်း အချစ်၏အဓိပ္ပါယ်တစ်မျိုး ဖြစ်ချင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မည်။

"ငါ မသိဘူး"

ပြီးတော့ ဝိုး ခပ်မဲ့မဲ့ပြုံးကာ. . .

"အဲလိုအဓိပ္ပါယ်တွေ အမျိုးမျိုး ကွဲထွက်နေတာကိုက အချစ်ဟာ ယုံကြည်လောက်စရာ မဟုတ်လို့ဘဲ"

ပြောပြီးတော့ သူ့ကားရှိရာကို ပြန်ခဲ့ကြသည်။

မောင်းထွက်ခဲ့တော့ စိတ်တွေက အရင်ထက်လေးလံလာသလို. . .



www.burmeseclassic.com

www.burmeseclassic.com



# XVI

ရည်ရွယ်စကားကို ဇိုးနားမထောင်ခဲ့ပါ။ ကားမောင်းရင်း ဖုန်းပြောလာသည်။

"အေး. . ဒီတစ်ခေါက် ငါကအရင်ဖြစ်တာ၊ ငါဖြစ်ပြီးမှ သူ့ဖုန်းလာတာ"

တေဇာက ရေချိုးပြီးလို့ ခေါင်းပြောင်အောင်သုတ်ရင်း ပြောနေတာပါ။ ဟိုတစ်နေ့က ဇက်နာသည့် ကိစ္စဖြစ်သည်။

တေဇာက. . .

"မင်းဖြစ်ပြီးမှ သူဖြစ်တာလို့ ပြောတာလား"

"အေး. . အဲလိုပဲ ဖြစ်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်တော့ မင်းတို့ကိစ္စက တိုက်ဆိုင်တာ မဟုတ်တော့ဘူးကွ၊ အခု သူ ဘာလုပ်နေလဲ၊ မင်း ဖုန်းဆက်ကြည့်ချင်သေးလား"

ဇိုး တစ်ချက်ပြုံးလိုက်သည်။

"အေး. . ဆက်မယ်ကွာ"

ဖုန်းကမအား. . .

"သူ မအားဘူးထင်ပါတယ်"

ဟုတွေးကာ ဇိုး ဖုန်းချလိုက်သည်။

ထို့အတူ တစ်ဖက်မှ ရည်ရွယ်မှာလည်း. . .

"သူ အလုပ်ရှုပ်နေတယ်နဲ့ တူပါတယ်"

ဟုရေရွတ်ကာ ဖုန်းကိုချလိုက်သည်။

တစ်ချိန်တည်းမှာ ဖုန်းအတူတူခေါ်မိသည့် ကိစ္စမှာတော့ တိုက်တိုက်ဆိုင်ဆိုင် missed calls message လည်းဝင်မလာခဲ့ကြသဖြင့် (ကံကြမ္မာမှလွဲ၍) သူတို့နှစ်ဦး မသိလိုက်ကြတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



# XVII

ရည်ရွှယ် အိပ်မက်မက်နေသည်။ အိပ်မက်ထဲတွင် ဇိုးက သူမနှင့် မလှမ်းမကမ်းမှာ ရပ်နေသည်။ လက်ထဲတွင် ကတ္တီပါဘူး လေးကို ကိုင်ထားသည်။ ကတ္တီပါဘူးလေးထဲမှာ တောက်ပနေသည် က လက်စွပ်လှလှလေးတစ်ကွင်း. . ။

ရည်ရွှယ် ပျော်သွားသည်။

'သူမအတွက်လား' ဟု လှမ်းအော်မေးတော့ ဇိုးက ခေါင်း ညိတ်ပြသည်။

ထိုအချိန် လက်စွပ်ထဲမှ အနက်ရောင်အခိုးအငွေ့များ ထွက် ပေါ်လာပြီး. . ထိုအငွေ့တွေမှာ လေထဲတွင် မှော်သင္ကေတ်ပါဆိုးတစ်

www.burmeseclassic.com

www.burmeseclassic.com



ကောင် ဖြစ်သွားသည်။ ဖိုးနှင့်ရည်ရွှယ် ကြောင်ကြည့်နေစဉ် သတ္တဝါ ဆိုးကြီးက ဖိုးကို ကုပ်မှဆွဲခေါ်ကာ အဝေးကြီးသို့ ပျံထွက်သွားသည်။

" ဖိုး. . . ဖိုး. . . ဖိုး. . . "

ရည်ရွှယ်အိပ်ရာပေါ်မှ လူးလိမ့်နေရာမှ ဝုန်းခနဲ ထလိုက်သည်။ ထိုအခါမှ အိပ်မက်ထဲ နစ်မွန်းနေမှန်း သိတော့၏။ အိပ်မက်မှန်းသိပေမယ့် ထိတ်လန့်မှုမှာ မပြေသေး။ တစ်ကိုယ်လုံး ချွေးတွေ ရွှဲနစ်နေသည်။

အိပ်ရာဘေးမှ ဝက်ဝံနာရီလေးကို ကြည့်တော့. . .

မနက်သုံးနာရီကို ညွှန်ပြနေသည်။ သူမ ဖိုးဆီ ချက်ချင်းပဲ ဖုန်းလှမ်းခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



# XVIII

ဇိုး အိပ်မက်မက်နေသည်။ အိပ်မက်ထဲတွင် ရည်ရွယ်က သူနှင့်မလှမ်းမကမ်းမှာ ရပ်နေသည်။ လက်ထဲတွင် ကတ္တီပါဘူးလေးကို ကိုင်ထားသည်။ ပြီးတော့ သူ့ မနီးမဝေးမှာ ခြေစုံရပ်ပြီး ကတ္တီပါဘူးလေးကို ဖွင့်ပြသည်။ *ကတ္တီပါဘူးလေးထဲမှာ တောက်ပနေသည်*က လက်စွပ်လှလှလေးတစ်ကွင်း။ ဇိုး ပြုံး၍သွားသည်။

'ကိုယ့်အတွက်လား'ဟု သူ လှမ်းအော်မေးတော့ ရည်ရွယ်က ချစ်စဖွယ် ခေါင်းညိတ်ပြသည်။

ထိုအချိန် သူတို့နှစ်ဦးကြား မြေကြီးက သိမ့်သိမ့်တုန်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်။ တဖြည်းဖြည်းနှင့် မြေပြင်က အက်ကွဲပြီး ပြိုကျလာတော့သည်။ သူတို့ ကြောင်ပြီး ငေးကြည့်နေစဉ်မှာပင် မြေပက်ကြားအက်တစ်ခုက ရည်ရွယ်ကို မျိုချသွားသည်။

"အား. . ရည်ရွယ်"

သူ့လက် ကမ်းလှမ်းဖမ်းလိုက်ပေမယ့် ရည်ရွယ်ကို မမီတော့. . .။ လက်စွပ်ကလေးကိုပဲ မီလိုက်တော့သည်။

ဖိုး အိပ်ရာထဲမှာ လူးပ်ရှားနေရာမှ ဝုန်းခနဲ ထလိုက်သည်။

ထိုအချိန် အိပ်ရာဘေးမှ သူ့ဖုန်းမှာ အသံမြည်လာသည်။

ဖုန်းနံပါတ်ကို ကြည့်လိုက်တော့. . ရည်ရွယ်။

သူမ အပြင်မှာ ဘာဖြစ်နေပြီလဲ။ သူ စိုးရိမ်စိတ်ဖြင့် ဖုန်းကို ကိုင်လိုက်သည်။

"ဟဲလို. . ဖိုးလား"

ရည်ရွယ့်အသံက အခြားနေ့တွေနှင့်မတူဘဲ ထူးဆန်းစွာ မောဟိုက်လွန်းနေ၏။

"ဖိုး. . ရည်ရွယ် အိပ်မက်ဆိုးတွေ မက်နေလို့"

"ဟာ. . ကျွန်တော်လည်း အိပ်မက်ဆိုးတွေ မက်နေတာ"

"အိပ်မက်ထဲမှာလေ ဖိုး"

". . . . . . . . . . . . ."

"ဗျာ. . ."



www.burmeseclassic.com

www.burmeseclassic.com



# XIX

နှစ်ယောက်သား ဒိုင်ယာရီ အတူတူဖတ်ရာမှ စာမျက်နှာ တစ်ရွက် လွတ်ကျသွားသည်။

နံဘေးတွင် ရွယ်တစ်ယောက် အိပ်ပျော်နေပါပြီ။ ဇိုး သူမကို အတော်ကြာအောင် ကြင်နာစွာ ကြည့်နေမိသည်။

ပြီးတော့ စောင့်ခြုံပေးခဲ့သည်။ သူ ကိုယ်တိုင်ကတော့ အ ပြင်ထွက်ကာအိပ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



# XX

နေလုံးကြီးက ထုံးစံအတိုင်း ကမ္ဘာမြေကို နေ့သစ်တစ်ခု ဖန်ဆင်းပေးဖို့ ထွက်ပြူလာပြီ။ သူ ရွှယ့်နဖူးကိုနမ်းတော့ ရွှယ်က ပြုံးပြီး နိုးလာသည်။

"ဟွန်း. . ပဲခူးက လူလယ်မလေး နိုးနေရဲ့သားနဲ့ အိပ်ချင်ယောင်ဆောင်နေတယ်ပေါ့ ဟုတ်လား"

"ဟင်. . မနက်လင်းပြီလား"

ဗိုး ခေါင်းညိတ်ပြ၏။

"ညက ရွှယ် ဒီမှာအိပ်ပျော်သွားတာလား"

ဗိုး ခေါင်းထပ်ညိတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗိုး ကရော"

"အပြင်မှာ ထွက်အိပ်တာလေ"

"တော်လိုက်တာ လေးစားသွားပြီ"

သူမပြောတော့ သူ မဲ့ပြုံးပြုံးသည်။ သူမ တစ်စုံတစ်ရာကို သတိရသွားဟန်ဖြင့်. . .

"ဟယ်. . မနက်မိုးလင်းပြီဆိုတော့ နှစ်ပတ်လည်ရောက်ဖို့ သုံးရက်ပဲ လိုတော့တာပေါ့"

"အင်းပေါ့"

"ဒါဆို ဒီနေ့ ရည်ရွှယ်တို့ ဘာလုပ်ကြမှာလဲ"

"မနေ့က ပြောပြထားတယ်လေ မမှတ်မိဘူးလား"

"ဟင့်အင်း"

ရွှယ်က ချစ်စဖွယ် ခေါင်းရမ်းပြသည်။ ဘာရယ်မဟုတ် အပြစ်ကင်းဖြူစင်နေသော ရည်ရွှယ့် မျက်နှာလေးအား ဗိုး အကြာကြီး ငေးမိသွား၏။

ချစ်ဖို့ကောင်းလိုက်တာလေ. . .။



www.burmeseclassic.com

www.burmeseclassic.com



# XXI

Shopping Center ကြီးတစ်ခုတွင်း၌ ဖိုးနှင့် ရည်ရွှယ်တို့ နှစ်ဦးသား လျှောက်လည်နေကြသည်။ ရည်ရွှယ် လက်ညှိုးထိုးသမျှကို ဖိုးက ဝယ်ပေးနေသည်။ သူတို့ ပျော်ရွှင်နေကြသည်။ ဒါပေမယ့် လူအချို့ရဲ့မျက်လုံးတွေမှာတော့ သူတို့အား ထူးဆန်းသလို ကြည့်နေပါ၏။

နှစ်ပတ်လည်မတိုင်ခင် ရည်ရွှယ် တောင်းဆိုသမျှ လုပ်ပေးရမည့်အထဲတွင် ရည်ရွှယ်ကို ဟင်းချက်ကျွေးမည့် အစီအစဉ်လည်း ပါသေးသည်။ ထို့ကြောင့် အတူတူ ဟင်းသီးဟင်းရွက် အသားငါးများ ဝယ်ကြသည်။ အိမ်ရောက်တော့ ချက်ပြုတ်ရန် ပြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရည်ရွှယ်က လက်ပိုက်ပြီး ဘေးကနေ ဆရာကြီးလို ကြည့်နေသည်။ ဇိုးက မချက်တတ်ချက်တတ်နှင့် ဖင်ကုတ်ခေါင်းကုပ် လုပ်ကာ ချက်နေရသည်။ ထိုအခိုက် ရွှယ်က သူ့လက်ကို သူမလက်ဖဝါး သေးသေးလေးနှင့် ဖြန်းခနဲ လှမ်းရိုက်သည်။

"အ"

ဇိုး ကြောင်ကာသွားရင်း. . .

"ဘာလို့ ရိုက်တာလဲ"

"ဟင်းချက်ပါတယ်ဆို ဘာလို့ ဖင်ကုတ်နေတာလဲ၊ တော်တော်ညစ်ပတ်တဲ့ စားဖို့မှူး"

"ဟီး"

"ရယ်မနေနဲ့ နောက်တစ်ခါကုတ်ရင် အတွေ့ပဲ"

ရည်ရွှယ်လစ်တဲ့အချိန် ဇိုးက ခါးကြားမှာ ညှပ်ထားသည့် ဟင်းချက်စာအုပ်ကို ထုတ်ထုတ်ကြည့်ရသေးသည်။ ရွှယ် အနားရောက်လာပြန်သည်။ ဟင်းက မကျက်သေး၊ နှိုက်မြည်းဖို့ပြင်တော့ ဇိုးက ဇွန်းနှင့် လက်ကိုလှမ်းရိုက်သည်။

"အ. . ဘာလို့ ရိုက်တာလဲ"

"ဝက်ကြီးကျလို့လေ ဟင်းမကျက်သေးဘဲ လာနှိုက်စားလို့၊ နောက်တစ်ခါ လာနှိုက်စားရင် အတွေ့ပဲ"

"ဟီး"

ရည်ရွှယ်ကလည်း သွားလေးအဖွေးသားဖြင့် ရယ်သည်။ ဟင်းပွဲတွေ မကြာခင် ကျက်ပါတော့မည်။



www.burmeseclassic.com

ww.burmeseclassic.com



# XXII

ဟင်းပွဲများကို လှပစွာ တည်ခင်းထားသည်။ ဖယောင်းတိုင်လှလှလေးများကို စားပွဲအနှံ့ ထွန်းညှိထားသည်။ နှင်းဆီပွင့်ဖတ်နီများကို ခြွေချဖြန့်ခင်းထားသည်။ Blue Night သီချင်းကို ဖွင့်ထားသည်။ သီချင်းဆုံးမှ စားသောက်ကြရန် စီစဉ်ထားသည်။

သီချင်းသံကြားမှာ ဇိုး ရည်ရွှယ့်ကို ကြည့်နေပါသည်။ ရွှယ်ကို သူသိပ်ချစ်သည်။ ထိုသို့တွေးမိသောအခါ ရင်ထဲမှ ဝမ်းနည်းလာသည်။ သို့သော် ဝမ်းနည်းမှုကို မဖော်ပြဘဲ အပြုံးကိုသာ ပြုံးထားလိုက်သည်။ သီချင်းလေးဆုံးတော့. . .



www.burmeseclassic.com

www.burmeseclassic.com



"ကဲ့ . . . စားကြမယ်"

"စား"

"နိုင်ငံကျော် ဆရာဝန်အဆိုတော်ပဲ ကြားဖူးတယ်၊ အခုမှ စားဖိုမှူးအဆိုတော်နဲ့ တွေ့ပြီ၊ များများကို စားပစ်ဦးမယ်"

"စားပြီးရင် ဘာလုပ်မှာလဲ ရွှယ်"

"ဒိုင်ယာရီ ပြန်ဖတ်မယ်လေ ဖိုးရဲ့"

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com





လွမ်းဖွယ်. . .
ဒိုင်ယာရီကို သူ ထပ်ဖတ်ပြလိုက်ပါသည်။

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်နဲ့ ကျွန်တော့်ရဲ့နတ်သမီးလေး စိတ်ချင်းတူ့တူ နေတတ်တာကို သူငယ်ချင်းတွေလည်း စိုးရိမ်ကုန်ကြတယ်လေ။

တေဇာကြီးက စိုးရိမ်လွန်ပြီး ကျွန်တော့်ကို စာအုပ်တစ်အုပ် လာပေးတယ်။


www.burmeseclassic.com

www.burmeseclassic.com


# XXIII

တေဇာက ဖိုးရှေ့ကို စာအုပ်တစ်အုပ် ပစ်ချပေးလိုက်သည်။

"ရော့ . . သူငယ်ချင်း၊ မင်းဖတ်ဖို့ ငါ့အဖေ ပေးလိုက်တာ"

ဖိုး စာအုပ်ကို လှမ်းယူလိုက်သည်။ ဘာသဘောလဲ နားမလည်နိုင် ဖြစ်သွားသည်။

"မင်း အခုဖြစ်နေတာတွေနဲ့ပတ်သက်ပြီး စိုးရိမ်လို့ ငါ့အဖေ့ကို အကုန်ပြောပြလိုက်တယ်၊ အဲမှာ ဒီစာအုပ်ကို မင်းဖတ်ဖို့ ပေးလိုက်တာပဲ၊ ဖတ်ကြည့်လိုက်ပါ မင်းအတွက် တစ်ခုခု အသုံးဝင်ပါလိမ့်မယ်"

ဖိုး ဟိုလှန်ဒီလှန် ကြည့်လုပ်ကြည့်သည်။


www.burmeseclassic.com

www.burmeseclassic.com


စာအုပ်က သဘာဝဆန်းကြယ်ဖြစ်ရပ်လွန် တိုက်ဆိုင်မှုများ အကြောင်း ရေးသားထားခြင်း ဖြစ်သည်။ သူ တကယ် ဒီလိုစာအုပ် ဖတ်ဖို့ လိုအပ်ပြီလား. . . ???။

"အဲဒါဆို ငါ သွားလိုက်ဦးမယ် ဇိုး၊ လေးငါးရက်လောက် မင်းနားမယ်ဆိုတဲ့အကြောင်း ဟိုကောင်တွေကို ငါပြောထားလိုက် မယ်"

"အေး. . အေး"

တေဇာ ထရပ်လိုက်သည်။ ထိုင်ခုံကို ပတ်ထွက်စဉ် နံရံတွင် ကပ်ထားသော ပန်းချီပုံကို သွားတွေ့သည်။

"ဟာ. . ဒါက"

"စုံသွားပြီ"

တေဇာ အနီးကို လျှောက်သွားပြီး. . .

"လုံးဝ မထင်ထားဘူးကွာ၊ ကြည့်စမ်း လက်ရာကတော့ အမိုက်စားပဲ၊ သူကိုယ်တိုင် ဆွဲတာလား"

"ဟုတ်လောက်မှာပါ သူက မင်းသိတဲ့အတိုင်း ခန့်မှန်းမရ တဲ့ ကောင်မလေးလေ. . အပင်း"

တေဇာ ပန်းချီကားကို သေသေချာချာကြည့်ပြီး တည်တည် ငြိမ်ငြိမ် ဖြစ်သွားသည်။

"ငါ မင်းကို တစ်ခုလောက် အကြံပေးချင်တယ် ဇိုး၊ မင်း နားမှာ အမြဲရှိနေတဲ့ ရတီအပါအဝင် မင်းကိုလာပတ်သက်တဲ့ မိန်းကလေးတွေ အားလုံးနဲ့တော့ ဒီကောင်မလေးက လုံးဝမတူဘူး၊ စဉ်းစားမယ်ဆို စဉ်းစားသင့်တဲ့ထဲမှာပါတယ်၊ မင်းစိတ်ထဲမှာ အချစ် ကို နည်းနည်းဖြစ်ဖြစ် လက်ခံလာပြီဆိုရင်ပေါ့"


www.burmeseclassic.com

www.burmeseclassic.com



ဇိုးလည်း ငြိမ်သွားပါသည်။ တေဇာက အလေးအနက် အကြံပေးမှန်းလည်း သိသည်။

"အေးပါကွာ ကျေးဇူးတင်ပါတယ်"

တံခါးဝထိ ဇိုး လိုက်ပို့သည်။ တံခါးမှထွက်ခါနီး တေဇာက လှည့်ပြောသေး၏။

"စာအုပ်ကိုတော့ ဖတ်ဖြစ်အောင် ဖတ်လိုက်နော်"

ဇိုး ခေါင်းညိတ်ပြလိုက်သည်။ တကူးတကလာပေးပြီး တကူးတကဖတ်ဖို့ မှာသည့်စာအုပ်မို့ တေဇာပြန်သည်နှင့် အခန်းထဲဝင်ကာ ဖတ်ရန်ပြင်ပါသည်။ စာအုပ်စစလှန်ချင်းမှာပဲ. . .

အတွင်းဖုံးတွင် ရေးထားသော လက်ရေးစာတစ်ကြောင်းကို တွေ့လိုက်ရသည်။ တေဇာ့အဖေ့ သူ့အတွက်ရေးထားမှန်း စာကိုဖတ်တာနှင့် သိလိုက်သည်။

"သား..ဇိုး..

မနက်ဖြန် အနက်ကယ်တို့ရှိုးမောင်ဒန်ရဲ့

မင်္ဂလာနှစ်ပတ်လည်နေ့ ရှိတယ်၊

သားကိုလည်း လာခဲ့ဖို့ ဖိတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com


# XXIV

ရာသီဥတု သာယာသောည။

ညရောက်လျှင် ရာသီဥတုအကြောင်း လူတွေ သိပ်မပြောကြ။ ညတွေက အတူတူပဲဟု ထင်နေကြသည်။ တကယ်တော့ ညတွေမှာလည်း အပူအအေး၊ အလင်းအမှောင်၊ အရောင်အဆင်း၊ အဖိအဖော့နှင့် လူတွေပေါ် သက်ရောက်သော ရာသီဥတု ရှိပါသည်။

ယခု ထိုရာသီဥတုက သူနှင့်အတူ တေဇာ့အိမ်သို့ ရောက်နေခဲ့ပြီ။ တေဇာကလည်း ဝုန်းဝုန်းဒိုင်းဒိုင်း တီးခတ်ရသော ဒရမ်သမား ဖြစ်ပေမယ့် သူ့အိမ်လေးက ကဗျာဆန်ကာ ချစ်စရာကောင်းနေသည်။


www.burmeseclassic.com

ww.burmeseclassic.com



ဗိုး မရောက်တာတောင် ကြာပြီ။ ဗိုးရောက်တော့ တေဇာက ထွက်ကြိုသည်။ တေဇာ့အဖေကလည်း ဧည့်ခန်းမှာ ထိုင်နေသည်။ ဧည့်ခန်းစားပွဲမှ ကိတ်မုန့်မှာ မြင်လိုက်သည်နှင့် နှစ်ပတ်လည် ကိတ်ဖြစ်မှန်း ဗိုး တန်းသိလိုက်သည်။

"ထိုင်ကွာ. . ဗိုး"

"လာ. . သား ဗိုး ဒီနေ့ ဦးလေးတို့ မင်္ဂလာနှစ်ပတ်လည်နေ့ကွ၊ ကလေးကလားဆန်မလားတော့ မသိဘူးကွာ၊ ဦးကတော့ ဒီနေ့လေးကို နှစ်စဉ်မျှော်နေမိတာပဲ. . ထိုင်. . ထိုင်"

"ဟုတ်"

ဗိုး ပြုံးပြ၍ ဝင်ထိုင်သည်။ ဦးလေး (တေဇာ့အဖေ)ကပဲ စကားစသည်။

"သား. . ဦးလေးပေးလိုက်တဲ့စာအုပ် ဖတ်ဖြစ်တယ်နော်"

"ဟုတ် ဖတ်ဖြစ်ပါတယ်၊ တချို့အပိုင်းလေးတွေကိုတော့ နောက်တစ်ခါထပ်ဖတ်ဖို့ လိုဦးမယ်ထင်လို့ သားယူမလာဖြစ်သေးတာပါ"

"အေးဆေးသာဖတ် စာအုပ်က အရေးမကြီးဘူး၊ အခု သားဖြစ်နေတာတွေကသာ အရေးကြီးတာပါ"

ဦးလေးက စကားကို တွေးတွေးဆဆ ပြောတတ်သူမို့ ဗိုးလေးစားရသည်။ တေဇာက သူ့ညီမလေးကို ကော်ဖီဖျော်ခဲ့ဖို့ လှမ်းအော်သည်။

ထိုအချိန် အိမ်ရှေ့မှ မုန့်ဖက်ထုပ်သည်၏ အော်ဟစ်သံကိုလည်း ကြားလိုက်ရသည်။

"ချိုချိုနွေးနွေး မုန့်ဖက်ထုတ်လေး"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ အော်သွားသောအသံ။

"သား တေဇာ ထွက်ဝယ်စမ်းကွာ၊ အဖေ မုန့်ဖက်ထုပ် မစားရတာကြာပြီ၊ ဖိုးလည်း စားရတာပေါ့"

"ဟုတ် အဖေ"

တေဇာ ထထွက်ကာ သွားဝယ်သည်။ ဦးလေးက စကားဆက်ပြောသည်။

"သားကော အခု သားဖြစ်နေတာတွေနဲ့ ပတ်သက်ပြီး ဘယ်လိုထင်လဲ"

"................"

ဖိုး အတော်ကြာအောင် ငြိမ်သွားသည်။ သူ မထင်တတ်ပါ။

"ဘယ်လိုပြောရမှန်းတောင် မသိပါဘူး ဦးရယ်၊ ထူးဆန်းတယ်. . ရင်ထဲလည်း တစ်မျိုးပဲ"

တေဇာ့ညီမလေးက ကော်ဖီခွက် လာချပေးသည်။

"ပြီးတော့ သားက အချစ်ဆိုတာကိုလည်း မယုံဘူးဆို"

"အဟင်း"

"သား မိဘတွေကြောင့် ဒီအတွေးဝင်နေတာမှန်း တေဇာပြောပြလို့ ဦးသိပြီးပါပြီ၊ အချစ်ဆိုတာ ပေါင်းစည်းမှုပဲ၊ ကိုယ်နဲ့ကိုယ့်ချစ်သူနဲ့ မပေါင်းခင်ကို ကိုယ့်စိတ်ထဲမှာ အလွမ်းတွေ၊ သံသယတွေ၊ မာနတွေ၊ ကြည်နူးမှုတွေ စသဖြင့် အရသာအစုံ ပေါင်းစည်းနေခဲ့တာပေါ့ကွာ၊

အေး. . နှစ်ဦးပေါင်းစည်းမယ့် အချစ်ဆိုတာကတော့ ဘယ်လောက် နားလည်မှုလိုမလဲ စဉ်းစားကြည့်ပေါ့ သားရယ်၊ အခု သားရေးနေတဲ့ သီချင်းတွေလိုပဲပေါ့၊ သံစဉ်နဲ့စာသား လိုက်ဖက်မှ ညီ



www.burmeseclassic.com

www.burmeseclassic.com



ညွှတ်မှ မဟုတ်လား၊ ပြီးတော့ အချစ်ဆိုတာ ကဗျာပဲ၊ သား ကဗျာ ကော ရေးဖူးလား"

"အဲဒါတော့ မရေးဖူးပါဘူး"

"အေး မရေးဖူးရင်လည်း များများဖတ်ပြီး ရေးကြည့်ကွာ၊ တစ်ခါတစ်လေ အချစ်ဟာ ကဗျာနဲ့သိပ်ဆင်တယ်၊ တချို့ကဗျာတွေ ဟာ နားလည်ဖို့ မလွယ်ဘူး၊ ဒါပေမယ့် ခံစားလို့ရတယ်၊ တချို့အချစ် တွေဟာလည်း ဒီလိုပဲ နားလည်ဖို့ မလွယ်ဘူး၊ ဒါပေမဲ့ စိတ်ထဲမှာ တော့ ခံစားနိုင်နေတယ်"

"..............."

ဇိုး ထိုစကားတွေကိုတော့ စိတ်ထဲစွဲသွားသည်။ အချစ်၏ အကြောင်းကို သူနားလည်လာသလိုလို. .။ အဝေးကကောင်မလေး တစ်ယောက်ကိုလည်း အာရုံထဲ မြင်ယောင်လာမိသည်။ ထိုအချိန် တေဇာ ခေါင်းတဗျင်းဗျင်းကုပ်ပြီး အိမ်ထဲပြန်ဝင်လာသည်။

"ဝယ်လို့ မရခဲ့ပါဘူး အဖေရာ၊ အဖေ့ မုန့်ဖက်ထုပ်သည် က သားနောက်က အော်ခေါ်တာကို ရဲမှတ်နေလားမသိဘူး စက်ဘီး ဗွတ်နင်းပြီး ပြေးသွားတယ်"

"ဟား. . ဟား"

တေဇာ့ကိုကြည့်ပြီး ရယ်ကြရသည်။

နောက် သုံးမိနစ်လောက်ကြာတော့ တေဇာ့အမေ ရောက် လာသည်။ လက်ထဲမှာလည်း မုန့်ဖက်ထုပ်တွေနှင့်. . .။

"ဖေကြီးရေ ရှင်စားချင်မယ်ထင်လို့ လမ်းက စက်ဘီးသည် ဆီက မုန့်ဖက်ထုပ်တွေ ဝယ်လာတယ်တော့"

ဇိုး မျက်လုံးပြူးသွားသည်။ ဦးလေး မုန့်ဖက်ထုပ် စားချင်



www.burmeseclassic.com

www.burmeseclassic.com



သည့်စိတ်ကို ဒေါ်လေးကပါ ခံစားသိနေသည့် သဘောလား။ ခဏကြာတော့ တေဇာတို့မောင်နှမက သူ့အဖေနှင့်အမေကို ကန်တော့ကြသည်။ အဖေနှင့်အမေ လုပ်သူက ဆုပေးသည်။

ဆုပေးပြီးတော့ တေဇာတို့မောင်နှမနှစ်ယောက်က. . .

"အဖေနဲ့အမေ ပါဆယ်လဲပါ"

"အဖေနဲ့အမေ ပါဆယ်လဲပါ"

ဟု လက်ခုပ်လက်ဝါးတီးပြီး အော်ကြသည်။ သူတို့ နှစ်ပတ်လည်တိုင်း လက်ဆောင်ပစ္စည်း ပါဆယ်လဲကြပုံရမှန်း ဖိုးကြည့်ကာ ခန့်မှန်းမိသည်။

တေဇာတို့အိမ်လေးထဲ နွေးထွေးအေးမြသော မိသားစုအငွေ့အသက်လေးများ ထုံမွှမ်းနေသဖြင့် ဖိုး အားလည်းအားကျအားလည်းအားငယ်လာသည်။

တေဇာ့ အဖေနှင့်အမေ လှလှပပထုတ်ပိုးထားသော လက်ဆောင်ပစ္စည်းလေးနှစ်ခုကို လဲကြသည်။ ပြီးတော့. . လက်ဆောင်ပစ္စည်းကို သူတို့ရှေ့တွင် ဖောက်ကြည့်ရန် တေဇာနှင့် သူ့ညီမက ဆော်သြပြန်သည်။ တေဇာ့ အဖေနှင့်အမေလည်း လက်ဆောင်ပစ္စည်းကို ဖွင့်ဖောက်ကြည့်လိုက်ကြတော့

"ဟာ. ."

"ဟင်. ."

"အို. ."

လက်ဆောင်ပစ္စည်းနှစ်ခုက တူညီနေပြန်သည် မဟုတ်လား. . ။ လက်ဆောင်ပစ္စည်းက တရားစာအုပ်ပါ။ တရားစာအုပ်မှ အမျိုးအစားတူ စာရေးသူတူသည့်စာအုပ်၊ ဖိုး ငေးကြည့်ရင်း ပိုအံ့သြ



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

တေဇာ့အမေက. . .

“ဖေကြီး. . ရှင်ဝယ်ထားတာ ကျွန်မ မသိပါဘူး”

“အေး. . မင်းဝယ်ထားတာကိုလည်း ငါမသိပါဘူးဟ”

တေဇာ့ ညီမလေးက တစ်ခွန်းထပြောသည်။

“ဖေဖေနဲ့မေမေက စိတ်ချင်းဆက်နေတာလား မသိဘူး”

ဇိုး ထိုင်နေရာမှ ဖြည်းဖြည်းချင်း ထလိုက်မိသည်။

သူ တစ်ခုခုကို နားလည်သွားသလိုလို. .

“တေဇာကြီး ငါသွားတော့မယ်ကွာ”

ရုတ်ချည်းပြောင်းလဲသွားသော သူ့ပုံစံကြောင့် အားလုံး ကြောင်ကြည့်နေစဉ်မှာပဲ သူပြေးထွက်ခဲ့လိုက်တော့သည်။

“ဟာ. . ဇိုး. . ဟေ့ကောင်”

“ဇိုး”

ဇိုး အိမ်ခြံဝန်းမှ သံတံခါးကို အမြန်ဖွင့်ပြီး လမ်းမပေါ် ပြေးထွက်သည်။ ထိုစဉ်မှာပဲ လမ်းတစ်ဘက်မှ အရှိန်နှင့်မောင်းဝင်လာသော ကားတစ်စီးက. . .

“ဟာ. .”

“ကျွီ. .”

“ဒုန်း. .”



www.burmeseclassic.com

www.burmeseclassic.com


# XXV

ညအချိန်ဖြစ်သည်မို့ ဆေးရုံက တိတ်ဆိတ်နေပြီ။ တွန်းလှည်းသံကိုသာ တိတ်ဆိတ်မှုကြောင့် ပုံမှန်ထက်ကျယ်လောင်သယောင် ကြားနေရသည်။

တေဇာနှင့် သူ့အဖေ စိတ်လှုပ်ရှားမှုဖြင့် အခန်းတစ်ခုရှေ့မှာ စောင့်နေကြသည်။ ခဏကြာမှ ဆရာဝန်ထွက်လာသည်။ ဆရာဝန်က ပြုံးကြည်စွာပင်. . .

"လူနာ ကံကောင်းတယ်၊ အပေါ်ယံပဲ ထိသွားတာ ဘာမှ စိုးရိမ်စရာမရှိတော့ပါဘူး၊ အခု မေ့ဆေးရှိန်နဲ့ အိပ်ပျော်နေတယ်၊


www.burmeseclassic.com

www.burmeseclassic.com



ခဏနေ သတိရရင် ဝင်ကြည့်လို့ရပါပြီ”

တေဇာနှင့် သူအဖေ ဝမ်းသာသွားကြသည်။ အခုမှ သူတို့ ပင့်သက်ချနိုင်တော့သည် မဟုတ်ပါလား။



www.burmeseclassic.com

ww.burmeseclassic.com



# XXVI

ဆရာဝန်ပြောသလိုပင် ခဏနေမှာ ဇိုး သတိလည်လာပါသည်။ ခေါင်းကပတ်တီးမှာ သွေးနည်းနည်းစို့နေတာက လွဲရင် ဇိုး ပုံစံက စိုးရိမ်စရာသိပ်မရှိလှတော့။ သို့သော် သတိရခါစမို့ ခေါင်းတော့ ကြည်ပုံမရ။

"ငါ ဘယ်ရောက်နေတာလဲ"

"ဆေးရုံလေ မင်း ငါ့အိမ်အပြင် ဖွတ်ပြေးထွက်တော့ ကားတစ်စီးနဲ့ သွားတိုးတာလေ"

ဇိုး မျက်မှောင်ကြုတ်သည်။



www.burmeseclassic.com

ww.burmeseclassic.com



"အင်း. . ငါ ကားအက်စီးဒင့် ဖြစ်သွားတာပေါ့နော်"

"အေး"

ဇိုး တစ်ခုခုကို သတိရသွားသည်။ ချက်ချင်းပဲ တေဇာ့ကို ကြည့်ကာ. . .

"တေဇာ. . ဖုန်း. . ဖုန်း. . ဖုန်း. . ငါ့ကို ဖုန်းပေးစမ်းပါ"

"ဘာလုပ်မလို့လဲ"

"ဖုန်း အမြန်ပေးစမ်းပါ"

တေဇာက ဇိုးပစ္စည်းတွေဖြစ်သည့် ကားသော့နှင့်ဖုန်းကို အိတ်ကပ်ထဲမှ ထုတ်နေတုန်းပဲ ဇိုးက ဇွတ်လှမ်းယူသည်။ ပြီးတော့ ဖုန်းနံပါတ်တစ်ခုကို သူ ကပျာကယာ ခေါ်သည်။ မရ။ ဆက်သွယ်မှု ဧရိယာပြင်ပဟု အော်အော်နေသည်။ သူ ပိုစိုးရိမ်လာသည်။

"ရွှယ်လည်း တစ်ခုခု ဖြစ်နေပြီ ထင်တယ်၊ ငါ ကားအက်စီးဒင့် ဖြစ်တယ်ဆိုတော့ သူလည်း"

တေဇာနှင့် သူ့အဖေလည်း အခုမှ ထိုအချက်ကို တွေးမိသွားသည်။ ဇိုး ကားအက်စီးဒင့်ဖြစ်ချိန် ရည်ရွှယ်ရော ဘာဖြစ်နေမလဲ. . . ???။

ဇိုး ထပ်ခေါ်ကြည့်သည်။ ဖုန်းက လုံးဝမဝင်။ ဘာအသံမှ ပြန်မပြောဘဲကို ကျကျသွားသည်။

"ခေါ်မရတော့ဘူး၊ ငါ ဆေးရုံရောက်တာ ကြာပြီလား"

"အေး. . နည်းနည်းတော့ ကြာပြီ"

"ဟာ"

ဇိုး ဘေးဘီကိုကြည့်သည်။ ခြုံထားသော စောင်တွေကို ဆွဲ ခွာသည်။



www.burmeseclassic.com

www.burmeseclassic.com



"သား ဇိုး ဘာလုပ်မလို့လဲ"

"ဟော့ကောင် ဇိုး ဘာလုပ်မလို့လဲ"

ဇိုး ခုတင်ပေါ်မှဆင်းကာ ကားသော့ယူလိုက်သည်။ တေဇာက တားမလို့လုပ်တော့ တေဇာ့အဖေက တေဇာ့ကို မသိမသာလှမ်းတားသည်။ ဇိုး ဆေးရုံခန်းမှ အမြန်ပြေးထွက်လိုက်၏။

"ဟာ. . ဟော့ကောင်၊ ဘယ်သွားမလို့လဲ"

တေဇာ ပြေးလိုက်မလို့လုပ်တော့ သူ့အဖေက လက်ဖမ်းဆွဲထားသည်။

"လွှတ်ပေးလိုက် သားရေ၊ မင်းသူငယ်ချင်းအကြောင်း မင်းသိပါတယ် တားလို့မရဘူး၊ အလိုက်သင့်သာ လွှတ်ပေးလိုက်"

"ဟာ. . ဒီကောင် ဒဏ်ရာကြီးနဲ့"

"မင်းတားမှ သူ့ဒဏ်ရာက ပိုဆိုးသွားမှာ"

"ဟာ. . အဖေ မသိပါဘူးဗျာ၊ ဒီကောင် ပဲခူးထိ ရောက်အောင်သွားမှာ၊ တော်ကြာ လမ်းမှာတစ်ခုခု"

"သိတယ် သူ ပဲခူးကိုသွားမှာ အဖေသိပါတယ်၊ ခွင့်ပြုပေးလိုက်ပါ၊ ချောချောမောမော ရောက်သွားမှာပါ၊ ပြီးတော့ အချစ်ဆိုတာကို သူတကယ်နားလည်သွားပါပြီ"

တေဇာ သူ့အဖေကိုကြည့်တော့ ယုံကြည်မှုရှိသော မျက်နှာနှင့် ခေါင်းညိတ်ပြသည်ကို တွေ့ရ၏။



www.burmeseclassic.com

ww.burmeseclassic.com



# XXVII

ဗိုး လမ်းတစ်လျှောက် ကားကို အရှိန်ပြင်းစွာ မောင်းနှင်လာခဲ့သည်။ ဖုန်းကိုလည်း တောက်လျှောက်ခေါ်ခဲ့သည်။ ဖုန်းလိုင်းကပဲ ဖြစ်တာလား. . ဘာလားမသိ၊ လုံးဝခေါ်မရ။ သူ ဒေါသထွက်လာသည်။

ဒေါသတကြီး ဖုန်းကို ဆိုဖာပေါ် ပစ်ချကာ လီဗာကို ဖိနင်းချလိုက်သည်။ နလန်ထစမှာပဲ ခရီးပြင်း ဇွတ်နှင်လာ၍ ခေါင်းကလည်း တစ်ချက်တစ်ချက် ကိုက်လာသည်။ ပြီးတော့ တရိပ်ရိပ် မူးလာသည်။ ဒါပေမယ့် အားတင်းပြီး မောင်းနေဆဲ။

ရည်ရွယ် ဘာမှမဖြစ်ပါစေနဲ့. . ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆီကို ပါဆယ်ဘူးတွေ ပို့နေကျမို့ ပါဆယ်ဘူးပေါ်က ရည်ရွယ့်အိမ်လိပ်စာကို သူအလွတ်ရနေသည်။ ပဲခူးမြို့အဝင် ဆိုင်းဘုတ်ကို ကျော်လာတော့ သူဝမ်းသာသလို မောဟိုက်အားနည်းလွန်းလာတာကိုလည်း တပြိုင်နက် ခံစားလိုက်ရသည်။

လိပ်စာအတိုင်း စဉ်းစားရင်း မောင်းလာတော့ ခေါင်းက ပိုကိုက်လာသည်။ ရင်တွေတဆတ်ဆတ် တုန်လာသည်။

ရှေ့က ရေစင်ခပ်မြင့်မြင့်နှင့် နှစ်ထပ်တိုက်အိမ်ဝန်းက ရွှယ်တို့ အိမ်များလား။ မျက်လုံးတွေကျိန်းစပ်ကာ မျက်ခွံတွေ လေးပင်လာသည်။ ကြိုးစား၍ ဖွင့်ကြည့်သည်. . မရ၊ မရတော့။

ထိုအိမ်အရှေ့ ကားလည်းထိုးရပ်အသွား၊ သူ့ခေါင်းလည်း ကားစီယာတိုင်ပေါ် မှောက်ကျသွားတော့၏။ လုံးဝ ခေါင်းပြန်မထောင်နိုင်တော့ပေ။



www.burmeseclassic.com

ww.burmeseclassic.com



# XXVIII

ဦးချစ်ခိုင်တစ်ယောက် နံနက်ခင်း လမ်းလျှောက်ထွက်ရန် အိမ်ထဲမှ ထွက်လာခဲ့သည်။ သူ့အိမ်ရှေ့မှာ ကားအကောင်းစား တစ်စီး ပိတ်ရပ်ထားသည်ကိုမြင်တော့ မျက်မှောင်ကြုတ်သွား၏။ နောက် ကားမှန်တံခါးနား ကပ်ကြည့်တော့မှ အံ့ဩသွားသည်။

သူကောင်းကောင်းမြင်ဖူးနေ၏။ တက်သစ်စ နာမည်ကျော် အဆိုတော်တစ်ဦး၊ ပြီးတော့ သူ၏တစ်ဦးတည်းသော သမီးလေး ရည်ရွယ်ရဲ့ အသည်းကျော်. . ။

"ဟော့. . အိမ်ထဲက ထွက်ခဲ့ကြဦး. . ၊ မေကြီးရေ. . သမီး ရည်ရွယ်"



www.burmeseclassic.com

ww.burmeseclassic.com



ဦးချစ်ခိုင်၏ အော်သံကြောင့် ဘာဖြစ်မှန်းမသိသဖြင့် အိမ်ထဲကလူတွေ ပြေးထွက်လာကြသည်။ ရည်ရွယ်လည်း သူ့ကြောင်ကလေးပိုက်၍ ပြေးထွက်လာသည်။ ကားထဲမှ မေ့မျောနေသော ဖိုးကိုတွေ့တော့ ပိုက်ထားသောကြောင်ကလေးပင် သတိလက်လွတ် လွှတ်ချလိုက်မိတော့၏။

"ဖိုး"

သို့နှင့်အားလုံး အလုပ်များကုန်တော့သည်။ ဖိုးကို ပွေ့ထုတ်ကာ အိမ်ထဲသွင်းကြသည်။ ရည်ရွယ်က ဆရာဝန်အိမ်ကို ပြေးသည်။ ရည်ရွယ် အလွန်တရာမှ စိုးရိမ်စိတ်လှုပ်ရှားနေပြီ မဟုတ်ပါလား။

ထိုစိတ်ဖြင့် သူမခြေလှမ်းလေးတွေ ကျောက်လမ်းမပေါ်မှာ ပြေးလွှားနေရှာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# XXIX

ဆရာဝန်က စိုးရိမ်စရာမရှိကြောင်းပြော၍ ဆေးထိုးပေးခဲ့တော့မှ ရည်ရွှယ် အသက်ရှူနိုင်တော့သည်။ ရည်ရွှယ်မိဘတွေကလည်း နားလည်မှု ရှိကြပါသည်။ ဇိုးက သူတို့သမီး အသည်းစွဲမှန်းလည်း သိနေသည့်အပြင် နယ်မှ ရိုးသားအေးဆေးသောလူများ ဖြစ်တာကြောင့်လည်း ဖြစ်သည်။

ရည်ရွှယ်မှာ တစ်မနက်လုံး ပျာယာခတ်နေသောကြောင့် မေမေကပင် မျက်စောင်းထိုးပြီး စသေးသည်။ ဇိုး နိုးလာရင်သောက်ဖို့ စွပ်ပြုတ်ပြုတ်တာ၊ ဇိုး နဖူးပေါ်က ရေဝတ်ကို မကြာခဏ ဆဲလဲပေးတာ၊ ဇိုး အိပ်နေသည့် ခုတင်ဘေးမှာ သွားသွားထိုင်ပြီး ဇိုး၏



www.burmeseclassic.com

www.burmeseclassic.com



သီချင်းတွေ ဆိုညည်းနေမိတာ. . စသဖြင့် ဇိုးကြောင့် ရွှယ် အနား မရပါ။ ထိုအခိုက် ဖုန်းကလာသေးသည်။

ဇိုး ဖုန်းဖြစ်သည်ကြောင့် ရည်ရွှယ်မကိုင်ရဲ။ မတော်လို့ ဟိုတစ်ခါ ရည်ရွှယ့်ကို ကောထားသည့် မိန်းမ၏ဖုန်းဖြစ်နေလျှင် ခက်မည်။ သို့သော်. . အခု ဇိုးက နေမကောင်း၊ တခြားမြို့လည်း ရောက်နေသည်။ ဇိုး အသိတစ်ယောက်ကို ဒီအခြေအနေတွေ အသိပေးသင့်သည်ဟု ရည်ရွှယ်ထင်သည်။ ထို့ကြောင့် မဝံ့မရဲဖြင့် ဖုန်းကိုင်လိုက်သည်။

" Hel..Hello.. "

"ဩော်. . "

တစ်ဖက်က 'ဩော်'တဲ့။ ယောကျာ်းလေးတစ်ဦးရဲ့ ပြတီတီ အသံကြီးပါ။

"အခုက အဆိုတော် ဇိုး ဖုန်း မဟုတ်ဘူးလား"

"ဟုတ်. . ဟုတ်ပါတယ်"

"ဒါဆို အခုကိုင်တာက"

"ဟို. . ဟို"

"ဩော်. . သိပြီ. . သိပြီ ဇိုးရဲ့ ကောင်မလေးထင်တယ်"

တေဇာ၊ ဖိုးသဲနှင့် အောင်ကျော်တို့ မသိချင်ယောင်ဆောင် ကာ ညစ်ပြီး ဆက်နေခြင်းဖြစ်သည်။ ဇိုးဖုန်းကို ရည်ရွှယ်ကိုင်သည် ဆိုကတည်းက သူ့ကောင် ပဲခူးကို ကောင်းကောင်းမွန်မွန် ရောက် သွားမှန်း တေဇာတို့ သိလိုက်ပြီလေ။ စိတ်လည်းအေးသွားကြသည်။

ရည်ရွှယ် ရှက်သွားပြီ။

"မ. . မဟုတ်. . "



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . ကောင်မလေး မဟုတ်ဘူးဆိုတော့. . ချစ်သူထင်တယ်နော်"

"အာ. ."

ရည်ရွယ် ပိုရှက်သွားပါသည်။

ဟိုကောင်တွေက တခွိုးခွိုး ရယ်သည်။

"အဆိုတော်ဇိုး နေသိပ်မကောင်းဘူးဆိုလို့ ဖုန်းဆက်ကြည့်တာပါ"

"ဩော်. . ဟုတ် ကောင်းသွားပါပြီ၊ အခုထိတော့ အိပ်နေတုန်း၊ အားနည်းသွားတာပါ. . ကောင်းသွားပါပြီရှင့်"

"သိတယ်. . သိတယ် လမ်းမှာမသေဘဲ ပဲခူးသာ ရောက်ပလေ့စေ၊ သူ ဒေါင်ဒေါင်မြည်လာလိမ့်မယ်လို့ ယုံပြီးသား. . ဟဲဟဲ"

"ဟင်. . ဘာကိုပြောတာလဲ မသိဘူး"

"ဟဲဟဲ. . စနေတာ ညီမလေး၊ အစ်ကိုတို့က ဇိုးသူငယ်ချင်းတွေပါ၊ အတီးသမားတွေလေ မှတ်မိလား"

"အာ. . လူကို အရူးလုပ်နေကြတယ်"

ရည်ရွယ် ဇိုး သူငယ်ချင်းတွေမှန်းသိတော့ ပိုရှက်သွားပါသည်။

"အေးပါ. . စတာ. . စတာ. . ဇိုး နေကောင်းရင် ပြီးရော၊ ဒီကောင် ကားအက်ဆီးဒင့် ဖြစ်ထားတာလေ"

"ရှင်"

"ဒီကောင် ရည်ရွယ် တစ်ခုခုဖြစ်နေတယ်ထင်ပြီး ညတွင်းချင်း ပဲခူးကို ဇွတ်ထွက်သွားတာ"

ဇိုး ပတ်တီးကြီးနှင့် ရောက်လာမှန်းသိသော်လည်း ဘာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ပတ်တီးစည်းထားရမှန်း မသိသေး။ အခု တေဇာက ရည်ရွယ့်ကို ဖုန်းမရတာကြောင့် ဖိုး ဆေးရုံကနေဇွတ်ဆင်းပြီး ပဲခူးကို စိုးရိမ်တကြီး အပြေးလိုက်သွားပုံတွေကို ပြောပြသည်။ ထို့နောက်. . .

"ကဲ. . ညီမလေး ဒါဆို ဒါပဲနော်၊ ဒီကောင်နိုးလာမှ ထပ်ဆက်လိုက်မယ်"

"ဟုတ်. . ဟုတ်ကဲ့"

"ရွယ်လေးရေ စွတ်ပြုတ်ကျက်ပြီနော်"

"ဟုတ်. . ဟုတ်. . လာပြီ အမေ"

ရည်ရွယ် ဖုန်းချပြီး မီးဖိုချောင်ဆီ ပြေးရသည်။ တေဇာက ဖုန်းချပြီး ဟာသလုပ်သေးသည်။

"ဟော့ကောင်တွေ ငါ ကြားလိုက်တယ်"

"ဘာကြားတာလဲ"

"စွတ်ပြုတ်ကျက်ပြီတဲ့"

"ဟီး. . ပဲခူးသွားစားရအောင်"

ငတ်ကြီးကျသည့် တေဇာ့ကို ဟိုနှစ်ကောင် နားရင်းဝိုင်းကျင်းပစ်လိုက်ကြသည်။



www.burmeseclassic.com

ww.burmeseclassic.com



XXX

ဇိုး မျက်လုံးလှုပ်ခတ်လှုပ်ခတ်ဖြင့် ပွင့်လာသည်။ ပထမ ကျိန်းစပ်စပ်. . နောက် မျက်လုံးက အလင်းရောင်ဒဏ်ကို ခံနိုင်ကာ ကျယ်ကျယ်ဖွင့်နိုင်သွားသည်။ ထိုအခါမှ သူရောက်နေတာ ဘယ်နေရာမှန်း တွေးမိတော့သည်။ အခန်းထဲ ဝေ့ကြည့်လိုက်တော့ နံရံတွေမှာ သူပုံပိုစတာတွေ ကပ်ထားပြီး သူ့သီချင်းစာသားတွေ ရေးသားထားသည်ကို အပြည့်တွေ့ရသည်။

ပြီးတော့ ဓါတ်ပုံတစ်ပုံကို တွေ့ရသေးသည်။ အခွေမိတ်ဆက်ပွဲမှာ လက်မှတ်ထိုးနေရာမှ သူ မော့ကြည့်လိုက်တော့ ရှေ့ရှယ် သူ့ကိုရိုက်လိုက်သည့် ဓာတ်ပုံဖြစ်မှန်း သိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


အလိုလိုပဲ သူ ရည်ရွယ်အခန်းထဲ ရောက်နေမှန်း သိသွားသည်။ သူချက်ချင်းပဲ လှဲရာမှ ထလိုက်သည်။

အသံတစ်သံကို ကြားနေရ၏။

နူးညံ့သော အသံလေး တစ်သံ။

ထိုအသံကြားရာကို ပြတင်းပေါက်ကနေ ကြည့်လိုက်တော့ ရေစင်ပေါ်က ကောင်မလေး တစ်ယောက်ကို လှမ်းတွေ့လိုက်ရသည်။

"ဟင်. . ."

ရည်ရွယ် ရေစင် နောက်တစ်ဆင့်သို့ သစ်သားလှေကားမှ တက်လိုက်သည်။ ရည်ရွယ် ကြောင်ကလေး အိုအိုကို ရှာနေတာပါ။ အိုအိုက ဘယ်ပျောက်မှန်းမသိ။ ရှာတာ နေရာနှံ့နေပြီ။ ရေစင်ပေါ် တစ်နေရာပဲ ကျန်တော့သည်။ ထိုကြောင့် ကြောက်ကြောက်လန့်လန့်နှင့် ရေစင်ပေါ်တက်နေရသည်။

"ဟော. . နင်က အဲ့ဒီမှာ ပုန်းနေတာကိုး"

ရေစင်ထိပ်ဖျားမှာ အိုအို့ကို ရည်ရွယ် လှမ်းမြင်လိုက်ပြီလေ။

ရည်ရွယ် အားရဝမ်းသာနှင့် လှေကားနောက်တစ်ဆင့်ကို တက်လိုက်သည်။

ထိုစဉ်မှာပဲ. . .

"ဖြောင်း. ."

"အား. ."

သူမ ခြေထောက်က လွတ်ဟာသွားကာ ကိုယ်က လေထဲသို့ တရှိန်ထိုး ထိုးကျသွားသည်။

"ရည်ရွယ်"


www.burmeseclassic.com

ww.burmeseclassic.com



အာခေါင်ခြစ်အော်သံတစ်ခုကို ကြားလိုက်ရပြီးနောက် သူမ ခန္တာကိုယ်သည်က ထွေးပွေ့ဖမ်းယူလိုက်သော အရာတစ်ခုနဲ့အတူ မြက်ခင်းပြင်ပေါ် လုံးထွေးကျသွားတော့၏။

ခန္တာကိုယ်ရဲ့ အစိတ်အပိုင်းအချို့ စူးအောင့်နာကျင်သွားသည်။ ကယ်တင်သူသာ မရှိခဲ့ပါက. . .

တလှပ်လှပ်ဖြစ်သွားလေသော ရင်ကို သတိဖြင့်ဖိရင်း ကယ်တင်သူကို မျက်လုံးဖွင့်ကြည့်မိတော့. . .



www.burmeseclassic.com

ww.burmeseclassic.com


# XXXI

"နင့်ကြောင့်. . ငါ ဒီလို ဒဏ်ရာရတာ. . သိလား အိုအို"

"ကြောင်ကို ဆူမနေနဲ့၊ ဘာလို့ကလေးကလား ရေစင်ပေါ် လျှောက်တက်တာလဲ၊ ရေစင်ပေါ်တက်မှာဖြင့်ရင်လည်း မောင်တိုးကို ခေါ် ခိုင်းပေါ့၊ အခုတော့ ဟိုအဆိုတော်လေးက နေမကောင်းဖြစ်နေရတဲ့ကြားက ညည်းကို ပွေ့ကယ်လိုက်ရတာ အားနာစရာ"

ကြောင်ကိုဆူသည့် ရည်ရွှယ့်ကို မေမေက ထပ်ဆူသည်။ ကျန်သည့်ဒဏ်ရာမပြောပလောက်သော်လည်း ခြေသလုံးတော့ သစ်သားရှပြီး သွေးထွက်သည်။ အခုမေမေက ဆေးထည့်ပေးနေခြင်း ဖြစ်သည်။


www.burmeseclassic.com

ww.burmeseclassic.com


"ကဲ. . အဆိုတော်လေးကို စွပ်ပြုတ်လေးဘာလေး ခေါ် တိုက်ဦး၊ ပြီးရင် ဆရာဝန်ပေးခဲ့တဲ့ ဆေးတိုက်ဖို့လုပ်"

"ဪ ဟုတ်သားပဲ"

"ကဲ. . မေမေ နောက်ဖေး ဟင်းအိုးသွားကြည့်ဦးမယ်"

မေမေအနားမှ ထွက်သွားမှ ရည်ရွယ် ဇိုးဆီသွားဖို့ ပြင်သည်။ ဇိုးက အိမ်ရှေ့ ရေစင်နားမှာရပ်နေသည်ကို ရည်ရွယ် ဧည့်ခန်း ပြတင်းပေါက်မှ ရည်ရွယ် လှမ်းမြင်နေရ၏။ ဇိုးဆီသွားဖို့ ထိုင်ရာမှ အထမှာပဲ ဖုန်းဝင်လာသည်။ ဇိုးရဲ့ဖုန်းပါ။ ဇိုး ရေစင်အောက်ကနေ လှမ်းဆက်ခြင်းပါ။

လူချင်း လမ်းလျှောက်လာပြောရင်တောင် ခြေလှမ်း ငါး ဆယ်လောက် မလျှောက်ရဘဲ ဖုန်းဖြင့်လှမ်းပြောနေသည့် ဇိုးကို ထူးဆန်းသွားသည်။ ဖုန်းကို ကိုင်လိုက်တော့လည်း ဇိုးက ဘာမှမ ပြော. . .။ ထို့ကြောင့်. . .

"ဟဲလို. . ."

". . . . . . . . . . . . . ."

"ရွယ် အခုလိုဖြစ်တော့မယ်ဆိုတာ ကြိုသိနေတာလား၊ အဲဒါကြောင့်မို့လို့ ညတွင်းချင်း ဒဏ်ရာကြီးနဲ့ ပဲခူးထိ လိုက်လာတာ မလား ဇိုး"

". . . . . . . . ."

"ဇိုး ဖြေပါ. . ဟုတ်တယ်မလားဟင်၊ ရည်ရွယ့်ကို စိုးရိမ်လို့ ညတွင်းချင်း ရောက်လာတာမလား၊ ဇိုး သူငယ်ချင်းတွေ ရည်ရွယ် ကို ဖုန်းဆက်ပြီး အကုန်လှမ်းပြောပြီးသွားပြီ၊ ဇိုး ကားအက်စီးဒင့် ဖြစ်လို့ သတိရရချင်း ဆေးရုံပေါ်က ပြေးဆင်းလာတာတဲ့ ဟုတ်လား"



www.burmeseclassic.com

ww.burmeseclassic.com



"မဟုတ်ဘူး"

"မင်း အက်စီးဒင့် ဖြစ်မှာစိုးလို့ လိုက်လာတာ မဟုတ်ဘူး၊ မင်းကို ကယ်ပေးချင်လို့ လိုက်လာတာ"

"ရှင်. . . "

"ဘာဖြစ်လို့လဲ သိလား၊ ဗိုးဆိုတဲ့ အဆိုတော်တစ်ယောက် အချစ်အကြောင်း နားမလည်ဘဲ အချစ်သီချင်းတွေ ထပ်ရေးမိမှာ စိုးလို့"

စစချင်း ထိုစကားအပေါ် ရည်ရွယ် နားမလည်။

ပြီးတော့မှ စကားရဲ့ဆိုလိုရင်းကို နှလုံးသားနဲ့ ထိတွေ့ခံစား လိုက်ရချိန်မှာတော့. . .



www.burmeseclassic.com

www.burmeseclassic.com





ဒိုင်ယာရီထဲမှ သူတို့ချစ်သူဖြစ်ခဲ့သော အစပိုင်းလေးများကို ဇိုး ဖတ်ပြလိုက်သည်။ ရည်ရွယ်တစ်ယောက် ကိုယ်တိုင်ရေးပုံပြင်တစ်ပုဒ်ကို လွမ်းမောစွာ နားထောင်လိုက်ရ၏။

"ကဲ . . ထ . . အိပ်မနေနဲ့တော့၊ ကော်ဖီသွားသောက်ရအောင်"



www.burmeseclassic.com

ww.burmeseclassic.com



# XXXII

အဝေးကြီးသွားမနေတော့ဘဲ အိမ်နားက ကော်ဖီဆိုင်တစ်ခုဆီကိုသာ သွားလိုက်သည်။ ကားရပ်တော့ ဇိုးက အရင်ဆင်းသည်။

"ရွှယ်. . . မဆင်းနဲ့ဦး"

"ဘာလုပ်မလို့လဲ"

"ကိုယ်ကိုယ်တိုင် တံခါးဆင်းဖွင့်ပေးချင်လို့"

ဇိုး ကားပေါ်မှ အရင်ဆင်းကာ ရည်ရွှယ့်ကို ဂါရဝပြုပြီး တံခါးဖွင့်ပေးသည်။ ရည်ရွှယ်က တခစ်ခစ် ရယ်သည်။ ပြီးတော့. . သူတို့ ကော်ဖီဆိုင်ထဲ ပျော်ရွှင်စွာဝင်ခဲ့ကြသည်။

"ကော်ဖီနှစ်ခွက် ညီလေး"

စားပွဲထိုးက ဇိုးကို ကြောင်ကြည့်သည်။ ဇိုးက စားပွဲထိုးကို



www.burmeseclassic.com

www.burmeseclassic.com



ရုပ်တည်နဲ့ ပြန်ကြည့်ပြီး. . .

"ကော်ဖီနှစ်ခွက်ပါဆို ဘာကြောင်နေတာလဲ"

"ဟုတ်. . ဟုတ်. . ကဲ့ "

မကြာပါ ကော်ဖီနှစ်ခွက် ရှေ့ရောက်လာသည်။

ထိုအချိန်မှာပဲ မျှော်လင့်မထားသူတစ်ယောက်က တိုက်တိုက်ဆိုင်ဆိုင် သူတို့ရှေ့ ရောက်လာတော့၏။

"ရတီ"

"ဖိုး. . . နင် ဒါဘာလုပ်နေတာလဲ"

ဖိုး ရုတ်တရက်ရောက်လာသော ရတီ့ကို အံ့ဩသွားသည်။ ရည်ရွယ်ကို လှည့်ကြည့်တော့ ရည်ရွယ်၏ ထိတ်လန့်သောမျက်နှာကို တွေ့ရသည်။

ရတီ ဖိုးကို စူးစမ်းသလိုလို၊ မသင်္ကာသလိုလို ကြည့်တော့ ဖိုးက ထိုင်ရာမှထကာ. . .

"လာ. . ငါတို့ အပြင်ထွက်ပြောရအောင်"

"မပြောဘူး ဒီမှာပဲပြောမယ်"

"ကျွတ်. . လာစမ်းပါဟာ"

လက်ဆွဲပြီး ဖိုး အတင်းဆွဲခေါ်ထွက်ခဲ့သည်။

ရတီက နောက်လှည့်ကြည့်လှည့်ကြည့်ဖြင့် ပါလာသည်။

ရည်ရွယ် စိတ်အားငယ်စွာ ကော်ဖီဆိုင်၏ စားပွဲလေးပေါ် မျက်နှာမှောက်ချလိုက်ပါသည်။

မျက်လုံးအိမ်မှာ စိုးရွံ့မှု မျက်ရည်တွေအပြည့်. . .

ဆောင်မြင့်စာပေ

www.burmeseclassic.com

ww.burmeseclassic.com



# XXXIII

ကော်ဖီဆိုင်အပြင်ရောက်မှ ရတီ အတင်းရုန်းလို့ ဖိုး လက်ကို လွှတ်ပေးလိုက်သည်။

ရတီ ဖိုးကို သေချာစူးစူးစိုက်စိုက်ကြည့်ပြီး. . .

"နင်နဲ့ထိုင်နေတာ ဘယ်သူလဲ"

"မျက်လုံး မပါဘူးလား"

"ဩော်. . နင်က ရည်းစားရနေပြီပေါ့"

"ဟုတ်တယ်ဟာ ရည်းစားရနေပြီ"

"ဘယ်သူလဲ"

"နင်သိဖို့ မလိုပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကောင်မ ဘယ်သူလဲ. . ငါသွားလုပ်ဦးမယ်"

ရတီ ဆိုင်တွင်းပြန်ဝင်ရန်ပြင်သဖြင့် ဇိုး လက်ဆောင့်ဆွဲလိုက်ရသည်။

"ရတီ နင် ဘာဖြစ်နေတာလဲ၊ အေးအေးနေစမ်းပါဟာ နင်နဲ့တစ်ပြားသားမှ မဆိုင်ဘူး၊ ဒါ ငါ့ ကိုယ်ရေးကိုယ်တာ၊ နင် ပြန်တော့"

ရတီ အံကြိတ်ပြီး သူ့ကိုကြည့်သည်။

"ရတယ် အဲဒါဆိုလည်း ငါ့ဘာသာစုံစမ်းပြီး အဲဒီကောင်မကို နင်နဲ့မပတ်သက်နိုင်အောင် လုပ်ပြမယ်"

ရတီ ခြေဆောင့်ထွက်သွားသည်။ ဇိုး သက်ပြင်းချကာ ဆိုင်တွင်း အမြန်ပြန်ဝင်ခဲ့၏။ ကော်ဖီဆက်သောက်နေလို့ မဖြစ်ပြီ။



www.burmeseclassic.com

ww.burmeseclassic.com



# XXXIV

ရတီဖုန်းနံပါတ်တွေကို ပျာပျာသလဲ နှိပ်ပစ်လိုက်သည်။ တေဇာ့ဆီ ဆက်ခြင်းပါ။ တေဇာ studio ထဲတွင်အိပ်နေရာမှ ထကာ ဖုန်းကိုင်လိုက်သည်။

"အေး. . ရတီပြော"

"နင်တို့ကောင် ကောင်မတစ်ယောက်နဲ့ တွဲနေတာသိလား၊ အဲဒီကောင်မ ဘယ်သူလဲ"

သိသားပဲ. . ။ သို့သော် ထိုသို့ဖြေလို့မဖြစ်။

"မသိဘူးလေ. . ငါက ဘယ်လိုလုပ်သိမှာလဲ"

"အေး. . အခု အဲဒီကောင်မနဲ့ ကော်ဖီဆိုင် အတူထိုင်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်"

"ဟေ. . ဟုတ်လား"

တေဇာ အံ့သြပြလိုက်သည်။

"နင်တို့ တကယ်မသိဘူးလား"

"မသိဘူး ဒီကောင် studio မလာတာလဲ လေးငါးရက်ရှိနေပြီ၊ ဖုန်းလည်း ကောင်းကောင်းမပြောဖြစ်ဘူး၊ ငါတို့တောင် ဒီကောင်ဘာဖြစ်နေလဲလို့"

ရတီ ဘဝင်မကျသည့်မျက်နှာနှင့်. . .

"နင်တို့ကလည်း ပေါင်းနေတာ အိုသေတော့မယ်၊ သူ ဘာဖြစ်နေလဲတောင် မသိဘူး"

"အင်း. . အေးပါဟာ ငါ မနက်ဖြန် သွားကြည့်လိုက်ပါ့မယ်"

ထိုအချိန် ရတီ ကားမှန်မှ ကော်ဖီဆိုင်ထဲမှ ထွက်လာသော ဇိုးတို့ကားကို တွေ့လိုက်ရသည်။ ဖုန်းကိုချလိုက်ပြီး ကားသော့ဆီ လက်လှမ်းကိုင်လိုက်သည်။

ထင်းခွေမကြုံလည်း ရေခပ်တော့ ကြုံရမည်လေ. . .။



www.burmeseclassic.com

www.burmeseclassic.com



# XXXV

ရတီ ဖိုးတို့ကားနောက်မှ မသိမသာ လိုက်လာသည်။ ဖိုးတို့ အိမ်ရာဝန်းထဲသို့ ကားက တလိမ့်လိမ့်ဝင်သွားသည်။ တိုက်ခန်းပေါ်သို့ ဖိုးတက်သွားပြီ။ ကားတံခါးဖွင့်ပြီး ရတီ အမြန်လိုက်တက်သည်။ လှေကားအသွယ်မှ ချောင်းပြီး ရတီလိုက်တက်လာစဉ် ဖိုး လှေကားပေါ်တက်ရင်း စကားပြောနေသံ ကြားရသည်။

"စိတ်မကောင်းဖြစ်ပါနဲ့ ရွှယ်ရာ၊ ဒီမိန်းမအကြောင်းလည်း သိရဲ့သားနဲ့"

ရတီ မျက်မှောင်ကြုတ်သွားသည်။

ဖိုး သူ့တိုက်ခန်းထဲ ဝင်သွားသည်။ တံခါးကို လက်ပြန်ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ပိတ်လိုက်စဉ် လက်တစ်ဖက်မှ ကိုင်လာသော ကော်ဖီဆိုင်မှဝယ်လာသည့် မုန့်ထုပ်နှင့် ခံမိပြီး တံခါးက လော့ခ်မကျသွား။

ဝိုးတို့ ဧည့်ခန်းမှာထိုင်ပြီး စကားပြောကြသည်။

ရတီ အံ့ကြိတ်ကာ လှေကားအတိုင်း ဆက်တက်လာသည်။ ဝိုး အခန်းရှေ့ရောက်တော့ တံခါးဟနေသည်ကို ရတီ တွေ့သည်။

သူမ ဝွတ်ဝင်သွားဖို့ ပြင်သည်။ သို့သော် စိတ်ကိုထိန်းလိုက်သည်။ ပြီးတော့ တံခါးကို ခပ်ဖြည်းဖြည်းပဲ ဖွင့်ကာ ချောင်းကြည့်လိုက်၏။ ထိုအခါသူမ မြင်လိုက်ရသည်ကား. . .

ဘာတွေလဲ. . .

သူမ ခေါင်းတွေချာချာလည်ခဲ့ပြီ. . ။



www.burmeseclassic.com

www.burmeseclassic.com



# XXXVI

နေလုံးကြီးက ပြတင်းပေါက်မှတစ်ဆင့် ရောင်ခြည်အလင်းများကို စီးဆင်းခိုင်းကာ သူတို့နှစ်ဦးကို နှိုးလိုက်သည်။

ဇိုး အရင်နိုးသည်။ ရွှယ့်မျက်နှာလေးကို လက်ထောက်ပြီး ကြည့်နေလိုက်သည်။ တအောင့်ကြာတော့ ရွှယ်နိုးလာသည်။ သူမကို ဇိုး ကြည့်နေမှန်းသိတော့ ကြည်နူးစွာပြုံးပြသည်။

နံနက်စောစော ချစ်သူ၏မျက်နှာလေးကို ကြည့်ရသည့် အရသာက ဘာနှင့်မှမတူ။ ထိုအချိန် တံခါးမှ ဘဲလ်သံကို ကြားရတော့ စိတ်ညစ်သွားတာလည်း. . ဘာနှင့်မှမတူ။

ဘဲလ်သံက သုံးလေးခါ ဆင့်မြည်လာတော့. . .



www.burmeseclassic.com

www.burmeseclassic.com



"ရွယ် ဒီမှာပဲနေ၊ ကိုယ် ထွက်သွားကြည့်လိုက်မယ်"

"အင်း"

ရွယ် ခေါင်းညိတ်ပြသည်။

ဇိုး အခန်းထဲမှထွက်ကာ တံခါးလာဖွင့်တော့ အပြင်မှာ မသက်သာသလိုအကြည့်နှင့် ကြုံရပ်နေသော တေဇာ့ကို တွေ့လိုက်ရသည်။ ဇိုး တံခါးကို အကုန်မဖွင့်သေးဘဲ တံခါးဝတွင် ခေါင်းညှပ်လျှက် . . .

"ဟော့ကောင် ဘာလာလုပ်တာလဲ"

"ဘာလဲမလုပ်နဲ့၊ အာဖြဲပြီး ဘီယာလောင်းထည့်လိုက်မယ်၊ ဟော့ကောင် . . ဖွင့် . . တံခါး"

တေဇာ တံခါးကို ဇွတ်တွန်းဖွင့်ပြီး အထဲကို ဝင်လာတာကို ဇိုး မတားနိုင်လိုက်။

"ဟော့ကောင် ဘာလဲလို့"

"ငါ့ကို ရတီ ဖုန်းဆက်တယ်၊ မင်း စတူဒီယို မလာဘဲ ဘယ်ကောင်မလေးနဲ့ ပတ်ဒိုးနေတာလဲ"

ထိုစဉ် အခန်းတံခါးမှာ လှုပ်သွားသည်ကို တေဇာ လှမ်းတွေ့လိုက်ရသည်။ မချိုမချဉ်ပြုံးကာ ခေါင်းညိတ်သွားပြီး . . .

"သြော် . . မင်းက ဒီအဆင့်တောင် ရောက်နေပြီကိုး"

ဇိုး ကပျာကရာ အခန်းတံခါးကို ပြေးပိတ်လိုက်သည်။ ပြီးတော့ တေဇာကို လည်ပင်းဖက်ပြီး ခပ်ဝေးဝေးကိုခေါ်ကာ . . .

"ဘာတွေလျှောက်ပြောနေတာလဲ ရည်ရွယ်ရောက်နေတာ၊ ဘယ်ကောင်မလေးမှ မဟုတ်ဘူး"

တေဇာ ဇိုးကို မယုံသလိုကြည့်တော့ . . .



www.burmeseclassic.com

ww.burmeseclassic.com



"မနက်ဖြန် ငါတို့ ဒုတိယနှစ်ပတ်လည်နေ့လေကွာ၊ မင်းတို့လည်း သိရဲ့သားနဲ့၊ သူ ရှက်သွားပြီလားတောင် မသိဘူး"

"ဟုတ်လို့လား"

"ကျွတ်. . . ဒီမှာ. . လာ"

နောက်ဖေးမှ ဟင်းပန်းကန်များကို ပြသည်။

" ဒါမှ မယုံလည်း ပဲခူးသာ ဖုန်းဆက်လှမ်းမေးကြည့်တော့"

"ဖုန်းမဆက်ချင်ဘူး အခန်းထဲ ဝင်ကြည့်ချင်တာ"

"ဟာ. . ဟော့ကောင်"

တေဇာ တဟားဟား ထရယ်သည်။ ဇိုး အဖြစ်သည်းနေပုံကိုကြည့်ပြီး သဘောကျနေသည်။

"အေးပါကွာ. . အေးပါ. . အေးပါ၊ ငါ သဘောပေါက်ပါပြီ"

"သဘောပေါက်လည်း ဒိုးတော့လေ"

တေဇာ ဇိုးကို ထက်အောက်သေချာကြည့်သည်။ ဇိုး အနေခက်ရပြန်သည်။

"ဘာလဲကွ"

"ဇိုး. . ဇိုး. . မင်းက တော်တော်ပေါက်ရောက်နေတယ် ဟုတ်လား၊ အေးပေါ့ကွာ. . မင်းတို့ခေတ်ဆိုတော့လည်း လုပ်ကြပေါ့၊ ထောင်ခုနစ်နှစ် မကျအောင်တော့ ဂရုစိုက်ဦး၊ ကဲ. . ငါသွားပြီ ရည်ရွယ်ရေ"

ဇိုး ထိတ်လန့်တကြား မျက်လုံးပြူးပြလိုက်သည်။ နှုတ်ခမ်းရှေ့ လက်ကပ်ကာ ရှူးတိုးတိုး လုပ်ရသည်။

တေဇာ သဘောကျစွာ ရယ်ပြီးထွက်သွားပါသည်။ အခန်းဝ ရောက်တော့ ခဏရပ်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . နေဦး"

"လုပ်ပြန်ပြီ. . ဘာလဲ"

"မင်း မျက်ကွင်းတွေညိုနေပြီ. .၊ ဟော့ကောင် ဆေးလေး ဘာလေး သောက်ဦး"

"ဟာ. . ဒီကောင်"

အတင်းအပြင်တွန်းထုတ်ကာ တံခါးပိတ်လိုက်ရသည်။

www.burmeseclassic.com

ww.burmeseclassic.com


အခန်းတံခါးကို တွန်းဖွင့်ပြီး ဇိုးဝင်လာသည်။ ရွှယ် ရှက်ကိုး ရှက်ကန်းမျက်နှာဖြင့် သူ့ကို မျက်စောင်းထိုးကြည့်နေသည်။

"ပြန်သွားပြီလား ကိုတေဇာကြီး"

"အင်း. . ပြန်သွားပြီ၊ ရွှယ် ကိုယ်တို့သွားရအောင်"

ဇိုး ဒိုင်ယာရီစာအုပ်ကို ယူသည်။ ချိတ်ထားသော အင်္ကျီကို ယူသည်။

ထိုအချိန် စားပွဲပေါ် တင်ထားသော. . လက်စွပ်နှစ်ကွင်းမှာ အင်္ကျီအနားစွန်းနှင့် တိုက်မိ၍ ပြုတ်ကျသွားသည်ကို သူ မသိလိုက်။


www.burmeseclassic.com

ww.burmeseclassic.com



# XXXVII

တေဇာရယ်ရယ်မောမောနှင့် ဇိုး တိုက်ခန်းမှဆင်းကာ ပြန်လာခဲ့သည်။ သူ့ကောင်တော့ ကောင်မလေးကိုတောင် တိုက်ခန်းပေါ် ခေါ်တင်ကာ ကောင်းစားနေပြီဟုတွေးကာ တစ်လမ်းလုံး သဘောတွေကျလာသည်။ ထိုအချိန် လမ်းဘေးတွင် Taxi တားနေသော ကောင်မလေးနှစ်ယောက်ကို အမှတ်မထင် လှမ်းတွေ့လိုက်သည်။ မြင်ဖူးသလိုလိုဖြစ်၍ တေဇာ သေချာလှမ်းကြည့်လိုက်တော့. . .

"ဩော်. . ."

ဘယ်သူတွေမှန်း တေဇာ သိသွားပြီး ကားကိုပြန်ကွေ့ကာ ထိုကောင်မလေးနှစ်ယောက်ထံ သွားလိုက်သည်။ ကောင်မလေးနှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်က Taxi တားနေသည်ကို ကိုယ်ပိုင်ကားက လာရပ်၍ ကြောင်သွားသည်။

တေဇာက ပြုံး၍ ကားပေါ်မှဆင်းကာ. . .

"ဟော့. . ညည်းတို့ ခိုင်ဝေဇင်နဲ့ ဖြိုးဖြိုးမို့လား"

"ဟာ. . ကိုတေဇာကြီး"

ကောင်မလေးနှစ်ယောက်ကလည်း မှတ်မိသွားသည်။

တေဇာက ရယ်ကာ. . .

"အောင်မယ် နင်တို့က အုပ်စုလိုက် ရန်ကုန်တက်လာတယ် ပေါ့လေ. . ဟုတ်လား၊ နင်တို့သူငယ်ချင်းကိုကျ ဇိုးနဲ့ လွှတ်ထားပြီး သူငယ်ချင်းကောင်း ပီသနေကြတာပေါ့. . ဟားဟား"

တေဇာက ရွှတ်နောက်နောက်ပြောတာကို ခိုင်ဝေဇင်နှင့် ဖြိုးဖြိုး ကြောင်သွားသည်။

"ကိုတေဇာ ဘာတွေပြောနေတာလဲ၊ ရည်ရွယ်က ကိုဇိုး တိုက်ခန်းမှာ. . ဟုတ်လား"

"အေးလေ. . . ခုနမှ ငါရောက်ခဲ့တာ၊ ငါ့ရှက်ပြီး ထွက် တောင်မတွေ့ဘူး၊ ဘာဖြစ်လို့လဲ"

"ဟင်. . . တစ်ခုခုတော့ မှားနေပြီထင်တယ်၊ ကျွန်မတို့ ရန်ကုန်ကို အဲ့ဒီကိစ္စနဲ့လာတာ"

ဖြိုးဖြိုးက တေဇာ့ကို လက်ထဲမှ စာရွက်တစ်ရွက် ထုတ်ပေး သည်။ တေဇာ စာရွက်ကိုယူကာ ဖြန့်ကြည့်လိုက်တော့. . .



www.burmeseclassic.com

www.burmeseclassic.com



# XXXVIII

ချစ်သူနှင့်အတူ မိုးလင်းရတာ ပျော်စရာကောင်းသလို. . ချစ်သူနှင့်အတူ မိုးချုပ်ရတာလည်း ကြည်နူးစရာကောင်းလှသည်။ နေလုံးကြီးက ပင်လယ်အောက်ထဲ တရွေ့ရွေ့ ဝင်သွားပြီ။ ကမ်းနား လမ်းပေါ်မှာပဲ ကားကို ရပ်ထားလိုက်သည်။

"ရွှယ်. . အခု ဘာညလဲ သိလား"

"သိသားပဲ နှစ်ပတ်လည် အကြိုည၊ ရွှယ်ပျော်အောင် ဖိုး ဘာလုပ်ပေးမှာလဲ"

"အဟင်း. . အမြန်ထွက်လာရတော့ ဘာမှမစီစဉ်နိုင်ခဲ့ဘူး"

"ဟင်. . . ဒါဆို ရွှယ်တို့ရဲ့ နှစ်ပတ်လည်အကြိုညလေးကို



www.burmeseclassic.com

www.burmeseclassic.com



ဖိုး ဘာမှလုပ်မလာဘူးပေါ့"

ဇိုး ရယ်သည်။ ကားနောက်ကိုသွားကာ အဖုံးဖွင့်၍ မီးရှူးနှစ်ချောင်း ယူလာလိုက်သည်။

"မြန်မာပြည်က အနုပညာသမားပဲကွာ၊ မဖြစ်ဘူး ဘယ်ရှိပါ့မလဲ၊ ရှိတာနဲ့ ဖြစ်အောင်လုပ်ရမှာပေါ့၊ ဒီမှာဘာလဲ"

"ဟယ်. . မီးရှူးတွေ"

"ပျော်ချင်တယ်မလား၊ ခဏလေးစောင့်. . . "

ဇိုး မီးခြစ်ကိုထုတ်ကာ မီးညှိ၍ မီးရှူးလွှတ်လိုက်သည်။ ည၏ ကောင်းကင်ယံထဲသို့ မီးရှူးပန်းပွင့်လေးများ ထိုးတက်သွားတော့သည်။ ကောင်းကင်ပြာထဲ ပေါက်ကွဲသွားသော မီးရှူးလေးတွေကို ကြည့်ပြီး ရည်ရွယ့်မျက်နှာလေး ပြုံးရွှင်တက်ကြွသွားခဲ့ပါပြီ။

ရွယ့်ကိုကြည့်ပြီး သူကိုယ်တိုင်လည်း အပျော်များ ကူးစက်လာသည်။ ကြည်နူးလိုက်တာလေ၊ ဒီလိုညမျိုး ဘယ်တော့မှ မကုန်ဆုံးပါစေနဲ့ကွယ်။ ကားထဲမှ Blue Night သီချင်းလေးလည်း သူတို့၏ညကို အရောင်ခြယ်ပေးနေလေသည်။ မီးရှူးနှစ်ချောင်း ကုန်သွားမှ အချိန်ကိုက်ပင် သီချင်းက ရပ်သွားသည်။

"ဘယ်လိုလဲ ပျော်လား"

"အရမ်းပျော်တာပဲ"

"ပျော်ရင်. . ကားပေါ်တက်၊ အချိန်မနည်းတော့ဘူး အိပ်ရအောင်"

"ဟင်"

"အိမ်ပြန်မအိပ်တော့ဘူးလေ နှစ်ပတ်လည် အကြိုညကို ထူးထူးခြားခြားလေးဖြစ်သွားအောင် ကားပေါ်မှာပဲ အိပ်ကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်ယာရီကရော"

"ပါတယ်လေ ကားပေါ်မှာပဲ ဖတ်မှာပေါ့. . လာ"

ဇိုးက အရင်ကားပေါ်တက်သည်။ ရည်ရွယ်က အူကြောင်ကြောင့်ဖြင့် လိုက်တက်သည်။ ကားမီးဖွင့်လိုက်သည်။

"လာလေ အနားတိုး"

"ဟင့်အင်း. . ဒီမီးလေးနဲ့ စာမဖတ်တတ်ဘူး၊ ဇိုး. . ဖတ်ပြ"

"ပြီးရော. . "

ဇိုး ဒိုင်ယာရီစာရွက်ကို လှန်လိုက်သည်။ ရေးထားသော စာသားလေးများနဲ့အတူ သူတို့နှစ်ဦး၏ အတိတ်ပြကွက်များသည်လည်း. . .

ိ ိ ိ



www.burmeseclassic.com

ww.burmeseclassic.com





ချစ်သူတွေဖြစ်ပြီးနောက် ...
ကျွန်တော်တို့ ညတိုင်းလိုလို ဖုန်းပြောဖြစ်၏။
ချိုလွင်သော သူမစကားသံလေးများသည်
ပူလောင်မွန်းကြပ်သော ကျွန်တော့်ဘဝကို အေးချမ်းစေခဲ့ပါသည်။
ဒီလိုနဲ့ ချစ်သူသက်တမ်း တစ်နှစ်တိတိ ပြည့်လာစဉ်မှာတော့ ...



www.burmeseclassic.com

ww.burmeseclassic.com






www.burmeseclassic.com

ww.burmeseclassic.com



# XXXIX

ပဲခူးကားဂိတ်အတွင်းသို့ အဝေးပြေးကားကြီးတစ်စီး ထိုးစိုက်လာသည်။ ပျော်ရွှင်တက်ကြွသော ဟန်ပန်နှင့် ဖိုး ကားပေါ်မှ ဆင်းလာခဲ့သည်။ ကားဝန်းထဲမှ လူတွေက ဖိုးကို အဆိုတော်မှန်းသိ၍ ဝိုင်းကြည့်နေကြ၏။ ဆိုင်ကယ်တစ်စီးဖြင့် အသင့်စောင့်ကြိုနေသော ရွှယ်ကိုတွေ့တော့ ဖိုးအပြေးသွားလိုက်ပါသည်။ အနီးရောက်တော့ ရည်ရွှယ်က သူ့အား စကားတစ်ခွန်းဖြင့် ဆီးကြိုသည်။

"ပထမ နှစ်ပတ်လည်နေ့"

"မဟုတ်ဘူး ပျော်ရွှင်စရာ ပထမ နှစ်ပတ်လည်နေ့လို့ ပြောမှ ပြည့်စုံမှာ"



www.burmeseclassic.com

ww.burmeseclassic.com



ထိုသို့ဖြင့် ဘာနဲ့မှ အစားထိုးမရနိုင်သော ပျော်စရာအချိန်လေးများကို သူတို့အတူ လွန်ခဲ့သောတစ်နှစ်ခန့်က ရရှိခဲ့ဖူးပါတယ်။

တကယ်ပါ. . . ။



www.burmeseclassic.com

ww.burmeseclassic.com



XXXX

"ဗိုး. . ပျော်လား"

"ပျော်သလိုလိုပါပဲ"

"ဗိုးနော် ဘာပျော်သလိုလိုပါပဲလဲ၊ ရန်ကုန် ချက်ချင်းပြန်ခိုင်းလိုက်မှာနော်"

ဗိုး ရယ်သည်။

"ပျော်တော့ ပျော်ပါတယ်၊ ဒါပေမဲ့ ရန်ကုန်က တကူးတက လာပြီး ဒီလောက်လေးပဲဆိုတော့ သိပ်မတန်သလိုပဲ"

"ဘယ်သူပြောလဲ ဒီလောက်လေးပဲလို့"

"ဒါဆို ကိုယ်တို့ရဲ့ ပထမနှစ်ပတ်လည်အတွက် ရွယ် ဘာ



www.burmeseclassic.com

www.burmeseclassic.com



တွေစီစဉ်ထားလဲ"

ရည်ရွှယ် လက်ချိုးရေတွက်ပြသည်။

"အများကြီးပဲ ဘုရားဖူးတာ၊ ရှုခင်းကြည့်တာ၊ ရုပ်ရှင်ကြည့်တာ၊ ဆိုင်ကယ်လျှောက်စီးတာ၊ မုန့်စားတာ. . ပြီးတော့ နောက်နှစ်ခု ကျန်သေးတယ်"

"ဘာတွေလဲ"

"ပြမယ်လေ"

ရည်ရွှယ် ကျောပိုးအိတ်ကို ဖွင့်လိုက်သည်။ ပြီး ဒိုင်ယာရီ စာအုပ်ကို ထုတ်ပေးလိုက်သည်။

"ဒါက"

"ဇိုးကို ပထမဆုံး စမြင်ဖူးတဲ့ နေ့ကစပြီး ရွှယ်နဲ့ဇိုးတို့နှစ်ယောက်အကြောင်းတွေကို ဒိုင်ယာရီလေးလုပ်ထားတာ၊ ဇိုးကို လက်ဆောင်ပေးလိုက်မယ်"

ဇိုး စာအုပ်ကို လှန်ကြည့်လိုက်သည်။

"ရွှယ် တစ်ယောက်တည်းဘက်က အမြင်ပေါ့နော်"

"အဟား. . . အဲဒါဆို ပိုပြည့်စုံသွားအောင် ကိုယ့်ဘက်က အမြင်ကိုပါ ထည့်ရေးလိုက်မယ်၊ ဒါဆို ဒီစာအုပ်လေးက ကိုယ်တို့နှစ်ယောက်ရဲ့ အတ္ထုပ္ပတ္တိ ဖြစ်သွားပြီပေါ့ မဟုတ်ဘူးလား"

ရည်ရွှယ် သဘောတူစွာ ခေါင်းညိတ်လိုက်သည်။

"ဒါမှ နောက်လူတွေ ဒီစာအုပ်လေးကို ဖတ်မိရင်. . ဪ သူတို့နှစ်ယောက်က အရမ်းချစ်ကြတာပဲဆိုပြီး အတုယူကြမှာ"

ရည်ရွှယ် သဘောကျပြီး တခစ်ခစ်ရယ်ကာ ဇိုး လက်မောင်းကို လှမ်းရိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


"ဖိုးကတော့ ပေါက်ကရတွေ"

"တကယ်. ."

"ဟာ. . တစ်ခုကျန်သေးတယ်လေ၊ နောက်တစ်ခုက ဘာလဲ"

"ဒါလား ဟိုဘက်လှည့်"

ဖိုး ကြောင်တောင်တောင်ကြည့်တော့ ရွှယ်က ဇွတ်တွန်းလှည့်သည်။

"ဟိုဘက်လှည့်လို့"

ဖိုး အူကြောင်ကြောင်ဖြင့် လှည့်ပေးလိုက်ရသည်။ ရည်ရွှယ် အိတ်ထဲမှ တစ်စုံတစ်ခုကို ထုတ်ယူကာ လက်ဖဝါးပေါ် တင်လိုက်သည်။

"ရပြီ. . လှည့်တော့"

လက်စွပ်ကလေးတစ်ကွင်းကိုတွေ့တော့ ဖိုး အံ့ဩသွားသည်။

"ဒါက"

"ပထမနှစ်ပတ်လည်အတွက် ရွှယ်ရဲ့လက်ဆောင်"

ဖိုး လက်စွပ်ကိုယူကာ လက်တွင်စွပ်ကြည့်လိုက်သည်။

"မဟုတ်ဘူး အဲဒါ ရွှယ့်ကိုစွပ်ပေးရမှာ၊ ဖိုးအတွက်က ဒီမှာ"

ရွှယ်က သူ့လက်သူကြွယ်တွင် စွပ်ထားသော လက်စွပ်ကို ပြလိုက်သည်။

"ဖိုးနဲ့ ချစ်သူတွေဖြစ်တဲ့ နေ့ကတည်းက ဒီနေ့အတွက် ရည်ရွှယ်ပြီး ရွှယ်ဝယ်ထားတာ၊ သူတို့နှစ်ကွင်းကို ရွှယ်နဲ့အတူတူ ထားသိပ်တာ ဒီနေ့ဆို တစ်နှစ်တိတိ ရှိပြီကွ"


www.burmeseclassic.com

www.burmeseclassic.com



လက်သူကြွယ်မှ လက်စွပ်ကို ချွတ်လိုက်သည်။ ပြီးနောက် တစ်ဦးနဲ့တစ်ဦး လက်စွပ်လဲပြီး ဝတ်လိုက်ကြသည်။

"ဒီလက်စွပ်လေး ရှိနေသ၍ ဗိုးအနားမှာ ရွှယ် အမြဲရှိနေမယ်နော်"

ဗိုး ကျေနပ်စွာ ပြုံးလိုက်သည်။

"စိတ်ချ. . ကိုယ်တို့ အမြဲတမ်း အတူတူရှိနေမယ်"

ပြီးတော့ သူတို့ အနွေးထွေးဆုံး ပွေ့ဖက်လိုက်ကြသည်။

နေရောင်ခြည်ထဲတွင် လက်စွပ်လေးနှစ်ကွင်းက လင်းလက်လို့. . .



www.burmeseclassic.com

www.burmeseclassic.com





အဲ့ဒီညက
လက်စွပ်လေးနှစ်ကွင်းဟာ ကောင်းကင်မှာ
နေနှဲ့လ ဖြစ်သွားတယ်လို့ သူ အိပ်မက်တွေမက်ခဲ့တယ်။

အဲ့ဒီညက
ချစ်သူလက်ကို ကိုင်ပြီး
သူ မှေးစက်ခဲ့တယ်
ကြယ်တစ်ရာ ခြံရံပြီး နှတ်သမီးတစ်ပါး
သူ့ အနားကို ဆင်းသက်ခဲ့တယ်။

အဲ့ဒီညက
သူ့ ပခုံးကိုမှီလို့
ချစ်သူ အိပ်စက်ခဲ့ပါတယ်။



www.burmeseclassic.com

ww.burmeseclassic.com



# XXXXI

နေမင်း၏ လင်းရောင်ခြည်က သူ့မျက်နှာပေါ် ထိုးဆိုက်ကျရောက်လာသည်။ ထိုအခါမှ သူ ကမန်းကတန်း ထလိုက်သည်။

ဘေးဘီကို အမြန်ကြည့်တော့ အနားမှာ ရည်ရွယ်ရှိမနေတော့ချေ။

"ရွယ်. . ရွယ်. . "

သူ ကားနောက်ခန်း လှည့်ကြည့်သည်၊ မရှိ။ ကားအောက်ဆင်းကြည့်သည်။

"ရွယ်. . ရွယ်. . "



www.burmeseclassic.com

ww.burmeseclassic.com



မနက်လင်းလာချိန်မှာ ရှယ် ပျောက်ချင်းမလှ ပျောက်သွားခဲ့ပြီ။

သူ ချက်ချင်းပဲ တစ်စုံတစ်ရာကို သတိရသွားသည်။ လက်ကို အမြန်ငုံ့ကြည့်သည်။

ကြက်သီးတို့ ဖျင်းခနဲ ထသွားမိတော့သည်။

"လက်စွပ်"

ကားပေါ် အမြန်တက်ကာ အလျင်အမြန် မောင်းထွက်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# XXXXII

ကားကို ပါကင်ဖြစ်သလိုထိုးကာ တိုက်ခန်းပေါ် ပြေးတက်သည်။ ခြေလှမ်းတွေက မြန်နေသည်။ တိုက်ခန်းတံခါးကို ဝုန်းခနဲ ဆွဲဖွင့်ပြီး အခန်းထဲဝင်လိုက်သည်ဆိုရင်ပဲ သူ့ကို အနောက်ဘက်မှ ဝိုင်းဝန်းချုပ်နှောင်လိုက်တာကို ခံလိုက်ရသည်။

"ဟာ. ."

သူ အာမေဋိတ်သံနှင့် ရုန်းကန်ရင်း နောက်လှည့်ကြည့်လိုက်တော့ အောင်ကျော်နှင့် ဖိုးသဲကို တွေ့လိုက်ရသည်။

"မင်းတို့ ငါ့ကို ဘာလုပ်တာလဲ"

"မင်း ဘယ်မှမသွားရတော့ဘူး ဖိုး"



www.burmeseclassic.com

www.burmeseclassic.com



အသံက အရှေ့ကထွက်လာတာမို့ ဇိုးလှမ်းကြည့်လိုက်ပြန်တော့ တေဇာ့ကို တွေ့လိုက်ရပြန်သည်။

"ဟာ. . ဘာလဲ ဖယ်စမ်းပါကွာ"

သူငယ်ချင်းများ လွှတ်ပေးလိုက်သည်။ သို့သော် တံခါးကို ပြေးပိတ်ပြီး အသင့်အနေအထားဖြင့်. . .

နံဘေးမှာ ဝိုင်းထားလိုက်ကြသည်။

"ဇိုး မင်းစိတ် မင်းထိန်းစမ်း၊ ဒီအချိန်မှာ အမှန်ကို အမှန်အတိုင်း မြင်တတ်ဖို့ အရမ်းအရေးကြီးနေပြီ၊ မဟုတ်ရင် မင်း ဒုက္ခရောက်သွားလိမ့်မယ်"

"မင်းတို့ ဘာတွေပြောနေတာလဲ"

"ဇိုး မင်းနဲ့အခု အတူရှိနေတာ ရည်ရွယ်မဟုတ်ဘူး၊ ရည်ရွယ်က လွန်ခဲ့တဲ့ခြောက်ရက်တည်းက ရန်ကုန်လာရင်း လမ်းမှာ ကားအက်စီးဒင့်ဖြစ်ပြီး သေသွားပြီကွ"

ဇိုး ခဏငြိမ်သွားသည်။ သူငယ်ချင်းတွေ သူ့ကို သနားသလို ကြည့်နေကြသည်။

ဇိုး ခြောက်ကပ်ကပ် အော်ရယ်ပစ်လိုက်သည်။ ပြီးတော့ သူငယ်ချင်းတွေကို ခပ်စိမ်းစိမ်းကြည့်ကာ. . .

"ဟား. . ဟား. . မင်းတို့ ဘယ်သူပြောလဲ"

"မနေ့က မင်းအိမ်ကအပြန် ငါ ဖြိုးဖြိုးတို့နဲ့တွေ့တယ်၊ သူတို့ ရည်ရွယ်အတွက် သတင်းစာမှာ ဝမ်းနည်းကြောင်းသတင်း လာထည့်တာ၊ မင်း မယုံရင် ပဲခူးကို ဖုန်းဆက်မေးကြည့်"

ဇိုး ငြိမ်သွားသည်။ သူငယ်ချင်းတွေလည်း ခဏငြိမ်သွားသည်။ ပြီးမှ. . .



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာငြင်းဦးမလဲ ဇိုး၊ ရည်ရွှယ်တို့အိမ်ကိုလည်း ငါတို့ ဖုန်းဆက်မေးပြီးသွားပြီ"

"အခု မင်းနဲ့အတူရှိနေတဲ့ ရည်ရွှယ်က လူမဟုတ်ဘူး"

"အဲဒါ. . ဝိညာဉ်"

ဇိုး ခပ်ညှင်းညှင်း ရယ်လိုက်သည်။

ပြီးမှ. . ပြတင်းပေါက်ဘက် လှမ်းကြည့်ရင်း. . .

"ငါသိတယ် သူ့ကို ငါ တမင်ခေါ်လာတာ"

"ဟင်. . "

"ဘာ. . "

သူငယ်ချင်းတွေ အံ့သြကာ ကြောင်သွားကြသည်။ သူ အဖြစ်အပျက်အကုန်ကို ပြောပြဖို့ အချိန်တန်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



# XXXIII

"ဟုတ်တယ် ကားအက်စီးဒင့်ဖြစ်ဖြစ်ချင်းပဲ အဲ့နေရာကို ငါသွားခဲ့တာ၊ ငါ သူ့အလောင်းကို မြင်ခဲ့တယ်၊ ပြီးတော့. . သူ့ အလောင်းဘေးမှာလည်း ငါ အကြာကြီး ငိုခဲ့တယ်"

ပြောရင်းကို ဖိုး မျက်ရည်တွေ စီးကျနေသည်။

"ငါမှ သူနဲ့မခွဲနိုင်တာ၊ ပြီးတော့ ငါတို့ရဲ့ ဒုတိယနှစ်ပတ်လည် ကလည်း ရောက်တော့မယ်လေ၊ ရည်ရွယ်က နှစ်ပတ်လည်နေ့ကို သိပ်တန်ဖိုးထားတာကွ၊ ပထမနှစ်ပတ်လည်တုန်းက. . ငါ ပဲခူးလိုက် သွားတယ်၊ သူ ငါ့ကို ပျော်ရွှင်စရာတွေ တစ်ခုပြီးတစ်ခု လုပ်ပေးခဲ့



www.burmeseclassic.com

ww.burmeseclassic.com



တယ်၊ ငါတို့ရဲ့ ဆင်တူလက်စွပ်လေးကိုလည်း သူပေးခဲ့တယ်. .

လက်စွပ်လေးပေးရင်း သူပြောခဲ့တဲ့ စကားတစ်ခွန်းရှိတယ်၊ ဒီလက်စွပ်လေး ရှိနေသ၍ ဖိုးအနားမှာ ရွှယ် အမြဲရှိနေမယ်နော်တဲ့၊ အဲ့ဒီစကားကို ငါ သူ့အလောင်းဘေးမှာ ငိုနေရင်း ပြန်သတိရလာတယ်၊ အဲ့ဒီမှာ ငါ သူ့အလောင်းက လက်စွပ်လေးကို ချွတ်ရင်းနဲ့ ရွှယ် ကိုယ့်အနားမှာ ဝိညာဉ်ဘဝနဲ့ရှိနေရင် ဒီလက်စွပ်လေးနဲ့အတူ ကိုယ့်နောက်လိုက်ခဲ့ပါလို့ ငါ ပြောလိုက်မိတယ်"

"အဲ့ဒီတော့. ."

"အဲ့ဒီတော့. . ငါ အလောင်းကြည့်ပြီး ကားပေါ်ပြန်တက်တော့ ကားနောက်ခန်းမှာ သူပါလာခဲ့တာပေါ့၊ ပြီးတော့ ရွှယ်က သိပ်အစွဲအလမ်းကြီးတယ်၊ နှစ်ပတ်လည်နေ့ကို သိပ်စွဲလမ်းနေတာ၊ ဒါကြောင့် ငါတို့နှစ်ပတ်လည်နေ့အထိ အတူရှိဖို့ ကတိစကား ပြောခဲ့ကြတယ်"

"နှစ်ပတ်လည်နေ့ပြီးရင်ကော ဘာဖြစ်မှာလဲ"

"ငါ မသိဘူး"

သူငယ်ချင်းတွေ သက်ပြင်းချကြသည်။

သူတို့ ထူးထူးဆန်းဆန်း အဖြစ်အပျက်တစ်ခုကို နဖူးတွေ့ဒူးတွေ့ တွေ့နေရပြီ မဟုတ်လား။ တေဇာက. . .

"ရည်ရွှယ်ကို မင်းတစ်ယောက်တည်း တွေ့ရတာလား"

"အင်း. . ဟုတ်တယ်"

"ဒါဆို. . အခု ရည်ရွှယ်ရော"

"ညက ငါတို့ကားထဲမှာ အတူအိပ်ခဲ့ကြတာ၊ မနက်လင်းတော့ ရည်ရွှယ်ကို မတွေ့တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟိုကောင်တွေ ခေါင်းရှုပ်သွားကြပြန်သည်။

"ဘာလို့လဲ"

"လက်စွပ်ကြောင့် ထင်တာပဲ၊ ငါ လက်စွပ်မေ့ကျန်ခဲ့တယ်၊ အခု အဲ့ဒါပြန်လာယူတာပဲ"

"အဲ့ဒါဆို မြန်မြန်သွားယူလေကွာ"

ဇိုးအခန်းထဲ မြန်မြန်သွားကာ လက်စွပ်ကို သွားယူသည်။

သို့သော် မူလထားထားသည့်နေရာတွင် လက်စွပ်မရှိတော့။

"ဟာ. . ."

ဇိုး ခေါင်းမီးတောက်ပြီ။

"လာကြပါဦးဟ. . ဟော့ကောင်တွေ လက်စွပ်ပျောက်နေပြီ၊ ကူရှာကြပါဦး"

သူ့ကောင်တွေလည်း ပြေးလာကြသည်။

"ဒုက္ခပါပဲကွာ"

အားလုံးဝိုင်းရှာကြသည်။ နေရာအနှံ့. . .

မီးစလောင်းအောက်၊ အိပ်ယာအောက်၊ စောင်အောက်၊ ခေါင်းအုံးအောက် ရှာကြသည်။ စာအုပ်စင်ပေါ်၊ ဗီရိုပေါ် အကုန်ရှာသည်။ မတွေ့. . .။

အချိန်အတော်ကြာသွားမှ. . .

"တွေ့ပြီ"

ဇိုး ခုတင်အောက်ထဲမှ လက်စွပ်တစ်ကွင်းနှင့် ကုန်းရုန်းထွက်လာသည်။

အားလုံး အခုမှ ပင့်သက်ချမယ်ကြံသေး. . ဇိုးက. . .။

"နောက်တစ်ကွင်း ကျန်သေးတယ်"



www.burmeseclassic.com

ww.burmeseclassic.com



"ဟင်. . ."

သူတို့ ထပ်ရှာကြပြန်သည်။ ရှာပြီးသား နေရာတွေကော မဆိုင်သည့်နေရာတွေအထိပါ လိုက်ရှာကြသည်။

သူတို့ နာရီအတော်ကြာအောင် အသည်းအသန်ရှာကြပေမယ့် နောက်တစ်ကွင်းကတော့ သူတို့ဘယ်လိုရှာရှာမတွေ့တော့။

ထိုစဉ်မှာပဲ သူတစ်စုံတစ်ရာကို သတိရလိုက်သည်။

"ဟော့ကောင်တွေ. . ."

တစ်ခန်းလုံး မွှေနှောက်ရှာဖွေနေကြသည့် သူငယ်ချင်းများ သူ့အော်သံကြောင့် ရပ်သွားသည်။

"မင်းတို့ ငါ့တိုက်ခန်းကိုလာတော့ ရတီပါသေးလား"

"ဟင်. . ."

သူ့ကောင်တွေ ငြိမ်သွားသည်။ ပြီးမှ. . .

"အေး. . ပါတယ်ကွ. ."

"ဒီအခန်းထဲကိုရော ဝင်သေးလား"

"အေး. . ဝင်တယ်လေ"

"ပြီးမှ ကုမ္ပဏီက အရေးပေါ်ခေါ်လို့ဆိုပြီး လောလော လောလော ထွက်သွားတာ"

"ဒါဆို. ."

ဇိုး သဘောပေါက်လိုက်သည်။ လက်စွပ်ကို ရှာဖို့အတွက် သူတို့ လူတစ်ယောက်ကိုပါ ထပ်ရှာရတော့မည် မဟုတ်ပါလား။



www.burmeseclassic.com

ww.burmeseclassic.com



# XXXXIV

ဇိုး ရတီ့ဆီ ဖုန်းဆက်သည်။ ဝင်ရဲ့သားနှင့် မကိုင်ဘဲ ဖုန်းချလိုက်သည်။ ထပ်ခေါ်တော့ ဆက်သွယ်မှုဧရိယာပြင်ပ လုပ်ပစ်သည်။ နောက်ထပ်ခေါ်တော့ ဆက်ပိတ်လိုက်သည်။

“ဟော့ကောင်တွေ ကုမ္ပဏီလိုက်မယ်ကွာ”

ဇိုး၊ တေဇာ၊ အောင်ကျော်နှင့် ဖိုးသဲတို့ ရတီ့ကုမ္ပဏီသို့ အမြန်လိုက်ကြသည်။ ကုမ္ပဏီသို့ရောက်တော့ ရတီ့ကိုမတွေ့။ ဇိုးကို အဆိုတော်မှန်း သိသလို. . ရတီ့သူငယ်ချင်းမှန်းလည်း သိသဖြင့် ဝန်ထမ်းမလေးတွေ ဝိုင်းလာသည်။

“ရတီကော”



www.burmeseclassic.com

www.burmeseclassic.com



ဇိုး ပြတ်ပြတ်မေးလိုက်တော့ ဝန်ထမ်းမလေးတစ်ယောက်က. . .

"မမရတီ နေမကောင်းလို့ဆိုပြီး ဖုန်းဆက်ထားတယ်ရှင့်"

"တောက်. . ."

ဝန်ထမ်းမလေးပင် လန့်သွားသည်။ ကုမ္ပဏီ၏ အမှိုက်ပုံးတွေထဲ သူတို့လိုက်ရှာကြသေးသည်။

ပြီးမှ ထွက်ခဲ့သည်။ ရတီထိုင်တတ်သည့် ကော်ဖီဆိုင်သို့ သွားသည်၊ မတွေ့။ ရတီထိုင်တတ်သည့် အအေးဆိုင်တွေ လိုက်ရှာကြသည်၊ ညမိုးချုပ်လာပြီ၊ မတွေ့။

"ကြာတယ် ရတီ့အိမ် လိုက်မယ်ကွာ"

ရတီ့အိမ်ရောက်တော့ အလုပ်မှာ အချိန်ပိုဆင်းရမည်။ ညဥ့်နက်မည်ဟု ဖုန်းဆက်ထားကြောင်း အိမ်ဖော်မလေးက ပြောသည်။

ရတီ့အိမ်ရှေ့မှာ ဇိုး ထိုင်ကျသွားသည်။

"အဲဒီလောက် စိတ်ခါတ်မကျပါနဲ့ ဇိုးရာ"

"ဟုတ်ပါတယ်ကွာ ငါတို့ ရတီ့ကို ဒီကပဲ စောင့်ကြတာပေါ့၊ သူ့ကို ငါတို့လိုက်ရှာမယ်မှန်း သူလည်းသိနေတော့. . ငါတို့ အတင်းလိုက်ရှာလည်း အလကားပဲလေ"

သူငယ်ချင်းတွေက ပြောကြပေမယ့် ဇိုး အသံမထွက်နိုင်။

လက်မှ နာရီကိုကြည့်တော့ ဆယ်နာရီဝန်းကျင်ရှိပြီ။

"ရှယ့်အတွက် (၂)နာရီပဲ အချိန်ရတော့တယ်"

"ဟင် ဘာလို့လဲ"

"ငါတို့ နှစ်ပတ်လည် ပြီးပြီလေ၊ ပြီးတော့ သူ့အသက်လည်း အခု ရက်လည်ညပဲ၊ (၁၂)နာရီလွန်ရင် ဘာဖြစ်မလဲ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ မသိနိုင်တော့ဘူး"

"...........”

အားလုံး စကားမရှိတော့ဘဲ ငြိမ်ကျသွားတော့သည်။

ထိုအချိန် ကားတစ်စီး ရတီ့အိမ်ရှေ့လမ်းထဲ ဝင်လာသည်။ သို့သော် ချက်ချင်း back ဆုတ်ပြီး ပြန်လှည့်ဖို့ ပြင်သည်။

"ဟာ. . . အဲ့ဒါ ရတီ့ကား"

"ဟင်. . . ”

ချက်ချင်းပဲ သူတို့ ပြေးလိုက်ကြသည်။ ရတီကလည်း ကားကို ကျင်လည်စွာကွေ့ပြီး လီဗာနင်းကာ မောင်းပစ်တော့သည်။

သူတို့ ခြေထောက်နှင့် ရုတ်တရက် ပြေးလိုက်မိတော့ မမီသည့်အပြင် ပိုသာဝေးလို့ သွားပါသည်။

ကားနှင့်မောင်းလာသော ဖိုးသဲက. . .

"လာ. . ကားပေါ် အမြန်တက်"

ကားနှင့် ဒုန်းဆိုင်းကြတော့သည်။ ရန်ကုန်မြို့လယ်မှာ ကားပြိုင်ပွဲ ဖြစ်နေတာတော့မဟုတ်။ ဒါပေမဲ့ ကားတစ်စီးနောက်ကို တခြားကားတစ်စီးက လိုက်နေမှန်းတော့ သိသာပါသည်။ ဟွန်းသံတွေ ညံကုန်သည်။

ရတီ မှန်ကနေ နောက်ကလိုက်လာတဲ့ ဇိုးတို့ကားကို ကြည့်လိုက်သည်။ ပြီးတော့ ပြုံးလိုက်သည်။

သူမကတော့ သူမလုပ်ရပ်အတွက် ကျေနပ်နေလေသည်။ သူမ အရှိန်မြှင့်မောင်းရင် မှန်ထဲကြည့်လိုက်ပြန်သည်။ ဇိုးတို့ကားကို မတွေ့တော့. . .။

"အဟင်း. . . ”



www.burmeseclassic.com

www.burmeseclassic.com



ရတီ ရယ်သည်။ ဇိုးတို့ မျက်ခြည်ပြတ်ကျန်ခဲ့ပြီ။

ဒါပေမဲ့. . .

"ဟာ. ."

"ကျွိ. ."

သူမ အမြန်ဘရိတ်အုပ်လိုက်ရသည်။ လမ်းတစ်ဖက်မှ အတင်းဝင်ပိတ်ရပ်လိုက်သော ကားတစ်စီးကြောင့်ဖြစ်သည်။

ထိုကားပေါ်မှ ဇိုးတို့ ဆင်းလာကြသည်။ ရတီ့ကားကို ဘေးနှစ်ဘက်မှ ဝိုင်းပြီး လျှောက်လာကြသည်။ ဇိုးပုံက စားတော့ဝါးတော့မည့်ပုံ ပေါ်နေသဖြင့် ရတီလန့်လန့်နှင့် ကားပေါ်မှ ဆင်းလိုက်သည်။

သူမထင်တဲ့အတိုင်းပင် ဇိုးက ရတီပခုံးကို ကိုင်လှုပ်ပြီး. . .

"လက်စွပ် ဘယ်မှာလဲ"

"ဘာတွေလာပြောနေတာလဲ"

"လက်စွပ်ဘယ်မှာလဲ"

"ဟင့်အင်း မသိဘူး"

"ငါ့ကို လူသတ်မှုဖြစ်အောင် နင်လုပ်နေတာလား"

"နင်က အဲ့ဒီလက်စွပ်အတွက်နဲ့ ငါ့ကိုတောင် သတ်မယ်ပေါ့လေ"

"ရတီ"

ဇိုး လက်ဝါးကို မြှောက်လိုက်သည်။ ရတီ မျက်လုံးမှိတ်ပြီး ပါးကိုမော့ပေးလိုက်သည်။

ရိုက်လိုက်စမ်းပါဆိုတဲ့ သဘော. .။ ဒါပေမယ့်. . .

"ငါ နင့်ကို နာကျင်အောင် မလုပ်ရက်ပါဘူး ရတီ၊ နင်က ငါ့သူငယ်ချင်းပဲ၊ ဒါပေမဲ့. . ငါ့ကိုလည်း နာကျင်အောင် မလုပ်ပါနဲ့



www.burmeseclassic.com

ww.burmeseclassic.com



ဟာ၊ ငါ အခုချိန် လက်စွပ်မရရင် တစ်ဘဝလုံး နာကျင်ရလိမ့်မယ်"

ရတီ မျက်လုံးဖွင့်ကြည့်လိုက်တော့. . ဖိုးက သူမရှေ့ ဒူးထောက်နေလေသည်။

"ဟာ"

ရတီ မြန်မြန်ဆွဲထူသည်။

ပါးစပ်မှလည်း ပျာပျာသလဲဖြင့်. . .

"ငါ. . ငါ. . လက်စွပ်ကို လွှင့်ပစ်လိုက်ပြီ ဖိုးရဲ့"

"ဟင်. . ဘယ်ကို လွှင့်ပစ်လိုက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com


# XXXXV

အောင်ကျော်က နာရီကြည့်ကာ. . .

"ဖိုး တစ်နာရီကျော်ပဲ လိုတော့တယ်"

ရတီခေါ်ဆောင်ရာနောက်ကို လိုက်ကြသည်။ ရတီက ခုံ တံတားတစ်ခုထိပ်မှာ ကားကို ရပ်လိုက်သည်။ အားလုံး ကားပေါ်က လိုက်ဆင်းကြသည်။

"ငါ လက်စွပ်ကို ဒီနေရာကနေ လွှင့်ပစ်လိုက်တာ"

"................"

အားလုံး ခဏတော့ ငြိမ်သွားသည်။ ပြီးမှ. . .

"ကဲ. . အခုမှတော့ ရှာကြရုံပေါ့"


www.burmeseclassic.com

ww.burmeseclassic.com



သူတို့ ခုံးတံတားအောက်ဆင်းကာ ရှာကြသည်။ ဖုန်းမှ ဓါတ်မီးတွေနှင့် ရှာကြသည်။ တေဇာက လက်နှိပ်ဓာတ်မီး သွားဝယ်သည်။ ရတီက ဇိုးကားထဲမှာ ထိုင်ခဲ့ပြီး ဇိုးနှင့်ရည်ရွယ်၏ ဒိုင်ယာရီစာအုပ်ကို ဖတ်နေသည်။

ခုံးတံတားအောက်မှ မညီညာသောမြေသားများ၊ ကျောက်တုံးကျောက်ခဲများ၊ မြက်ပင်ရှည်များကြား သူတို့ရှာကြသည်။

ပက်ကြားအက်တွေထဲ မီးထိုးရှာကြသည်။ ရထားလမ်းတွေကြား လိုက်ရှာသည်။

"ဇိုး. . မင်း နှစ်ပတ်လည်ညအတွက် ရည်ရွယ်ကို ဘာလုပ်ပေးဖို့ ကျန်သေးလဲ"

"သူ့ကို ကိတ်မုန့်မှာ မီးထွန်းပြီး ဂစ်တာနဲ့ ကဗျာရွတ်ပြဖို့ လိုသေးတယ်၊ အဲ့ဒီလို လုပ်ပေးမယ်လို့ သူ့ကိုငါပြောထားတယ်. .၊ ဒါပေမဲ့ အခု လက်စွပ်က. . "

"အချိန် နာရီဝက် ကျန်ပါသေးတယ်ကွာ၊ ငါတို့လည်း ဝိုင်းရှာနေတယ်၊ မင်း စိတ်ဓါတ်မကျနဲ့"

"ဟော့ကောင်တွေ. . ငါ ဓါတ်မီးတွေ ဝယ်လာပြီ"

တေဇာ ခုံးတံတားပေါ်မှ ဆင်းလာသည်။ အားလုံး ဓါတ်မီးများနှင့် လိုက်ရှာကြသည်။ သူတို့အားလုံး ဇောချွေးတွေ ဆို့နင့်နေပြီ။ အချိန်ကလည်း အခုချိန်မှ ကုန်မြန်လွန်းလှသည်။ နာရီကိုမကြည့်ရဲတော့။ သူတို့ နှစ်ဦးရဲ့ နောက်ဆုံးနှစ်ပတ်လည်ညလေးက သေကွဲကွဲရတော့မှာလား။

"ဘော်. . . "

ရထားအော်မြည်သံ ရှည်လျားစွာထွက်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရထား၏မီးရောင်ကလည်း လင်းလွန်းအားကြီးလှသည်။

သူတို့ ရထားလမ်းပေါ် ရှာနေရာက ရထားလမ်းဘေးသို့ ခဏာလမ်းဖယ်ပေးလိုက်သည်။

ထိုအချိန် ရထားလမ်း ဇလီဖားတုံးလေးအောက်က အလင်းရောင်တစ်ခုကို ဇိုး မြင်လိုက်ရသည်။

"ဟာ. . လက်စွပ်. . "

ဇိုး. . အမြန်ပြေးထွက်သွားသည်။ ရထားကလည်း ခုတ်မောင်းလာပြီ။

"ဟာ. . ဟော့ကောင်. . "

"ဇိုး. . "

အားလုံးဝိုင်းအော်ကြပေမယ့် ဇိုး ရထားလမ်းပေါ် ဒိုင်ဗင်ပစ်ဝင်ချလိုက်ပါသည်။

"ဘော်. . "

ရထားကလည်း ဇိုးနှင့် အနီးဆုံးသို့ ဦးတည်မောင်းဝင်လာသည်။ ဇလီဖားတုံးအောက်ကို လက်နှိုက်ပြီး ဇိုး ရထားလမ်းတစ်ဘက်သို့ အမြန်ခုန်ရှောင်လိုက်သည်။ ရထား၏ လေတိုးဝင်မှုက ဇိုး၏ရင်ဘတ်သို့ ဟပ်ခနဲဝင်တိုက်သွား၏။

ကပျာကရာ လက်ခုပ်ကို ဖွင့်ကြည့်လိုက်တော့ သူ့ကမ္ဘာတစ်ခုလုံး အေးချမ်းသွားသည်။ ဒါပေမယ့် လက်စွပ်ရပြီဖြစ်သည်ကြောင့် ရွှယ့်ကိုများ တွေ့ရမလား သူဂယောင်ချောက်ချား လိုက်ရှာသည်။

ရထားက သူ့ရှေ့မှာ တဝေါဝေါ ဖြတ်သွားနေဆဲ။

ရထားတွဲဆုံးတော့. . .



www.burmeseclassic.com

ww.burmeseclassic.com



"ရွှယ်. ."

"ဖိုး. ."

သူတို့နှစ်ဦး ဝမ်းသာအားရ ပြေးဖက်လိုက်ကြသည်။ ဖိုး မျက်ရည်တွေ စီးကျလာသည်။ ဖိုး ရည်ရွှယ်ကို မြင်ပြီမှန်း တေဇာတို့ သိလိုက်ကြသဖြင့် အနားရောက်လာသည်။ ဒါပေမယ့် သူတို့ကတော့ ရည်ရွှယ့်ကို မမြင်ကြ။ ထူးခြားသော အမွှေးနံ့ပြင်းပြင်းတစ်ခုကို တော့ ရသည်။ အဲဒီအနံ့ကို ရည်ရွှယ့်ဆီကရမှန်း သူတို့ သိကြသည်။ ဖိုးနှင့် ရည်ရွှယ် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ. . .

"ကိုယ် ရွှယ့်ကို နောက်ဆုံးအချိန်ထိ မတွေ့ရတော့ဘူး မှတ် နေတာ"

"ရွှယ်ရောပဲ"

"ရွှယ်ကို ကိုယ်မမြင်ရမှာ သိပ်ကြောက်နေတာ"

တေဇာနှင့် အောင်ကျော်တို့ နာရီကိုကြည့်ကာ မျက်နှာပျက် သွားကြသည်။

"အဲဒါမှ ပြဿနာပဲ၊ ငါတို့မှာ ကိတ်မုန့်မပါဘူး"

"ဆယ့်နှစ်နာရီ ထိုးတော့မယ်၊ ဒီအချိန် ဘယ်ကိတ်မုန့်ဆိုင် မှလည်း ဖွင့်မှာမဟုတ်တော့ဘူး"

"ဘယ်လိုလုပ်ကြမလဲ"

"ဖိုး"

နာမည်ခေါ်သံနှင့်အတူ ကိတ်မုန့်ကိုင်ထားသော ရတီ့ကို သူတို့ တွေ့လိုက်ရသည်။ ရတီက ခုံးတံတားပေါ်က ဆင်းကာ သူတို့ ဆီ လျှောက်လာသည်။ ရတီ့ကိုကြည့်ပြီး အကုန်လုံး အံ့ဩသွားကြ သည်။ ရတီက တစ်လှမ်းချင်း လျှောက်လာသည်။ ကိတ်မုန့်ကိုဖိုး



www.burmeseclassic.com

ww.burmeseclassic.com



လက်တွင်းသို့ ထည့်ပေးလိုက်ကာ. . .

"ငါ ခုနက နင့်ဒိုင်ယာရီ ယူဖတ်ခဲ့တယ်၊ အဲ့ဒါကြောင့် နင်တို့ နှစ်ပတ်လည်မှာ ကိတ်မုန့်တစ်ခု လက်ဆောင်ပေးပါရစေ"

ကိတ်မုန့်အပေါ်တွင် 2nd Anniversary ဟုလည်း ရေးထားသေးသည်။ ရတီအမွှေးနံ့တစ်ခုကို ပြင်းပြင်းထန်ထန် ရလိုက်သည်။ ဒါ သူမ ဖိုးအခန်းထဲဝင်တုန်းက ရခဲ့သည့်အနံ့ပဲ။ ရည်ရွယ်အနံ့ပဲဆိုတာ ရတီ သိသွားပြီး အမွှေးနံ့လာရာသို့ ပြုံးပြလိုက်သည်။ ရည်ရွယ်ကလည်း ပြန်ပြုံးသည်။ ဖိုးကလည်း ပြုံးပြီး. . .

"ကျေးဇူးပါ ရတီ"

"ဖိုး အချိန်သိပ်မလိုတော့ဘူး"

အောင်ကျော်က သတိပေးသည်။

"ဒါဆို ဂစ်တာ. . ဂစ်တာကရော"

"ဂစ်တာ ငါယူလာတယ်"

ဖိုးသဲ လမ်းပေါ်ပြေးတက်သွားသည်။ ကားတွင်းမှ ဂစ်တာကိုယူကာ ပြန်ဆင်းလာသည်။

"ဒီမှာ ဂစ်တာရပြီ"

သူငယ်ချင်းများအား ဖိုး ကျေးဇူးတင်စွာ ကြည့်သည်။ သူ့ပဲဗီလိန်. . . သူ့ပဲ လူကောင်းပြန်ဖြစ်ခဲ့သော ရတီ့ကိုလည်း သူ အပြစ်မမြင်တော့ပါ။

တေဇာ နာရီကို ငုံ့ကြည့်ကာ. . .

"ဖိုး ဆယ်နှစ်နာရီထိုးဖို့ ဆယ်မိနစ်ပဲ လိုတော့တယ်. . ."



www.burmeseclassic.com

ww.burmeseclassic.com



# XXXXVI

အေးစက်နေသော ရထားလမ်းပေါ်မှာ သူတို့နှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်နေကြသည်။ အလယ်မှာ ကိတ်မုန့်လေးကို ထားပြီး ကိတ်မုန့်ပေါ်မှာ ဖယောင်းတိုင်များ လှပစွာ ထွန်းညှိထားသည်။ ရည်ရွှယ်က သူ့ကိုကြည့်ပြီး မျက်ရည်တွေ ကျနေသည်။

မငိုပါနဲ့ဟု မတားနိုင်။ သူတို့အတွက် ကံကြမ္မာက မိနစ်ပိုင်းသာ ကျန်တော့သည်လေ။

"ကိုယ် ကဗျာရွတ်ပြမယ်နော်"

"အင်း. . ."

ရည်ရွှယ် ခေါင်းညိတ်ပြသည်။



www.burmeseclassic.com

ww.burmeseclassic.com



တစ်ဆက်တည်းပင် Classical ဂစ်တာသံလေးကလည်း ပီသစွာ ထွက်ပေါ်လာသည်။ သူငယ်ချင်းတွေ အဝေးမှာ ရှောင်နေပေးပြီး သူတို့လည်း မျက်ရည်မဆည်နိုင်ကြတော့။ ကဗျာရွတ်တဲ့ ဖိုး နှုတ်ခမ်းတွေ တုန်နေပြီး မျက်ရည်တွေက တီးခတ်နေတဲ့ ဂစ်တာလေးအပေါ်. . .

ဒီနေ့ဟာ နှစ်ပတ်လည်နေ့လေးပဲ...
မိုင်တွေဘယ်လောက်ဝေးဝေး ကိုယ်တို့
အပြေးလာချင်ခဲ့တဲ့ နှစ်ပတ်လည်နေ့လေးပဲ
ကိုယ်တို့ နှစ်ပတ်လည်နေ့အတွက်
ကိုယ်တို့ကိုပဲ ကိုယ်တို့ ဖိတ်ကြားထားပေမယ့်
အလွမ်းတွေကပါ တံခါးခေါက်လာမလား...။

ဒီညဟာ နှစ်ပတ်လည်ညလေးပဲ...
ကောင်းကင်မှာ ကြယ်တွေက
ကိုယ်တို့အသံကို နားစွင့်နေကြပြီး
ကိုယ်တို့တစ်ယောက်တစ်လှည့် ပြောပြမယ့်
ချစ်ပုံပြင်လေးကို
ခိုးနားထောင်ဖို့ ကြိုးစားနေကြတယ်။

ဒီအချိန်ဟာ နှစ်ပတ်လည်အချိန်လေးပဲ...
ကိုယ့်လက်ကို အခိုင်မြဲဆုံး ဆုပ်ကိုင်ထားပါ
မလွှတ်နဲ့..မလွှတ်လိုက်နဲ့ အချစ်ရယ်...



www.burmeseclassic.com

ww.burmeseclassic.com



မင်းလက်ထဲမှာ ကိုယ့်အသက်က တည်တာပါ
ကိုယ့်နှလုံးသားမှာလည်း
ဖယောင်းတိုင်ထွန်းထားပါတယ်။

ရည်ရွယ် ကဗျာနားထောင်ရင်း ရှိုက်ငိုလာတော့သည်။ ဖိုးပိုဝမ်းနည်းလာသည်။ ကဗျာ၏ အဆုံးပိုဒ်ကို ဆက်ရွတ်သည်။

ဂစ်တာသံလည်း ငိုကြွေးနေပြီ။

ကိုယ်တို့ဒိုင်ယာရီလေးကို အတူတူဖတ်မယ်
ကိုယ်တို့အိပ်မက်ကို အတူတူမက်မယ်
ရာသီဥတုတွေ ဘယ်လိုပြောင်းပြောင်း
မိုးအတူ ဆောင်းအတူ နွေအတူတူ
ထီးအတူတူ ဆောင်းကြမယ်ကွာ
ပြီးတော့ ကံကြမ္မာတွေကို အတူတူခံစားကြမယ်။

အချစ် ကိုယ့်အနားတိုးပါ
ကိုယ်တို့မဝေးလွင့်သွားဖို့ နီးနေမှဖြစ်မယ်
ကိုယ်တို့နှစ်ပတ်လည်ဟာ ကိုယ်တို့နတ်ဘုံနတ်နန်းပဲ။

ကိုယ့်နတ်သမီးလေးရေ...
မျက်တောင်မခတ်ပါနဲ့
မျက်တောင်မခတ်လိုက်ပါနဲ့
ဘယ်တော့မှ နတ်သက်မကြွေချင်ဘူး...



www.burmeseclassic.com

ww.burmeseclassic.com



ဘယ်တော့မှ ကိုယ့်အချစ်တွေ နတ်သက်မကြွေချင်ဘူး...
ဘယ်တော့မှ နတ်သက်မကြွေရဘူးကွယ်.....။

ကဗျာလေးဆုံးတော့ ရည်ရွယ် ဖိုးကို လက်လေးကမ်းသည်။

ဖိုး လက်ကိုလှမ်းဆုပ်ကိုင်လိုက်သည်။ လက်က သူ မဆုပ်ကိုင်မီ အငွေ့တွေအဖြစ် ပျံ့လွင့်ကုန်သည်။ သူမော့ကြည့်လိုက်တော့ ရည်ရွယ်က သူ့ကို ပြုံးပြီးကြည့်သွားသည်။

ပြီးတော့ ထိုအပြုံး မျက်နှာကပါ တရိပ်ရိပ်နှင့် အငွေ့မီးခိုးများဖြစ်ကာ လွင့်ပါးသွားသည်။

သူ မျက်ရည်ကျရင်းသာ အငွေ့များကို တစ်ဆုံးလိုက်ငေးနေလိုက်သည်။

ထိုစဉ်မှာပဲ. . .

“ဘော်. . .”

“ဟာ. . .”

“ဖိုး. . .”

“ဟော့ရောင် ရထားလာနေပြီ”

ဒါပေမယ့် ဖိုးက ရထားလမ်းပေါ်က မဆင်းတော့ပါ။ သူ့ကောင်တွေ ပြေးလာကြပေမယ့် သူ မတုန်မလှုပ် ရထားလမ်းမှာ ထိုင်နေဆဲ။

ရထားက အရှိန်ဖြင့် ခုတ်မောင်းကာ သူ့ဆီ နီးလာပြီ။

သူ လက်ထဲက ဂစ်တာလေးကိုသာ ရထားမတိုက်မိအောင် လမ်းဘေးမြက်ပင်များဆီ လှမ်းပစ်လိုက်သည်။

သူကိုယ်တိုင်ကတော့. . .



www.burmeseclassic.com

ww.burmeseclassic.com



"ကိုယ် မင်းနောက်လိုက်ခဲ့ပါ့မယ် ရွှယ်"

"ဘော်. . ."

ရထားက အသံစူးအက်အက်မြည်ကာ. . သူ့ကို. . ။

သူငယ်ချင်းတွေ အော်ဟစ်ပြေးဆင်းလာပေမယ့် နောက်ကျသွားခဲ့ပြီ. . . ။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



ဖိုး မျက်လုံးများကို မှိတ်ထားလိုက်ပါသည်။
သူ့ဝိညာဉ်ကို ရည်ရွယ်ဝိညာဉ်ရှိရာဆီသို့
ထိုရထားက ခေါ်ဆောင်သွားလိမ့်မည်ဟု. . .
သူ. . .
ယုံကြည်မိနေပါတော့သည်။ ။

သိုးဆောင်း

မြန်မာစံတော်ချိန်
နံနက် နှစ်နာရီ ခုနှစ်မိနစ် ရှိပါပြီခင်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com